# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ကျန်းမာရေးဝန်ထမ်းများနှင့် အလှူရှင်များအတွက် စိတ်ဓာတ်ခွန်အားမြှင့်တင်သည့် သတင်းစကားပါး




**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

မနေ့က message ကို ကျွန်မ နှစ်သက်တဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ "ခွန်အားဖြည့်မိငယ်" ထဲက စာကြောင်းတစ်ကြောင်းနဲ့ အဆုံးသတ်လိုက်ပါတယ်။ သီချင်းကို မသိတဲ့သူတွေအတွက် ပထမအပိုဒ်ကို ဒီနေ့ ရေးပေးလိုက်ပါတယ်။

နေဝင်ညတွေ ကူးဖြတ်ပြီးမှ ရောင်နီသာတဲ့ နေ့သစ်ကို ရောက်မယ်၊ ယုံကြည်ချက်နဲ့ ကြိုးစားတတ်မှ တစ်ချိန်မှာ အောင်မြင်လွတ်မြောက်မယ် မဟုတ်လား၊ သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီ ထမ်းရွက်၊ ရှေ့ဆက်လှမ်း။

အရှုံးမပေးနဲ့ မိငယ်ရေ၊ ရဲရင့်မှ ကျော်ဖြတ်သွား၊ အများအကျိုးအတွက် တာဝန်ထမ်းရွက်တဲ့အခါ၊ တကယ် ကိုယ်ကျိုးစွန့်နိုင်မှ . . . .

ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုလျက်၊ နေမဝင် အလှူရှင်များကို ကျေးဇူးတင်လျက်၊

"ပန်းရဲ့လမ်း" ဂီတအဖွဲ့ကို သတိရစွာ မေတ္တာပို့သလျက် . . . .

**COVID 19 ကပ်ရောဂါ တိုက်ဖျက်ဖို့ တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ကြပါစို့**

ဆောင်းပါး | စာ ➢ ၆

**တရုတ်နိုင်ငံက အရည်အသွေး မပြည့်မီသည့် နှာခေါင်းစည်းအစု ၈၉ သန်းကို သိမ်းဆည်း**

နိုင်ငံတကာသတင်း | စာ ➢ ၁၂

**ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၈၅ ဦး ထပ်မံတွေ့ရှိ**

နိုင်ငံတကာသတင်း | စာ ➢ ၁၃

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဧပြီ ၂၆

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ကတိုင်တိတွင် ၁ ဒသမ ၈၁ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ သိမ်ဇရပ်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကမမောင်းမြို့တွင် ၀ ဒသမ ၈၀ လက်မ၊ လားရှိုးမြို့၊ ကျောက်မဲမြို့နှင့် ဖာပွန်မြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီနှင့် မိုင်းယန်းမြို့နှင့် မြင်းခြံမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ




# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

# မြန်မာ့အလင်း

## ကပ်ရောဂါကိုအကြောင်းပြု ခွဲခြားဆက်ဆံမှုတို့ မရှိစေချင်

ကမ္ဘာ့တစ်ခွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ သုံးသန်းခန့်ထိ ရှိလာချိန်တွင် ယင်းရောဂါကြောင့် သေဆုံးရသူဦးရေမှာလည်း နှစ်သိန်းကျော်လာခဲ့ပြီဖြစ်သည်။ ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးသည် ယခင်က လူသားတို့တွေ့ကြုံခဲ့ကြရဖူးသည့် သမိုင်းဝင်ကပ်ရောဂါများမှ ဗိုင်းရပ်စ်ပိုးများနှင့်မတူဘဲ ထူးထူးခြားခြား မာယာများလှသည်ဟု သုတေသီများက ဆိုကြသည်။ ထို့အပြင် ကိုဗစ်–၁၉ ရောဂါကို ပြင်းပြင်းထန်ထန်ခံစားကြရသည့် နိုင်ငံများတွင် အနောက်နိုင်ငံကြီးများက ကိန်းဂဏန်းများအရ ထိပ်ဆုံးသို့ရောက်နေကြရသည်မှာလည်း ထူးခြားသည်။ ရောဂါကူးစက်ပျံ့နှံ့မှုများပြားခြင်းနှင့်အတူ သေဆုံးမှုကိန်းဂဏန်းများလည်း မြင့်တက်လာသည့်အခါ အဆိုပါနိုင်ငံကြီးများတွင်ရှိနေသည့် လူမှုအသိုင်းအဝိုင်းများအတွင်း ကူးစက်မြန်ကပ်ရောဂါကို အကြောင်းပြု၍ လူအချင်းချင်း ခွဲခြားဆက်ဆံခြင်းများ ဖြစ်ပေါ်လာသည်။

ကိုဗစ်–၁၉ ရောဂါ စတင်ပျံ့နှံ့ခဲ့သည့် တရုတ်နိုင်ငံနှင့် တရုတ်လူမျိုးတို့အပေါ် ဒေါသများဖြစ်ပေါ်လာခြင်းမှစတင်ကာ နောက်ပိုင်းတွင် အသားဝါအာရှသားများ၊ မွန်ဂိုလွိုက်သွင်ပြင်ရှိသော အာရှသားများကိုပါ ခွဲခြားဆက်ဆံခြင်းနှင့် ရန်လိုတိုက်ခိုက်မှုများ ပြုလုပ်လာကြကြောင်း သတင်းအချို့တွင် တွေ့ရသည်။ ယင်းနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် ၎င်းနိုင်ငံသားများအဖြစ် ခံယူထားသူ မြန်မာနွယ်ဖွားများလည်း ခွဲခြားမှုနှင့် ရန်လိုမှုတို့ ခံစားကြရကြောင်း လူမှုကွန်ရက်များမှ တစ်ဆင့် တွေ့မြင်ကြရသည်။ အာရှနိုင်ငံတစ်ခုမှ စတင်ဖြစ်ပေါ်လာသည့် ကူးစက်မြန်ဗိုင်းရပ်စ်နှင့် ကပ်ရောဂါကြောင့် အာရှနိုင်ငံများမှ လူများကို ရွံရှာမုန်းတီးကြခြင်း၊ ခွဲခြားဆက်ဆံကြခြင်း ဖြစ်ပြီး သတင်းမီဒီယာများ၌ပင် လူမျိုးရေးခွဲခြားသည့်သဘော သက်ရောက်သည့် ခေါင်းစဉ်နှင့် အရေးအသား၊ အသုံးအနှုန်းများ ပါရှိခဲ့သည်။

မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စတင်တွေ့ရှိခဲ့သည့် မတ်လ ၂၃ ရက်နေ့မှစတင်ကာ ယခုတစ်လစွန်းစွန်းသို့ ရောက်ရှိလာချိန်တွင် ယခု ဤစာရေးနေချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ ၁၄၆ ဦး၊ ပြန်လည်ကျန်းမာလာသူ ၁၀ ဦးနှင့် သေဆုံးသူ ငါးဦးရှိနေသည်။ ရောဂါပိုးကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ မြို့ရွာဒေသတိုင်းမှာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နေကြသည်။ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဲ့သို့သော ဌာနဆိုင်ရာများနှင့် စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ စသည့် စုပေါင်းအင်အားများဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ကိုဗစ် – ၁၉ ရောဂါသည် မာယာများလှသည့်ရောဂါဟု ဆိုခဲ့ပြီးဖြစ်သည်။ ရောဂါပိုးကူးစက်ခံထားရသည့်တိုင် ကျန်းကျန်းမာမာနှင့် ရောဂါလက္ခဏာမပြ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် လူအများကြား သွားသွားလာလာနှင့်ပင် ၎င်းကိုယ်တိုင်မသိလိုက်ဘဲ နောက်ထပ်လူများစွာကို ရောဂါကူးစက်စေခဲ့ကြောင်း သာဓကများ ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ လူတစ်ဦးချင်း ခပ်ခွာခွာနေခြင်း၊ လိုအပ်ပါက နေရာအဝန်းအဝိုင်းတစ်ခုကိုဖြစ်စေ၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်တစ်ခုခုကိုဖြစ်စေ ကာလအကန့်အသတ်ဖြင့် အသွားအလာကန့်သတ်မှု၊ တားဆီးထိန်းချုပ်မှုတို့က ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရေးတွင် အဓိကအရေးပါသည့်အလျောက် တစ်ကမ္ဘာလုံးတွင် ကျင့်သုံးနေကြရသည်။ ထိထိရောက်ရောက် ကျင့်သုံးနိုင်သည့်နိုင်ငံက ရောဂါကိုလည်း ထိထိရောက်ရောက် တားဆီးနိုင်ခဲ့ကြသည်။

ဤနေရာတွင် သတိပြုရမည်မှာ အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများကိုသာမက ရောဂါအတည်ပြုနိုင်သည့် လူနာများကိုပါ ခွဲခြားဆက်ဆံမှုပြုကြသည့် အမူအကျင့်များကို မပြုလုပ်မိကြဖို့ပင်ဖြစ်သည်။ သိလျက်နှင့်ဖြစ်စေ၊ အမှတ်တမဲ့နှင့်ဖြစ်စေ ကန့်သတ်စောင့်ကြည့်ခံရသူများ၊ ဓာတ်ခွဲအတည်ပြုလူနာများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအချို့ကိုပါ ရောဂါပိုးသယ်ဆောင်ကူးစက်နိုင်သူများ၊ အပြစ်ရှိသူများကဲ့သို့ ခွဲခြားဆက်ဆံပြုမူမှုများ ရှိနေကြခြင်းက အသိပညာ၊ ယဉ်ကျေးမှုနှင့် လူ့ကျင့်ဝတ်တို့ သိမ်ဖျင်းခေါင်းပါးမှုကို ပြဆိုသကဲ့သို့ ဖြစ်သည့်အလျောက် ပညာပြည့်ဝ၊ နှလုံးလှသူတိုင်းက ဝိုင်းဝန်းဖယ်ရှားကြရပါမည့်အကြောင်း။ ။

## ရွှေကူမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရွှေကူ မေ ၂၆

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ဆေးရုံများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုနိုင်ရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပေးအပ်လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နယ်မြေခံတပ်မှ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**



ရွှေကူမြို့နယ်အတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ၌ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံအား N–95 နှာခေါင်းစည်း ၄၅ ခု၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၆ စုံ၊ လက်အိတ် ၆၀၀၊ မျက်မှန် ၅၀၊ လက်သန့်ဆေးရည် ဘူး ၅၀၊ လက်ဆေးဆပ်ပြာရည် ဘူး ၅၀ ကို လည်းကောင်း၊ မြို့လှတိုက်နယ်ဆေးရုံ၊ မြို့ကုန်းတိုက်နယ်ဆေးရုံ၊ ဘိုကုန်း တိုက်နယ်ဆေးရုံနှင့် စီသာတိုက်နယ်ဆေးရုံများအား တိုက်နယ်ဆေးရုံတစ်ခုလျှင် နှာခေါင်းစည်း ၅၇၇ ခု၊ N–95 နှာခေါင်းစည်း ၁၄ ခု၊ ရောဂါကာကွယ်ရေးဝတ်စုံ ရှစ်စုံ၊ လက်အိတ် ၁၉၂ ခု၊ မျက်မှန် ၁၆ ခု၊ လက်သန့်ဆေးရည် ၁၆ ဘူး၊ လက်ဆေးဆပ်ပြာရည် ၁၆ ဘူးတို့ကို ပေးအပ်လှူဒါန်းသည်။

ရွှေကူမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံ လေးခုသို့ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အဆိုပါ ဆေးရုံသုံးပစ္စည်းများကို ဆက်လက်ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မျိုးအောင်(ပြန်/ဆက်)

## မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်) အကြား လွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက် ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေး လုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများ ရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှု မရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## နေပြည်တော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ်၊ မေ ၁၈ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၂ (I-12) သို့ မေ ၁၆ ရက် (စနေနေ့)ထက် မစော၊ မေ ၁၇ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန် ပန်ကြားထားသည်။

သတင်းစဉ်

## နေပြည်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ်၊ မေ (၁၈)ရက်၊ တနင်္လာနေ့ နံနက် (၁၀)နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်-၁၉) သို့၊ မေ (၁၆)ရက်ထက်မစော (၁၇)ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလအတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်-၁၉ ကာလအတွင်း ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ယနေ့ မွန်းလွဲပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲ၌ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (ECCD)၊ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး(ECI) လုပ်ငန်းများနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆက်လက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများအိမ်တွင် စုစုစည်းစည်းရှိနေကြစဉ်ကာလအတွင်း ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် ပညာပေးခြင်း၊ မိဘများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပညာပေးခြင်း၊ မြန်မာ့ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ပေးသော ချစ်စရာ့အရွယ်ကစားကြမယ် အစီအစဉ်ကို ကိုဗစ်-၁၉ ကာလအတွင်း ကလေးပညာပေး၊ မိခင်ပညာပေး အစီအစဉ်အဖြစ် ဆန်းသစ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar, The Leprosy Mission Myanmar, Plan International Myanmar, Save the Children, World Vision International, ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် ပန်းပျိုးလက်ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများက လူမှုကွန်ရက်စာမျက်နှာများတွင် ရုပ်ပုံများ၊ ကလေးပုံပြင် စာအုပ်များနှင့် ရုပ်ပုံများကိုလှုပ်ရှားသက်ဝင်သည့် ဗီဒီယိုများဖြင့် ကလေးပညာပေး၊ မိခင်ပညာပေး၊ နေ့စဉ်ဆောင်ရွက်ရမည့် နည်းလမ်းများဖြန့်ဝေပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (ECI) စီမံချက်တွင် ပါဝင်သည့် မိသားစုများ၏ လိုအပ်ချက်များ စာရင်းပြုစုနိုင်ရေး၊ လိုအပ်ချက်အလိုက် ထောက်ပံ့မှုများပေးနိုင်ရေး၊ ECI နှင့် ပတ်သက်သည့် စေတနာ့ဝန်ထမ်းများ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးရန် မဖြစ်နိုင်သေးသည့် ကာလအတွင်း သီးခြားနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလအတွင်း ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးစဉ်။ သတင်းစဉ်

## မရမ်းကုန်းမြို့နယ် သမိုင်းမြို့သစ်နေ အခြေခံရပ်ကွက်ပြည်သူများသို့ ဆန်၊ ဆီ ပေါက်ဈေးထက်ဝက်လျှော့ချ၍ မော်တော်ယာဉ်ဖြင့်လှည့်လည်ရောင်း



**ရန်ကုန် မေ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အခြေစိုက် ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့က အထူးသက်သာသောနှုန်းထားဖြင့် ဆန်တစ်ပြည် ငွေကျပ် ၁၂၀၀ ပေါက်ဈေးမှ ထက်ဝက်လျှော့ချ၍ လူတစ်ဦးလျှင် ဆန်နှစ်ပြည် ငွေကျပ် ၁၂၀၀၊ မေဇင်ပဲဆီ သန့် ၅၀ ကျပ်သား ငွေကျပ် ၁၂၅၀ နှင့် ဖြည့်စွက်စားကုန် အချိုမှုန့်၊ ခေါက်ဆွဲခြောက် တစ်ကိုယ်တာ ငွေကျပ် ၃၀၀၀ ဖြင့် ယနေ့ မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် သမိုင်းမြို့သစ်ရှိ လမ်းပေါင်း ၇ လမ်းနေ အခြေခံရပ်ကွက်ပြည်သူ အိမ်ထောင်စု ၂၆၀ တို့အား ကိုဗစ်ရောဂါ ထိန်းချုပ်ကာလအတွင်း အထောက်အကူဖြစ်စေရန် မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

"ကျွန်တော်တို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလကစပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆန်တစ်ပြည် ငွေကျပ် ၁၂၀၀ တန်ကို အရှုံးခံ ထက်ဝက် လျှော့ချရောင်းပေးခဲ့တာ မတ်လ ၈ ရက်အထိ လပေါင်း ၁၈ လ၊ အကြိမ်ပေါင်း ၇၅ ကြိမ် ရှိခဲ့ပါပြီ။ ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေး မဖြစ်အောင် ရပ်ထားခဲ့တာပါ။ ဒီနေ့တော့ ဘုရင့်နောင်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသူရစိုးရဲ့ စီစဉ်ပေးမှုနဲ့ အိမ်ထောင်စု ၂၆၀ ကို ကြိုတင်တုံကင်တွေဝေထားပြီး မော်တော်ယာဉ်နဲ့ တစ်လမ်းဝင် တစ်လမ်းထွက် စနစ်တကျ သုံးပေခွာ စီတန်းပြီး စမ်းသပ် ရောင်းချပေးခဲ့တာပါ။ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ လူမှုအထောက်အကူပြု အဖွဲ့တွေကလည်း ဝိုင်းကူကြတော့ အဆင်ပြေတာပေါ့။ လာဝယ်သူတွေလည်း စည်းကမ်းလိုက်နာကြပါတယ်။ ကိုယ့်ရပ်ကွက်မှာ အုပ်ချုပ်တဲ့ ကိုယ့်လူကြီးက အသိဆုံးပါပဲ။ ဘယ်လိုရပ်ကွက်ပဲဖြစ်ဖြစ် ကိုဗစ်-၁၉ ထိန်းချုပ်ကာလမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် သက်သာတဲ့နှုန်းထားနဲ့ ပူးပေါင်းကူညီရောင်းချပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ လူတိုင်းက စည်းကမ်းလိုက်နာမယ်ဆိုရင် ဒီဘေးကပ်ဆိုးကြီးက လွတ်ကင်းနိုင်ကြမှာပါ" ဟု ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဓာတ်ပုံ-မျိုးကြီး

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများအား ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုပေးမည့် သံဖြူဇရပ်မြို့နယ်အတွင်း သတ်မှတ်နေရာများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**သံဖြူဇရပ် မေ ၂၆**

ထိုင်းနိုင်ငံမှ မေ ၃၀ ရက်နောက်ပိုင်းတွင် ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား လတ်တလော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုပေးရန် သံဖြူဇရပ်မြို့နယ်အတွင်း သတ်မှတ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်နေရာများအား မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းကျော်လွင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်က သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီအထကသို့ ရောက်ရှိပြီး နေရပ်ပြန်များအား ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှုပေးမည့် နေရာပြင်ဆင်ထားမှုများ၊ သောက်သုံးရေ လုံလောက်စွာရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဟိန်းနှင့် ကျိုက္ခမီမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဝင်များက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ကျုံကဒတ်ကျေးရွာ အထကသို့ ရောက်ရှိရာ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှု နေရာထိုင်ခင်း ပြင်ဆင်ထားရှိမှုနှင့် ရေရရှိရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျုံကဒတ်ကျေးရွာ အထကတွင် တာဝန်ယူဆောင်ရွက်ကြမည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များအား တွေ့ဆုံ



အားပေးစကားပြောကြားသည်။

သံဖြူဇရပ်မြို့နယ်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့် နေရပ်ပြန် ၇၅၀ အား အထက -၂ သံဖြူဇရပ်၊ အထက ကျိုက္ခမီမြို့၊ အထက ကျုံကဒတ်နှင့် သံဖြူဇရပ် တပ်နယ်စသည်တို့တွင် နေရာ လေးနေရာခွဲ၍ အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိခြင်း ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသီ(သံဖြူဇရပ်)**

# တရုတ်တွင် လုပ်ငန်းသွားရောက်လုပ်ကိုင်ပြီး နေရပ်အသီးသီးသို့ ပြန်လာသည့် အလုပ်သမား ၇၀၈ ဦးအား မန္တလေးမြို့(၁၆)မိုင် တိုးဂိတ်အထိ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေး

**ပြင်ဦးလွင် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာနှင့် နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာနယ်စပ်ရှိ ပြင်ဦးလွင်မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ တရုတ်နိုင်ငံတွင် ကြံခုတ်လုပ်ငန်း၊ ပဲစိုက်လုပ်ငန်းသွားရောက်လုပ်ကိုင်ပြီး နေရပ်အသီးသီးသို့ ပြန်လာသည့် အလုပ်သမား ၇၀၈ ဦးအား မော်တော်ယာဉ် ၅၈ စီးဖြင့် နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ် နယ်စပ်မှ ယနေ့ ညနေပိုင်းက မန္တလေးမြို့(၁၆) မိုင် တိုးဂိတ်အထိ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ နေရပ်ပြန်လာသည့် အလုပ်သမားများသည် မန္တလေးမြို့မှ အမျိုးသား ၂၂၈ ဦး၊ အမျိုးသမီး ၁၂၆ ဦး စုစုပေါင်း ၃၅၄ ဦး၊ မော်တော်ယာဉ် အစီး ၂၀၊ ပဲခူးမြို့မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၂၂ ဦး၊ မော်တော်ယာဉ် သုံးစီး၊ စစ်ကိုင်းမြို့မှ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၁၁၃ ဦး၊ မော်တော်ယာဉ် ၁၃ စီး၊ မကွေးမြို့မှ အမျိုးသား ၁၅၀၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၂၁၉ ဦး၊ မော်တော်ယာဉ် ၂၂ စီး တို့အား ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်ဇော်မြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇာနည်မောင်နှင့် အဖွဲ့က စီစစ်၍ မော်တော်ယာဉ်တန်းဖြင့် ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်းမှ မန္တလေးမြို့(၁၆)မိုင် တိုးဂိတ်အထိ မော်တော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ရပ်ကွက်နှင့် လမ်းများ ပိုးသတ်ဆေးဖျန်း

**ပုသိမ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက်နယ်မြေ၊ ဝေဠုဝန်ရပ်ကွက်နှင့် အလယ်ကုန်းရပ်ကွက်ရှိ လမ်းများကို ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းကို Pathein Covid –19 Information Centre အဖွဲ့က ကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပုသိမ်မြို့၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ထိန်ချုပ်ရေး အဖြစ် မြို့အဝင်၊အထွက် မော်တော်ယာဉ်များကို စစ်ဆေးခြင်း၊ ခရီးသည်များကို အပူချိန်တိုင်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအား ပြည်သူများသိရှိစေရန်နှင့် လိုက်နာနိုင်စေရန် လိုက်လံနှိုးဆော်ပေးခြင်း၊ သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ဈေးများ၊ လမ်းများကို ပိုးသတ်ဆေးဖျန်းပေးခြင်း၊ အခါအားလျော်စွာ တိုင်းဒေသကြီးအစိုးရ၏ ဒေသန္တရအမိန့်များကို အချိန်နှင့်တစ်ပြေးညီ ကြေညာပေးခြင်း၊ လူစုလူဝေးမဖြစ်စေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ လက်လုပ်လက်စားများနှင့် အနေးယာဉ်သမားများကို ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်ထုပ်များ ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုတွတ်၊ မောင်မောင်မြင့်(ပြန်/ဆက်)**

# မိုးနဲမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး နေ့စဉ် ကျန်းမာရေးစစ်ဆေးပေးလျက်ရှိ

**မိုးနဲ မေ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေး ယနေ့ နံနက်ပိုင်းက မိုးနဲမြို့ ဝင်/ထွက်သွားလာလျက်ရှိသော မိဘပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က မြို့အဝင်တွင် ဝင်ရောက်လာသည့် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား ရပ်တန့်စေပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# ရွှေဘိုမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရွှေဘို မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖြိုးမင်းထွန်း ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၄) စစ်သားစုဆောင်းရေးတပ်မှ တပ်မှူး ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ဝင်း ဦးဆောင်သော တပ်မတော်သားများနှင့် ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့ ရောင်ခြည်ဦးကျောင်းတိုက်သို့ သွားရောက်ပြီး သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ အားဆေးနှင့် နှာခေါင်းစည်းများ လှူဒါန်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေဘိုမြို့အမှတ် (၁၀)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရက်ခြံရပ်ကွက်အတွင်းရှိ ပြည်သူများ နေအိမ်သို့ တစ်အိမ်တက်ဆင်း သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖြိုးမင်းထွန်း ဦးဆောင်သော ခရိုင်၊ မြို့နယ်



မီးသတ်တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ ရွှေဘိုတက္ကသိုလ်နှင့် အောင်မြေဟိတရေဘုန်းကြီးကျောင်းရှိ အသွားအလာကန့်သတ်ထားရှိသူများ နေ့စဉ် အသုံးပြုနေသော ရေချိုးခန်းများနှင့် အိမ်သာများအပါအဝင် တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ အဆောင်ဘေးပတ်ဝန်းကျင်နေရာများ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်း

**ပုသိမ် မေ ၂၄**

ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ယနေ့ အချိန်အခါသည် ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာကြီးမှာ အရေးကြီးတဲ့အချိန်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်ရောဂါနှင့် ပတ်သက်၍ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိနေပါကြောင်း၊ စေတနာရှင်အလှူရှင်များက ပြည်သူလူထုအတွက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပဲ၊ နှမ်း၊ ကုန်သည်များအသင်းက မြို့နယ် ၂၀ တွင် အသုံးပြုရန် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင် စိန်ထန်းပင်ပွဲရုံမိသားစုမှ မြို့နယ် ၁၀ မြို့နယ်ရှိ ရှေ့တန်းကျန်းမာရေး ဝန်ထမ်းများအတွက် ထောက်ပံ့ရေးအလှူငွေကျပ် သိန်း ၅၀ နှင့် တိုင်းဒေသကြီးအတွင်းရှိသောက်ရေသန့်လုပ်ငန်းရှင်များ အသင်းကိုယ်စား ပုသိမ်မြို့ ကောင်းသန့်ရေသန့်လုပ်ငန်းရှင် ဦးဂျော့ခင်ရွှေက ငွေကျပ် ၉၈၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်နှင့် အစားအသောက်များ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား လက်ခံရယူစဉ်။

## ကိုဗစ် - ၁၉ ကုသရေးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ်ရန်ကုန် (ဖောင်ကြီး) တွင် အသုံးပြုရန်အတွက် အလိုအလျောက်ရွှေ့လျားစက်ရုပ်များ လှူဒါန်း



**ရန်ကုန် မေ ၂၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ် - ၁၉ ကုသရေးဌာန၊ ရန်ကုန် (ဖောင်ကြီး) (COVID -19 Medical )သို့ အသုံးပြုနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေး အထောက်အကူပြုပစ္စည်းတစ်ခုဖြစ်သည့် Trolley Robot (TR 201) နှင့် Container Robot (CR 201) တို့ကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟိုဝန်ထမ်းတက္ကသိုလ် - ဖောင်ကြီး (အောက်မြန်မာပြည်) သို့ သွားရောက်လှူဒါန်းခဲ့ကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီနှင့် အဖွဲ့ဝင်များက ပညာရေးဝန်ကြီးဌာနကိုယ်စား လှူဒါန်းရာ ကိုဗစ် - ၁၉ ကုသရေးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုနိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(ဓာတ်ပုံ)**

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်လျက်ရှိတဲ့ ကိုဗစ် - ၁၉ ကုသရေးစင်တာတွေမှာ ရောဂါရှင် Positive လူနာထိတွေ့နှုန်းကို လျှော့ချချင်လို့ အလိုအလျောက်ပေးမယ့် စက်ရုပ်တွေကို တီထွင်ပြုလုပ် လှူဒါန်းပေးရခြင်းဖြစ်ပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက ပြောသည်။

အဆိုပါ စက်ရုပ်များကို အသုံးပြုခြင်းဖြင့် နေ့စဉ် ကျန်းမာရေးဝန်ထမ်းနှင့် အတည်ပြုလူနာတို့အကြား နံနက်၊ နေ့လယ်၊ ညနေတို့တွင် အစားအသောက်နှင့် ဆေးဝါးပေးပို့ခြင်းတို့အတွက် အနည်းဆုံးခြောက်ကြိမ်အထိ ထိတွေ့နိုင်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ယင်း အထောက်အကူပြုပစ္စည်းများသည် ကိုဗစ် - ၁၉ အတည်ပြုလူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုက်ရိုက်ထိတွေ့မှု လျှော့ချနိုင်ရန်ရည်ရွယ်၍ နည်းပညာတက္ကသိုလ် နှစ်ခုမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း၊ ဆေးဝါးပစ္စည်းများ၊ အစားအသောက်များ၊ စွန့်ပစ်ပစ္စည်းများ၊ လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို လူနာများ၏ အခန်းရှေ့အရောက် အလိုအလျောက် သယ်ဆောင်သွားနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Trolley Robot (TR 201) နှင့် Container Robot (CR 201) တို့ကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ အဆင့်မြင့်ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် Mechatronic Engineering ဘာသာရပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာသိင်္ဂီ ဦးဆောင်၍ TR 201 ကို ရန်ကုန်နည်းပညာတက္ကသိုလ် ( Mechatronic Engineering ဌာန)မှ လည်းကောင်း၊ Container Robot ( CR 201) ကို မန္တလေးနည်းပညာတက္ကသိုလ် (Mechatronic Engin-eering ဌာန)မှ လည်းကောင်း မေ ၁၈ ရက်က စတင်ကာ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ကိုဗစ် - ၁၉ ကျန်းမာရေးစင်တာများတွင် အသုံးပြုနိုင်မည့် စက်ရုပ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် သုတေသနစင်တာများက စမ်းသပ်တီထွင်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး (မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# COVID 19 ကပ်ရောဂါ တိုက်ဖျက်ဖို့ တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ကြပါစို့

ဦးသောင်းထွန်း

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်ပြီးနောက် ကမ္ဘာ့စီးပွားရေးအပေါ် အဆိုးရွားဆုံးထိခိုက်စေသည့် သမိုင်းဝင်ကပ်ရောဂါကြီး၏ ခြိမ်းခြောက်မှုဒဏ်ကို ယနေ့ခေတ် လူသားတို့ ခံစားရလျက်ရှိပါသည်။ အဆိုပါ ကပ်ရောဂါသည် လွန်ခဲ့သော လအနည်းငယ်အတွင်း၌ပင် ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါအသွင်မှသည် လူမှုရေးနှင့် စီးပွားရေးအကျပ်အတည်းအသွင်သို့ ကူးပြောင်းခဲ့ပြီး ဖြစ်ပါသည်။ ဈေးကွက်မတည်ငြိမ်မှုနှင့်အတူ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့သည့်အတွက် သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူတို့၏ စားဝတ်နေထိုင်ရေးတို့အပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ဆိုးရွားစွာထိခိုက်ခြင်းကို ရှောင်လွှဲနိုင်မည် မဟုတ်ပေ။

## COVID 19 ကပ်ရောဂါ ထိရောက်စွာ ထိန်းချုပ်နိုင်မည့် နည်းလမ်းများ

COVID 19 ကပ်ရောဂါသည် နိုင်ငံ့ခေါင်းဆောင်များ၏ ခေါင်းဆောင်နိုင်မှုစွမ်းရည်ကို စမ်းသပ်နေသကဲ့သို့ ဖြစ်စေပါသည်။ COVID 19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံအသီးသီးတွင် နည်းလမ်းအမျိုးမျိုး အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ အချို့နိုင်ငံများတွင် တစ်နိုင်ငံလုံး ဝင်ထွက်သွားလာခွင့်ကို ကန့်သတ်သည့်စနစ် အသုံးပြု၍ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြသလို အချို့နိုင်ငံများတွင် နယ်မြေဒေသများ သတ်မှတ်၍ သွားလာခွင့်ကို ကန့်သတ်ခြင်းနှင့် လူစုလူဝေးခြင်း မပြုလုပ်စေရန်တို့ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

လူအမြောက်အမြားကို ရောဂါစမ်းသပ်စစ်ဆေးပြီး ကူးစက်ခံရနိုင်သူများကို ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်းသည် COVID 19 ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် “4T”နည်းလမ်းဖြစ်သည့် “စမ်းသပ်၊ ရှာဖွေ၊ ဖော်ထုတ်၊ ကုသ”သည့် နည်းစနစ်အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် COVID 19 ရောဂါပြန့်ပွားမှုကို လျင်မြန်ထိရောက်စွာ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ဆောင်ရွက်မှုနည်းလမ်း “ပြည်သူသာလျှင်အဓိက”

မြန်မာနိုင်ငံအနေဖြင့် COVID 19 ကပ်ရောဂါ တွန်းလှန်နိုင်ရန်အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နည်းလမ်းများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် “ပြည်သူသာလျှင် အဓိက” ဆိုသည့် ပြည်သူအခြေပြုသည့်စနစ်ဖြင့် တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ COVID 19 ကပ်ရောဂါကို တွန်းလှန်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် COVID 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

COVID 19 ကပ်ရောဂါကို ပြည်သူလူထု၏ စုပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် ဆက်လက်တွန်းလှန်သွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး အခက်အခဲများကို ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသည့် COVID 19 ကပ်ရောဂါကို ကာကွယ်၊ ကုသ ထိန်းချုပ်နိုင်ရေး မျက်နှာစာများတွင် ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ၏ သူရဲကောင်းများအဖြစ် ရှေ့တန်းက တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါကူးစက်ခံရသူများအား ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုလျော့နည်းစေရေးအတွက် လိုအပ်သည့် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးကို အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

COVID 19 ရောဂါ စမ်းသပ်ရေးကိရိယာများ၊ အသက်ရှူစက်များ ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ဆေးရုံနှင့် ဆေးခန်းများ တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် COVID 19 ရောဂါ စမ်းသပ်ရေးကိရိယာ Cobas 6800 analyser ကို ယခုအပတ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ကျော် စမ်းသပ်နိုင်တော့မည်ဖြစ်သည်။ မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် COVID 19 ရောဂါ စမ်းသပ်ရေးကိရိယာများ ပံ့ပိုးပေးနိုင်ရန်လည်း စီစဉ်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဆေးရုံအသစ်များနှင့် ဆေးခန်းအသစ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအသစ်ဖြင့် တည်ဆောက်ထားပြီးဖြစ်ပါသည်။

## ဆေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ထားပြီးဖြစ်

COVID 19 ရောဂါ ကုသရေးအတွက် လိုအပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို နိုင်ငံတကာဈေးကွက်မှ ဝယ်ယူလျက်ရှိသကဲ့သို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကိုလည်း ပြည်တွင်းထုတ်လုပ်သူများထံမှ ဝယ်ယူနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သည်။ လတ်တလောလည်ပတ်ခြင်းမရှိသည့် နိုင်ငံပိုင်စက်ရုံများတွင် COVID 19 အတွက် လိုအပ်သည့် ဆေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ထားပြီး ဖြစ်ပါသည်။

## အစိုးရအနေဖြင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိ

COVID 19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အထည်ချုပ် လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ များစွာဖြစ်ပေါ်စေခဲ့ပါသည်။ အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများအပေါ် ထိခိုက်မှုများ သက်သာစေရေးအတွက် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံဖြင့် COVID 19 ပြန်လည်ထူထောင်ရေး ရန်ပုံငွေထူထောင်ခြင်းဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်ဦး၏ အခက်အခဲများကို တစ်ဦးက အေးအတူ ပူအမျှ ကူညီရိုင်းပင်းမှု၊ စာနာနားလည်မှု၊ စုပေါင်းအင်အားတို့ဖြင့် အတူတကွ ရင်ဆိုင်ကျော်ဖြတ်ပါက COVID 19 ကပ်ရောဂါဘေးကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အိမ်ထောင်စုများတွင် ကြုံတွေ့နေရသော အခက်အခဲများ လျော့နည်းစေရေးအတွက် စားနပ်ရိက္ခာများ ပံ့ပိုးပေးခြင်းနှင့် ယခုလတွင် လျှပ်စစ်ဓာတ်အား ၁၅၀ ယူနစ်ကို အိမ်ထောင်စုတိုင်း ကင်းလွတ်ခွင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့ပြည်သူများသည် လှူဒါန်းပေးကမ်းမှု ရက်ရောသည့် နိုင်ငံသားများဖြစ်သည့် အားလျော်စွာ အများစုက အဆိုပါကင်းလွတ်ခွင့်ကို ရယူခံစားခြင်းမရှိဘဲ COVID 19 ကပ်ရောဂါကို တွန်းလှန်နိုင်ရေး လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်နိုင်ရန် အစိုးရထံသို့ ပြန်လည်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

## အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတစ်ရပ်လုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ

COVID 19 ကပ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတစ်ရပ်လုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် အခြားသူများနှင့် အနီးကပ်နေထိုင်ခြင်းမပြုသည့် (Social distancing) စနစ် ကျင့်သုံးဆောင်ရွက်ပြီး COVID 19 ကပ်ရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးကို ကလောမြို့ဈေးနှင့် အခြားမြေပြန့်ဈေးများတွင်ပါ ဆောင်ရွက်ထားသည်ကို တွေ့မြင်နိုင်မှာဖြစ်ပါသည်။

ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံဖူးသူများကို ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ contact tracing apps များ အသုံးပြု၍ အများပြည်သူသို့ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို လူမှုသတင်းမီဒီယာများမှတစ်ဆင့် ဖြန့်ဝေနိုင်ရေးတို့အတွက် လူငယ်တီထွင်သူများကလည်း ကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်ပါသည်။

## နည်းပညာအထောက်အပံ့ဖြင့် အသိပညာမျှဝေနိုင်ရေး ဆောင်ရွက်လျက်ရှိ

နည်းပညာတိုးတက်မှုအခြေခံ၍ စမတ်ဖုန်း အပလီကေးရှင်းများမှတစ်ဆင့် ရောဂါကူးစက်မှုနှုန်းကို ပြည်သူများအနေဖြင့် မိမိနေအိမ်နှင့် အလုပ်နေရာများ၌ အခမဲ့ အလွယ်တကူသိရှိနိုင်ပြီး ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးချက်များမှတစ်ဆင့် အခြားသူများနှင့် အနီးကပ်နေထိုင်ခြင်းမပြုရန် အလွန်အရေးကြီးကြောင်း အသိပညာပေး မျှဝေလျက်ရှိပါသည်။ အစိုးရအနေဖြင့် မည်သည့်နေရာတွင် အရေအတွက် မည်မျှကူးစက်ခံရကြောင်း မှန်ကန်မြန်ဆန်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် အသိပညာပေးရန်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်လည်း အလွန်အရေးကြီးပါသည်။

## COVID 19 ဘက်စုံတုံ့ပြန်ရေး စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်

မိမိတို့နိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက်ရှိရာတွင် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် လူမှုစီးပွားထိခိုက်မှုများ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန်၊ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် COVID 19 ဘက်စုံတုံ့ပြန်ရေးစီမံချက်ကို မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါ စီမံချက်တွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းစဉ်များပါဝင်ပြီး နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများ ပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ COVID 19 ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မူဝါဒများချမှတ်ရာတွင်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်အခများနှင့် အလုပ်လုပ်ကိုင်ခြင်းအတွက် ဝင်ငွေခွန်များ ပိုမိုကောက်ခံခြင်းကဲ့သို့သော မူဝါဒများကို ချမှတ်သွားမည်မဟုတ်ဘဲ လက်ရှိ မြန်မာနိုင်ငံသားများ ရရှိခံစားလျက်ရှိသည့် လူမှုဖူလုံရေးဆိုင်ရာ ခံစားခွင့်များနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ခံစားခွင့်များကို ထိခိုက်မှုမရှိသည့် မူဝါဒများကိုသာ ချမှတ်သွားမည်ဖြစ်ပါသည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာ ကျော်လွှားသွားမည်

ကမ္ဘာတစ်ဝှမ်း COVID 19 ရောဂါကို တွန်းလှန်နိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တိကျသည့် စီမံချက်များချမှတ်၍ တွန်းလှန်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် COVID 19 ကပ်ရောဂါကို တွန်းလှန်နိုင်ခြင်းမရှိပါက တစ်ကမ္ဘာလုံးအနေနှင့်လည်း အဆိုပါ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရမည် ဖြစ်ပါသည်။ COVID 19 ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတစ်နိုင်ငံချင်းအလိုက် စီမံချက်များ ချမှတ်လျက် တက်ကြွစွာဆောင်ရွက်၍ လတ်တလော အခက်အခဲများကို ကျော်လွှားနိုင်သည့် အခြေအနေရှိသော်လည်း ရေရှည်တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တွန်းလှန်သွားမှ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

“ပြည်သူသာလျှင်အဓိက” ဆိုသည့်အတိုင်း ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် ယခုကဲ့သို့သော အကျပ်အတည်းကာလတွင် ကူညီရိုင်းပင်းမှု၊ စာနာနားလည်မှုတို့ဖြင့် တစ်ဦး၏ အခက်အခဲများကို တစ်ဦးက ကူညီရင်း COVID 19 ကပ်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

❖ မြန်မာနိုင်ငံတွင် COVID 19 ရောဂါ စမ်းသပ်ရေးကိရိယာ Cobas 6800 analyser ကို ယခုအပတ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ကျော် စမ်းသပ်နိုင်တော့မည်ဖြစ်

❖ မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် COVID 19 ရောဂါ စမ်းသပ်ရေးကိရိယာများ ပံ့ပိုးပေးနိုင်ရန်လည်း စီစဉ်လျက်ရှိ

စာရေးသူမှာ- ဦးသောင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဖြစ်ပါသည်။

# ဧပြီ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်တိုး၊ စုစုပေါင်း ပိုးတွေ့လူနာ ၁၄၆ ဦးရှိလာ

**နေပြည်တော် ဧပြီ ၂၆**

ဧပြီ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၄၆ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့မှဖြစ်ပြီး အသက် ၃၂ အရွယ် တစ်ဦးနှင့် ၄၈ နှစ်အရွယ် တစ်ဦးတို့ ဖြစ်သည်။

ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူ ပေါင်း ၆၆၇၈ ဦးတွင် ရောဂါပိုးရှိသူ ၁၄၆ ဦး ရှိပြီး ၎င်းတို့အနက် သေဆုံးသူ ၅ ဦး၊ ရောဂါသက်သာ၍ ဆေးရုံမှဆင်းခွင့်ရရှိသူ ၉ ဦး၊ ပြန်လည်သက်သာသွားသူ ၁၀ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၆၇၈ | ၁၄၆ |

| ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ | သေဆုံးသူ |
|---|---|
| ၉ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၇၆၂

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ ပြန်လည်သက်သာ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၃ | ၇ | ၄ |
| ၂ | ပဲခူး | ၇ | - | ၁ |
| ၃ | စစ်ကိုင်း | ၇ | - | - |
| ၄ | ချင်း | ၅ | - | - |
| ၅ | ရှမ်း(ရှေ့) | ၃ | - | - |
| ၆ | မန္တလေး | ၃ | ၁ | - |
| ၇ | ရှမ်း (တောင်) | ၂ | - | - |
| ၈ | ရှမ်း (မြောက်) | ၂ | - | - |
| ၉ | နေပြည်တော် | ၁ | ၁ | - |
| ၁၀ | မွန် | ၁ | ၁ | - |
| ၁၁ | မကွေး | ၁ | - | - |
| ၁၂ | ကချင် | ၁ | - | - |
| | စုစုပေါင်း | ၁၄၆ | ၁၀ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ၂၆-၄-၂၀၂၀ ရက် ည(၈)နာရီ

(၂၆-၄-၂၀၂၀) ရက်နေ့

COVID-19 ရောဂါဖြစ်ပွားမှု အများဆုံး (၁၀) နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၃၇၄၇ | ၁၁၈၃၃၆ | ၅၄၃၆၄ |
| ၂။ | စပိန် | ၂၂၃၇၅၉ | ၉၅၇၀၈ | ၂၂၉၀၂ |
| ၃။ | အီတလီ | ၁၉၅၃၅၁ | ၆၃၁၂၀ | ၂၆၃၈၄ |
| ၄။ | ပြင်သစ် | ၁၆၁၄၈၈ | ၄၄၅၉၄ | ၂၂၆၁၄ |
| ၅။ | ဂျာမနီ | ၁၅၆၇၂၇ | ၁၀၉၈၀၀ | ၅၈၈၀ |
| ၆။ | ဗြိတိန် | ၁၄၈၃၇၇ | စိစစ်ဆဲ | ၂၀၃၁၉ |
| ၇။ | တူရကီ | ၁၀၇၇၇၃ | ၂၅၅၈၂ | ၂၇၀၆ |
| ၈။ | အီရန် | ၉၀၄၈၁ | ၆၉၆၅၇ | ၅၇၁၀ |
| ၉။ | တရုတ် | ၈၂၈၂၇ | ၇၇၃၉၄ | ၄၆၃၂ |
| ၁၀။ | ရုရှား | ၈၀၉၄၉ | ၆၇၆၇ | ၇၄၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၃၆၂၄ | ၁၀၀၂ | ၁၂ |
| အင်ဒိုနီးရှား | ၈၈၈၂ | ၁၁၀၇ | ၇၄၃ |
| ဖိလစ်ပိုင် | ၇၅၇၉ | ၈၆၂ | ၅၀၁ |
| မလေးရှား | ၅၇၈၀ | ၃၈၆၂ | ၉၈ |
| ထိုင်း | ၂၉၂၂ | ၂၅၉၄ | ၅၁ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၆ | ၁၀ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၃ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၇ | ၁ |
| လာအို | ၁၉ | ၁၀ | ၀ |



## ညောင်ဦးမြို့နယ်၌ ယာယီပျံကျဈေးများတွင် ပိုးသတ်ဆေးဖျန်းဆောင်ရွက်

**ညောင်ဦး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများအဖွဲ့သည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့ ညနေ ၆နာရီက ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းရှိ ယာယီပျံကျဈေးကို ပိုးသတ်ဆေးဖျန်းပေးခဲ့သည်။ (ဓါတ်ပုံ)

ညောင်ဦးမြို့ပြည်သူ့အားကစားကွင်းအတွင်း သားငါးဆိုင်ခန်း ၈၀ ကို စနစ်တကျ သီးခြားဖွင့်လှစ်ပြီး အခြားဟင်းသီးဟင်းရွက်မျိုးစုံနှင့် စားသောက်ကုန်အရောင်းဆိုင်များကို ညောင်ဦးမြို့ရွှေစည်းခုံဘုရားဝင်းအတွင်း ဆိုင်ခန်းပေါင်း ၅၀၀ ကျော် ဆိုင်ခန်းနေရာများ စနစ်တကျသတ်မှတ်၍ ဖွင့်လှစ်ရောင်းချခွင့်ပြုထားရာ ယနေ့ညနေ ၆ နာရီမှ ပရဟိတအသင်းသားများက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ နေရာအနှံ့ ပိုးသတ်ဆေးများ စနစ်တကျ ပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်စတင်နိုင်ရေး ပဏာမစစ်ဆေးမှုများဆောင်ရွက်

**မန္တလေး မေ ၂၆**

မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်စတင်နိုင်ရေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ပဏာမစစ်ဆေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက ပြောကြားသည်။ (ယာပုံ)

ပြည်ထောင်စုအစိုးရအဖွဲ့က လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဦးစားပေးကဏ္ဍ လက်အောက် ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများနှင့် အခြားကျန်းမာရေး လိုအပ်ချက်များနှင့် ကိုက်ညီပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် သတ်မှတ်ချက် ၁၀ ချက်ရှိပြီး အဆိုပါအချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ပဏာမစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ရေး လုပ်ငန်းရှင်တွေကို အစည်းအဝေးခေါ်ယူပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ အဆင်သင့်ပြင်ဆင်ထားရှိဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဆင်သင့်ပြင်ဆင်ပြီး ကျွန်တော်တို့ဆီ တင်ပြထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေပေါ်မူတည်ပြီး စစ်ဆေးပေးသွားမှာပါ။ လက်ရှိတင်ပြထားတဲ့ စက်ရုံတွေကို စစ်ဆေးပေးနေတာပါ။ အဓိကကတော့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကိုက်ညီမှု ရှိ မရှိ စစ်ဆေးတာပါ။ မနေ့က အဖွဲ့နှစ်ဖွဲ့ပဲခွဲပြီး စစ်ဆေးတာဆိုတော့ စားသောက်ကုန်နဲ့ ပတ်သက်တဲ့ စက်ရုံ၊ အလုပ်ရုံ ၁၅ ရုံလောက်ပဲ စစ်ဆေးနိုင်ခဲ့တယ်။ ဒီနေ့တော့ လူအင်အားတိုးချဲ့ကာ အဖွဲ့ ငါးဖွဲ့ခွဲပြီး စစ်ဆေးနေပါတယ်။ ဒီနေ့မနက်ပိုင်းအထိ အဆင်သင့်ပြင်ဆင်ပြီး စစ်ဆေးခံဖို့ တင်ပြထားတဲ့ စက်ရုံ၊ အလုပ်ရုံပေါင်းက တစ်ရာကျော်ပဲ ရှိပါတယ်။ လက်ရှိမှာလည်း အဆင်သင့်ပြင်ဆင်ပြီး စစ်ဆေးခံဖို့ လာရောက် တင်ပြနေတဲ့ စက်ရုံတွေလည်း ရှိပါတယ်"ဟု မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက ပြောသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပေးထားသော စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးရေးအဖွဲ့ဖြစ်သည့် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးအဖွဲ့များ ပါဝင်ကြောင်း သိရသည်။



ပြည်ထောင်စုအစိုးရက လုပ်ငန်းများအတွက် သတ်မှတ်ထားသည့် အချက်များမှာ နေအိမ်တွင် အလုပ်လုပ်နိုင်ရန် ဖြစ်နိုင်သော အလုပ်သမားကို နေအိမ်များမှသာ အလုပ်လုပ်စေရန် စီစဉ်ထားခြင်း ရှိ မရှိ၊ တိကျသော ၆ ပေ အကွာအဝေးများကို ကြမ်းပြင်ပေါ် အမှတ်အသားပြုလုပ်ထားခြင်း ရှိ မရှိ၊ အလုပ်သမားတိုင်းအတွက် ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်ရန် ညွှန်ကြားထားခြင်းနှင့် လုံလောက်စွာ ထောက်ပံ့ပေးထားခြင်း ရှိ မရှိ၊ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပြသပါက လုပ်ငန်းခွင်သို့ မဝင်ရောက်စေဘဲ ကျန်းမာရေးဌာနသို့ သွားရောက်ဆေးကုသမှုခံယူနိုင်ရန် ရှိ မရှိ၊ ဝန်ထမ်းကြို/ ပို့ယာဉ်များအား အမည်နှင့် ယှဉ်တွဲ၍ ထိုင်ခုံနေရာ သတ်မှတ်ထားခြင်း ရှိ မရှိ၊ လုပ်ငန်းခွင် ဝင်/ထွက်ပေါက်များတွင် ကိုယ်အပူချိန်တိုင်းတာသည့် စက်များ ရှိ မရှိ၊ ခြေဖြင့်နင်း၍ အဖွင့်/အပိတ် လုပ်နိုင်သည့် လက်ဆေးကန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အမှိုက်ပုံးများကို အလုံအလောက်ထားရှိပေးခြင်း၊ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ထမင်းစားခန်း၊ နားနေခန်းများ စီစဉ်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းခွင် လေဝင်၊ လေထွက် ကောင်းမွန်အောင် စီစဉ်ထားရှိမှုအခြေအနေများ အစရှိသော အချက်များ ပါဝင်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ ဆက်သွယ်မေးမြန်းနိုင်

**ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို မိမိတို့ မိုဘိုင်းဖုန်းမှတစ်ဆင့် National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ နေ့စဉ် နံနက် ၈ နာရီမှ ည၈နာရီအတွင်း မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။**

"ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် သိရှိအောင်၊ ကျန်းမာရေးဗဟုသုတတွေ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိသွားအောင်ရည်ရွယ်ပြီး Call Center ကို ဖွင့်လိုက်တာပါ။ ပြည်သူတွေ မေးလာတဲ့ မေးခွန်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Centre တွင် ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန် ၄၅ ဦးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၉ ဦးတို့က အဖွဲ့ရှစ်ဖွဲ့ခွဲကာ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ တာဝန်ချိန်နှစ်ပိုင်းခွဲ၍ တာဝန်ချိန် တစ်ပိုင်းစီတွင် ကြီးကြပ်သူအပါအဝင် ဆရာဝန်ရှစ်ဦးတို့က တာဝန်ယူဖြေကြားပေးလျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"၂၀၁၉ နံပါတ်ကို နှိပ်လိုက်ရင် ပိုက်ဆံပေးစရာမလိုဘဲ အခမဲ့ခေါ်ဆိုမေးမြန်း စုံစမ်းနိုင်ပါတယ်။ ဆေးသုတေသန ဦးစီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်းက စေတနာ့ဝန်ထမ်း ဆရာဝန်တွေ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ ပြည်သူတွေ သိချင်တာတွေကို ဖြေကြားပေးနေပါတယ်။ ကျေးလက်ဒေသတွေကလည်း မေးမြန်းနိုင်တဲ့အတွက် ဒီလုပ်ဆောင်ချက်က ထိရောက်အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေ မေးမြန်းတဲ့အခါ ဒီဘက်က ပြန်ဖြေတဲ့သူတွေကလည်း ဆရာဝန်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ယုံကြည်မှုက နဂိုကတည်းက ရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို Call Center ကနေ ရရှိပြီး ဖြစ်ပါတယ်။ Call Center ဖွင့်တာက ပြည်သူတွေအတွက် အကျိုးရှိတယ်လို့ ယုံကြည်ပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

အဆိုပါ National COVID-19 Call Center ကို မေ ၉ ရက်မှစတင်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) တွင် ဖွင့်လှစ်လိုက်ပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အများပြည်သူ သိရှိလိုသည်များကို ဖြေကြားပေးနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

ယခု Call Center သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေး အသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များ ဆက်သွယ်မေးမြန်းနိုင်စေရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

Call Center သို့ ပြည်သူလူထုမှမေးမြန်းမှု များပြားသည့်အတွက် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ပြည်သူလူထု အမေးများနိုင်သည့် ကျန်းမာရေး အသိပညာပေး သတင်းအချက်အလက်များအား စက်မှ အလိုအလျောက် ဖြေကြားခြင်းရှိသလို ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ် (၀) သို့ ခေါ်ဆိုနိုင်ပြီး လူတစ်ဦးလျှင် အချိန်ခြောက်မိနစ်ခန့် မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများက မေးကြပါတယ်။ ခေါ်ဆိုခက အခမဲ့ဆိုတော့ တော်တော်များများ မေးကြပါတယ်။ အခုလို Call Center လုပ်ပေးတဲ့အတွက် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဘယ်ကိုမေးရမှန်း မသိတဲ့သူတွေ၊ တချို့သော သတင်းအမှားတွေ ပြန့်နေတာနဲ့ ပတ်သက်လို့ စိုးရိမ်ကြောင့်ကြနေသူတွေအတွက် အခုချိန်မှာ အပြင်ထွက်ပြီး ဆေးခန်းတွေ လိုက်ရှာမေးဖို့ကလည်း အခက်အခဲရှိကြတော့ အခု ဆရာဝန်နဲ့ တိုက်ရိုက်မေးမြန်းရတဲ့အတွက် အများကြီးအကျိုးရှိကြမှာပါ။ အမေးများတာက ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ခြင်းအကြောင်းတွေ အမေးများပါတယ်။ ရောဂါကူးစက်ပုံ နည်းလမ်းတွေလည်း အမေးများတယ်။ အချိန်နဲ့အမျှ ဖြစ်နေတာတွေလည်း မေးကြတယ်။ ဒီအချိန်မှာ ဖျားတာနာတာဖြစ်နေရင် ဘာလုပ်ရမလဲဆိုတာမျိုးလည်း စိုးရိမ်ပြီးမေးကြတာ ရှိပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန်က ပြောသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး "2019" သို့ ခေါ်ဆိုပြီး လိုင်းခွဲနံပါတ် - ၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ် - ၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ် - ၅ တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုးတွေ့ လူနာအရေအတွက်အကြောင်းတို့ကို လိုင်းခွဲနံပါတ် ငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့မှာ အခက်အခဲတချို့ရှိပါတယ်။ အများစုကတော့ သိချင်လို့ မေးမြန်းကြတယ်။ နှောင့်ယှက်တဲ့ ဖုန်းခေါ်ဆိုမှုတွေလည်း ရှိပါတယ်။ ဘယ်လောက်ထိ နှောင့်ယှက်သလဲဆိုရင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြီး ပြောတာတွေရှိတယ်။ သီချင်းတောင်းသလို ရယ်စရာလုပ်တာတွေ ပါတယ်။ တစ်ဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီး ရယ်စရာဟာသလုပ်တာတွေ၊ မသက်ဆိုင်တဲ့ အကြောင်းပြောတာတွေ ပါပါတယ်။ ကလေးတွေကနေ အကြိမ်ကြိမ်ခေါ်နေတာတွေလည်း ရှိပါတယ်။ တချို့က ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုသွားတယ်။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ မေတ္တာရပ်ခံချင်တာက ဒီလိုအချိန်မှာ ဖြေဆိုရတဲ့သူတွေအတွက် အခက်အခဲတွေ့ရပါတယ်။ မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန် က ပြောသည်။

Call Centre တွင် ဖြေကြားပေးမည့် ဆရာဝန်များအား တာဝန်ချထားခြင်း မပြုမီ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနည်းလမ်းများကို ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာနက လည်းကောင်း၊ Call Centre နည်းပညာဆိုင်ရာ အကြောင်းအရာများကို ဦးထွန်းထွန်းနိုင် Blue Ocean Investment Limited က လည်းကောင်း၊ လူထုကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဒေါက်တာ သန်းနိုင်စိုး ညွှန်ကြားရေးမှူး ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်းကောင်း အသီးသီး ဆွေးနွေးပို့ချပေးခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

National COVID-19 Call Centre အကောင်အထည်ဖော်နိုင်ရန် Call Centre ဆိုင်ရာနည်းပညာများကို Blue Ocean Investment Limited က လည်းကောင်း၊ မေးမြန်းလိုသူများ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo, Mytel တို့က လည်းကောင်း အခမဲ့ဝန်ဆောင်မှုပေးကြပြီး လိုအပ်သော ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ တာဝန်ကျဆရာဝန်များအား ကျွေးမွေးစရိတ်တို့ကို UNICEF အဖွဲ့ မှ ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**မင်းသစ် (MNA)**

# ရေစကြို - ပခုက္ကူ ကားလမ်းဘေးရှိ သစ်ပင်များ ပြိုလဲ ကားလမ်းပေါ် ရေကျော်မှုဖြစ်ပွား

**ရေစကြို ဧပြီ ၂၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဧပြီ ၂၅ ရက် ညပိုင်းက နေရာကွက်ကျား မိုးသည်းထန်ပြီး မိုးသက်လေပြင်း ကျရောက်ခဲ့သောကြောင့် ရေစကြို - ပခုက္ကူ ကားလမ်းဘေးရှိ သစ်ပင်ကြီး ၂၂ ပင် ပြိုလဲခဲ့ပြီး အဆိုပါ ကားလမ်းမပေါ်ရှိ ဆင်ချောင်းရေကျော်တွင်လည်း ရေကျော်မှု ဖြစ်ပေါ်ခဲ့သောကြောင့် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရန် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့များက သွားရောက်ရှင်းလင်း ဆောင်ရွက်ခဲ့သည်။

ဧပြီ ၂၅ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသက်လေပြင်း ကျရောက်ခြင်းကြောင့် ရေစကြို- ပခုက္ကူ ကားလမ်းဘေးဝဲယာရှိ ဆင်ချောင်းကျေးရွာနှင့် စည်သာကျေးရွာကြား နှစ်မိုင်ခန့်အတွင်းမှ သစ်ပင်ကြီးများမှာ လုံးပတ်ငါးပေ၊ အမြင့်ပေ ၆၀ ခန့်ရှိသည့် ကုက္ကိုအပင် ၂၀၊ တမာပင်နှစ်ပင် စုစုပေါင်း ၂၂ ပင် ပြိုလဲခဲ့ခြင်း ဖြစ်သဖြင့် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရန် ဧပြီ ၂၅ ရက် ည ၈ နာရီမှ ဧပြီ ၂၆ ရက် နံနက် ၆ နာရီအထိ ညလုံးပေါက် ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်ထံမှ သိရသည်။

ထို့ပြင် ရေစကြို- ပခုက္ကူ ကားလမ်းမပေါ်ရှိ ဆင်ချောင်းရေကျော်တွင် ရေကျော်နေသောကြောင့် လမ်းသွားလမ်းလာများ အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောကြားသည်။ **(အောက်ပုံ)**

**အိမ့္မွန်ဆွေ(ရေစကြို)**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဧပြီ ၂၆ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဆိပ်ဖြူမြို့ပေါ်ရှိ အနော်ရထာလမ်းနှင့် ရတနာလမ်းမှ မန်ကျည်းပင်တစ်ပင်၊ မြို့နယ်ပညာရေးမှူးရုံးလမ်းမှ မန်ကျည်းပင်တစ်ပင်နှင့် မာလာမြိုင်ရပ်ကွက် အဝင်လမ်းမှ စိန်ပန်းပင်တစ်ပင် လမ်းမပေါ်ပိတ်ပြီး လဲကျမှု ဖြစ်ပွားရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ရှင်းလင်းဖယ်ရှားစဉ်။ စိုးလင်းနိုင် (ပြန်/ဆက်)



# ဒိုက်ဦး၌ လေပြင်းတိုက်ခတ်မှုကြောင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ပျက်စီး

**ဒိုက်ဦး ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု ရွှေအောင်မြေ(၁)ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင် ငါးပင်သုံးပင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အအုံမှာ ဧပြီ ၂၆ ရက် ညနေ ၄ နာရီခန့်က တိုက်ခတ်သောလေပြင်းကြောင့် သွပ်အချပ် ၂၀ ပြုတ်ကျခဲ့ပြီး သစ်သားဒိုင်း ခြောက်ချောင်းတွင် ကျိုးပျက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် တစ်သိန်းနှစ်သောင်းခန့် ပျက်စီးသွားကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# ဝမ်းတွင်းမြို့နယ်၌ မိုးသက်လေပြင်းများကျရောက်၊ လူနေအိမ်နှင့် စာသင်ကျောင်းများ ပျက်စီး

**ဝမ်းတွင်း ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် ဧပြီ ၂၅ ရက်က မိုးသက်လေပြင်းများကျရောက်ခဲ့ရာ လူနေအိမ်၊ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါမြို့နယ်အတွင်း မိုးသက်လေပြင်းများ ကျရောက်မှုကြောင့် ပင်းတလဲကျေးရွာအုပ်စု၊ လေးမျက်နှာကျေးရွာတွင် အမိုးလန်နေအိမ်နှစ်အိမ်၊ ဓာတ်တိုင်တစ်တိုင်၊ တဲစုကျေးရွာအုပ်စုတွင် ဓာတ်တိုင်သုံးခု၊ ညောင်ပင်ကျေးရွာအုပ်စု ခြင်္သေ့လက်-ညောင်ပင်ရွာတွင် အမိုးလန်အိမ် ၁၂ အိမ်၊ ပြိုကျ တစ်အိမ်၊ အမိုးလန် စာသင်ကျောင်းနှစ်ကျောင်း၊ ကင်းရွာကျေးရွာတွင် အမိုးလန်အိမ် ၄၁ လုံး၊ပြိုကျအိမ် ငါးလုံး၊ အမိုးလန်စာသင်ဆောင် တစ်ခု၊ နွားတစ်ကောင်သေဆုံး၊ တောင်ဘိုကျေးရွာတွင် အမိုးလန်အိမ် ခုနစ် အိမ်၊ စာသင်ဆောင်တစ်ခု၊ ဘုန်းကြီးကျောင်းတစ်ကျောင်းတို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အနေဖြင့် ဧပြီ ၂၅ ရက်က မိုးသက်လေပြင်း ကျရောက်မှုကြောင့် ကျေးရွာအုပ်စုငါးအုပ်စုတွင် အမိုးလန်အိမ် ၆၂ အိမ်၊ အမိုးလန် စာသင်ကျောင်းလေးကျောင်း၊ အမိုးလန်ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ပျက်စီးဓာတ်တိုင်လေးခု၊ ပြိုကျနေအိမ်ခုနစ်လုံး ပျက်စီးခဲ့ကြောင်းနှင့် လူသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။



**ဌေးလှိုင်(ဝမ်းတွင်း)**

# မိုးသက်လေပြင်းကျရောက်၍ နေအိမ်တစ်လုံး အမိုးလန်ပျက်စီး

**မလှိုင် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဧပြီ ၂၅ ရက် ညနေ ၄ နာရီခွဲခန့်က ရုတ်တရက် မိုးသက်လေပြင်းကျရောက်ခဲ့သဖြင့် သပြေပင် ကျေးရွာအုပ်စု ကားရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က မိုးသက်လေပြင်းကျရောက်ခဲ့သဖြင့် သပြေပင်ကျေးရွာအုပ်စု ကားရွာနေ ဦးမိုးဦး၏ လူနေအိမ်တစ်လုံး အမိုးလန် ပြုတ်ထွက်ခဲ့ပြီး သွပ်ချပ်များ ပျက်စီးခဲ့ကြောင်းနှင့် အခြားလူနှင့် တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ချောက်မြို့နယ်၌ လေပြင်းတိုက်မှုကြောင့် နေအိမ်များ ပျက်စီးမှုဖြစ်

**ချောက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဧပြီ ၂၆ ရက် ညနေ ၃နာရီ ခွဲခန့်က တိုက်ခတ်သောလေပြင်းကြောင့် နေအိမ်များနှင့် ဆေးခန်းများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ချောက်မြို့ အမှတ်(၇)ရပ်ကွက်တွင် မြေစိုက်သွပ်မိုးထရံကာ သုံးပင်နှစ်ခန်း နေအိမ်တစ်လုံး ယိုင်လဲခြင်း၊ သွပ်မိုးထရံကာ နှစ်ထပ် သုံးပင် နှစ်ခန်း နေအိမ်နှစ်လုံး သွပ်ချပ်များလန်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ အလားတူ ချောက်မြို့နယ် ကြောင်ယာတော ကျေးရွာထိပ်ရှိ သက်တမ်းတစ်ရာကျော်ခန့်ရှိ ကုက္ကိုပင် လဲကျ၍ ရွာအဝင်တံခါးနှစ်ချပ်၊ ကျန်းမာရေးဆေးခန်း အမိုးသွပ်ချပ်၊ ဟော်လိုသံချောင်း တစ်ချောင်း၊ ခြံစည်းရိုးအုတ်တိုင် သုံးတိုင်၊ သံတံခါး တစ်ချပ်၊ ခြံစည်းရိုး သံဆန်ခါနှစ်ချပ်တို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း၊ ဖြစ်ပွားရာနေရာသို့ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလင်း၊ ဂွေးပင်နယ်မြေရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် လူနေအိမ်နှင့် ဘုန်းကြီးကျောင်းများ ပျက်စီးမှုဖြစ်

**ပခုက္ကူ ဧပြီ ၂၆**

ပခုက္ကူမြို့နယ်ရှိ ကျေးရွာအုပ်စု နှစ်အုပ်စုတွင် ဧပြီ ၂၅ ရက် ည ၇နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းကွဲအုပ်စု ဇောင်ဂျမ်းကုန်း ကျေးရွာတွင် လူနေအိမ်လေးလုံးနှင့် ဇီးပင်ကန်ကျေးရွာတွင် လူနေအိမ် တစ်လုံး သွပ်မိုးလန်ခြင်း၊ ချောက်ကန်အုပ်စု အရှေ့ချောက်ကန် ကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုကျခြင်း၊တစ်လုံး အမိုးလန်ခြင်းနှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်း သွပ်မိုး လန်ခြင်း၊ သစ်ပင်လဲပြိုခြင်း၊ မကျီးကိုးပင်ကျေးရွာတွင် လူနေအိမ် ၁၁ လုံး အမိုးလန်ခြင်း၊ တစ်လုံးပြိုကျခြင်းနှင့် မူလတန်းကြိုကျောင်း အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။



ပခုက္ကူမြို့နယ်တွင် လေပြင်း တိုက်ခတ်ခြင်းကြောင့် လူနေအိမ် ၁၇ လုံး အမိုးလန်ခြင်း၊ သုံးလုံးပြိုကျခြင်း၊ ဘုန်းကြီးကျောင်းနှစ်ကျောင်း အမိုး လန်ခြင်း၊ မူလတန်းကြိုကျောင်း တစ်ကျောင်း အမိုးလန်ခြင်းများဖြစ် ပေါ်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

**တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏**

# ကမ္ဘောဇဘဏ်က မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် စက်ရေတွင်းတူးဖော်လှူဒါန်း

**မကွေး မေ ၂၆**

ကမ္ဘောဇဘဏ်က တူးဖော်လှူဒါန်းသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် တူးဖော်နေသော စက်ရေတွင်းသည် မေ ၂၄ ရက်က ပေ ၄၀၀ အရောက်တွင် တစ်နာရီ ရေဂါလန် ၁၀၀၀၀ ကျော်ဖြင့် အောင်ရေရရှိခဲ့ကြောင်း သိရသည်။

စက်ရေတွင်း တူးဖော်ပေးမှုကြောင့် အခြေခံကျန်းမာရေး တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသူ ကျောင်းသား ၁၂၀၀ ကျော်အတွက် လုံလောက်သော သောက်သုံးရေရရှိပြီ ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော အညာဒေသတွင် ရေအခက်အခဲ မရှိစေရန်အတွက် ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် မေ ၁၅ ရက်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယခုတွင်းသည် မကွေးတိုင်းဒေသကြီးအတွင်း ၁၉ တွင်းမြောက်ဖြစ်ကာ နိုင်ငံတစ်ဝန်းတွင် စက်ရေတွင်းပေါင်း ၂၇၁ တွင်းကို အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်တွင် ရေတွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းသုံးတွင်းကို ဧပြီလဆန်းက တူးဖော် လှူဒါန်းပေးခဲ့သည်။ ယခုအခါ အမှတ်(၁) Dando Heavy- duty ရေတွင်းတူးစက်ကြီးသည် ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်များ၊ ဟားခါးစက်မှုသိပ္ပံနှင့် ထန်တလန်မြို့များတွင် လည်းကောင်း၊ အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ရှိ မကျည်းစောက်ကျေးရွာတွင်လည်းကောင်း ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့ရွာအချို့သို့ ရောဂါကာကွယ်ရေးဝတ်စုံများ အပါအဝင် ဆေးရုံသုံးပစ္စည်းများ ပို့ဆောင်လှူဒါန်းလျက်ရှိရာ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဆင်မတောင် တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ နတ်မောက်မြို့ ဆင်သေကန်ရွာ စောင့်ကြည့်ရေးစခန်းသို့လည်းကောင်း၊ နတ်မောက်မြို့သစ် ကျေးလက်ဆေးပေးခန်းသို့လည်းကောင်း၊ ငဖဲမြို့ရှိ ပဒါန်း တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ စလေမြို့ တိုက်နယ်ဆေးရုံသို့လည်းကောင်း မတ် ၂၄ ရက်က ဖြန့်ဝေ လှူဒါန်းခဲ့သည်။ ထို့အတူ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မေ ၁၅ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

ကိုဇော်



## ထူးခြားသည့်နေ့ အပူချိန်များ

**နေပြည်တော် မေ ၂၆**

ထူးခြားသည့်နေ့အပူချိန်များမှာ ကြို့ပင်ကောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် တောင်ငူမြို့၊ ဖောင်းတူမြို့၊ ပဲခူးမြို့၊ ရွှေကျင်မြို့၊ သာယာဝတီမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ကျောက်ကူးမြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်တောင်သူများ ဧက ၃၉၀ စိုက်ပျိုး

**ညောင်ဦး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ကူး မြစ်ရေတင်ရေဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်း စိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းနေကာ ဆွတ်ခူးရောင်းချချိန်တွင် ဈေးနှုန်းကောင်းရရှိရန် နွေပဲတီစိမ်းစိုက်တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်းစိုက်ဧက ၃၉၀ ရှိကြောင်း၊ ပဲတီစိမ်းစိုက်ခင်းများ ကောင်းမွန်ကာ ပြီးခဲ့သည့်နှစ်က နွေပဲတီစိမ်းပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၃၉၀၀၀ ဖြင့် ရောင်းချခဲ့ရပြီး မြစ်ရေတင်ဖြင့် စိုက်ပျိုးကြသည့် နွေပဲတီစိမ်းစိုက်တောင်သူများ ယခင်နှစ်က ဈေးနှုန်းမျိုးရရှိရန် မျှော်လင့်နေကြောင်း ပဲတီစိမ်းစိုက်တောင်သူများက ပြောသည်။

နွေပဲတီစိမ်း စတင်စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီလ လယ်ခန့်က စတင်ကြဲပက်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက်ရှိလျှင် ပဲတီစိမ်းအဖူး၊ အပွင့်များ စတင်ပွင့်ပြီး နှစ်လပြည့်လျှင် စတင်ဆွတ်ခူးရကြောင်း၊ ထွက်ရှိလာသည့် နွေပဲတီစိမ်းများအား ပခုက္ကူပွဲရုံများသို့ ရောင်းချကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်မှ ရေသွင်းခတစ်ဧကလျှင် နွေပဲတီစိမ်းတစ်သီးပြီးသည်အထိ ငွေကျပ် ၃၀၀၀ ပေးသွင်းရပြီး ရေသွင်းအကြိမ်ရေ ငါးကြိမ်၊ ခြောက်ကြိမ်အထိ ရေသွင်းပေးရကြောင်း ကျောက်ကူးမြစ်ရေတင် တာဝန်ခံ (AE) ဦးလှမင်းထက်က ပြောသည်။ ယခုအခါ တောင်သူများမှာ နွေပဲတီစိမ်းထွက်ရှိချိန် ဈေးနှုန်းကောင်းရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### အာဆင်နယ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် ဖခင်ဖြစ်သူ တိုက်တွန်း

အူဘာမီယန်၏ ဖခင်ဖြစ်သူ ဖရန်ကေ့ာစ်သည် အူဘာမီယန်အား အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် တိုက်တွန်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂါဘွန်တိုက်စစ်ကစားသမား၏ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ နာမည်ကြီး အသင်းများဖြစ်သည့် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့က အဆိုပါ တိုက်စစ်ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများ ထွက်ပေါ်ထားသူဖြစ်သည်။

### ဂျူဗင်တပ်စ်၌ ၂၀၂၂ ခုနှစ်အထိ ရှိနေမည်ဟု စီရော်နယ်ဒို ပြောကြား

ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် အသင်းဟောင်း မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့မည့်သတင်းများထွက်ပေါ်နေသော်လည်း ဂျူဗင်တပ်စ်အသင်း၌ ၂၀၂၂ ခုနှစ်အထိ ရှိနေမည်ဟု ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၃၅ နှစ်အရွယ် ရှိပြီဖြစ်သော စီရော်နယ်ဒိုသည် ၂၀၁၈ ခုနှစ် နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းမှ ပေါင် ၉၉ သန်းဖြင့် ပြောင်းရွှေ့လာပြီး အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုထားသူဖြစ်သည်။ မန်ယူကစားသမားဟောင်းသည် မကြာသေးမီတွင် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာမည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသော်လည်း အီတလီအခြေစိုက်သတင်းများတွင် ၎င်းအနေဖြင့် ဂျူဗင်တပ်စ်အသင်း၌ ရှိနေမည်ဟု ကတိပြုပြောကြားလိုက်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် ၃၂ ပွဲတွင် ၂၅ ဂိုးသွင်းယူပေးထားနိုင်ပြီး ဂိုးရရှိအောင် လေးကြိမ်ထောက်ပံ့ပေးထားနိုင်ကြောင်း သိရသည်။

### နေမာကို ခေါ်ယူရန် ဆန္ဒရှိနေသေး

ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်သည် ဘီအက်စ်ဂျီတိုက်စစ်ကစားသမား နေမာကို ခေါ်ယူရန် ဆန္ဒရှိနေသေးကြောင်း အဆိုပါ အသက် ၂၈ နှစ် အရွယ်ကစားသမား၏ အေးဂျင့်အဆိုအရ သိရသည်။

### အိုစင်မန်ကို ခေါ်ယူရန် စိတ်ဝင်စား

လက်စတာအသင်းသည် လိုင်လီအသင်းမှ တိုက်စစ်ကစားသမား အိုစင်မန် (၂၁နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားကို ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

### ဆီနာနီကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

နေ့ဝ့စ်ချ်အသင်းသည် လူဇင်ဘတ်ကလပ် F91 Dudelange မှ ဆီနာနီ (၂၃နှစ်) ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### အသင်း၌သာ ရှိနေမည်ဟု မက်ဒီဆင် ထုတ်ဖော်ပြောကြား

လက်စတာကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်နေသော်လည်း အသင်း၌သာ ရှိနေမည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

## မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် ပြန်လည်သတ်မှတ်မည်

**ရန်ကုန် မေ ၂၆**

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းထားသည့် တိုကျို အိုလံပစ်ပြိုင်ပွဲအတွက် ဝင်ခွင့် သတ်မှတ်ချက်များကို ပြန်လည် သတ်မှတ်သွားမည် ဖြစ်သည်။ မြန်မာ ကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရန် ကြိုးပမ်းနေပြီး ပြိုင်ပွဲ ရွှေ့ဆိုင်းမှုကြောင့် ဝင်ခွင့်ရရန် သတ်မှတ်ချက်များအပေါ် မူတည်၍ ကြိုးပမ်းရမည်ဖြစ်သည်။



ဓာတ်ပုံ-ဖိုးသော်ဇင်

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ယခင်က မေ ၂၆ ရက်အထိ ကျင်းပသည့် ပြိုင်ပွဲများမှ ရမှတ်များအပေါ် မူတည်၍ တွက်ချက်ကာ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ပေးရန် ဆုံးဖြတ်ထားသော်လည်း ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မတ်လကတည်းက ပြိုင်ပွဲများ ရပ်နားထားရခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားမှုနှုန်းမှာ မြင့်မားနေသောကြောင့် ဇူလိုင်လကုန်အထိ ပြိုင်ပွဲများ ရပ်နားထားရာ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်မှသာ အိုလံပစ်ဝင်ခွင့်အတွက် အတည်ပြု သတ်မှတ်ဖွယ်ရှိနေသည်။ သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရန် ကြိုးပမ်းနေသူဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်သည်။

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ချန်ပီယံဆု ရှစ်ကြိမ် ရရှိထားသည်။

သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲနှင့် BWF က ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများ ရွှေ့ဆိုင်းထားသော်လည်း အိုလံပစ်ဝင်ခွင့်အတွက် ကြိုးပမ်းမှုကို လက်လျှော့မည် မဟုတ်ဘဲ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။ BWF က ပြိုင်ပွဲများ ပြန်လည်ကျင်းပပါက ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ပြီး အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

# ဆိပ်ဖြူမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်အချို့ အမိုးလန်ပျက်စီး

**ဆိပ်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၂၆ ရက် မွန်းလွဲ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကုန်းရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းဆောင် တစ်ဆောင်နှင့် အလယ်ပိုင်းရပ်ကွက်မှ လူနေအိမ်အချို့ အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် ကုန်းရွာကျေးရွာအခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းဆောင် တစ်ဆောင်မှ အမိုး ၄၅ ပေခန့် (သွပ်မိုးများလန်ခြင်း၊ မြားတန်းများ) ပျက်စီးခြင်း၊ ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် (မာလာမြိုင်ကွက်သစ်) ရှိ လူနေအိမ် ခုနစ်လုံး အမိုးလန်ခဲ့ပြီး နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း မြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။ **ကိုစွဲ (အညာမြေ)**



လေပြင်းတိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံး။

## မြန်မာ့ရုပ်မြင်သံကြား

၂၇ . ၅ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ကာကွယ်ရေးဝန်ကြီးဌာန)
- ၉:၁၀ – မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉:၃၅ – "ရတနာ့အလား ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်များ"
- ၁၀:၃၀ – "Flowers and Butterflies" (Season– 2) (အပိုင်း– ၁၁၃ + ၁၁၄)
- ၁၁:၃၀ – မွေးမြူရေးရာအဖြာဖြာ "စီးပွားဖြစ်ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး"
- ၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့်သင်ကြားပို့ချမှု" (အပိုင်း–၃)
- ၁၃:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း– ၂၅)
- ၁၄:၂၀ – ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်

**ညပိုင်း**

- ၁၆:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်" (အပိုင်း– ၁၇)
- ၁၇:၃၅ – Yes or No Talk Show
- ၁၈:၂၅ – ဥပဒေရေးရာအဖြာဖြာ "ကာကွယ်ခုခံပိုင်ခွင့်အကြောင်း သိကောင်းစရာ" (အပိုင်း– ၂) ဦးခင်ဇော် (တရားလွှတ်တော် ရှေ့နေ–ပဲခူး)၊ ခိုင်ဇာ၊ ထက်လျှံဦး ဒါရိုက်တာ– ဝေဠု(ဝသန်)
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း– ၃၅) (၂)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်စတုတ္ထတစ်နှစ်တာ (ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန)
- – မြန်မာရုပ်ရှင်ရာပြည့် ဂုဏ်ပြုတေးများ
- – နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ထောင်ရေးပညတ်ချက်များ" (အပိုင်း– ၄)
- – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ထီးချိုင့်မြို့နယ်တွင် ယာဉ်တိုက်မှုဖြစ် တစ်ဦးသေဆုံး

**ထီးချိုင့် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

မေ ၂၅ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ထီးချိုင့်မြို့နယ် မောင်းကုန်းနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ် ချမ်းမြေ့ကျော် ဦးစီးသောအဖွဲ့သည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့သွားရောက် ကြည့်ရှုစစ်ဆေးရာ မောင်းကုန်းကျေးရွာအလယ်တွင် ကုန်များတင်ဆောင်၍ ရပ်ထားသော ယာဉ်မောင်း ဇော်ဦး၏ သုံးဘီးယာဉ်ကို မောင်ငြိမ်းချမ်းကို မောင်းနှင်ပြီး မြတ်မင်းသူအောင် လိုက်ပါလာသော ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ မောင်ငြိမ်းချမ်းကိုမှာ ရရှိသောဒဏ်ရာဖြင့် ထီးချိုင့်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် မောင်ငြိမ်းချမ်းကိုနှင့် ဇော်ဦးတို့ကို ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မံစီမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် နွား ၅၇ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

နယ်မြေခံတပ်မတော်မှ တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် နံနက် ၈ နာရီခွဲက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ကချင်ပြည်နယ် မံစီမြို့နယ် ဗီလောကျေးရွာအနီး လယ်ကွင်း၌ တနံ့ဆည်မြို့နယ် စည်းသာကျေးရွာနေ ဦးဆွေသိန်း (၅၀ နှစ်)ပါ ၁၆ ဦးကို မြို့နယ်ကျော်ခွင့်ပြုချက် စာရွက်စာတမ်း အထောက်အထားများမပါရှိဘဲ ခေါ်ဆောင်လာသည့် နွားထီး ၅၇ ကောင်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်မေးရာ နွားများကို ထီးချိုင့်မြို့နယ်မှ မံစီမြို့နယ် မန်ဝိန်းကြီးမြို့အနီးသို့ တောလမ်းအတိုင်း ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ဦးဆွေသိန်းပါ ၁၆ ဦးကို မံစီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



## ကျိုင်းတုံမြို့၌ ပွိုင့် ၃၈ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက် တွေ့ရှိ

**နေပြည်တော် မေ ၂၆**

ကျိုင်းတုံမြို့ ပန်မန်ကျေးရွာ ဓမောဒယဘုန်းကြီးကျောင်းအနီး၌ မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက (၄)ရပ်ကွက်နေ ဦးသက်နောင်(၆၀ နှစ်) မောင်းနှင်ပြီး ဦးစိုင်းမတ်(၅၃ နှစ်) လိုက်ပါသည့် အမှိုက်တင်ယာဉ်သည် အမှိုက်များသွန်ချစဉ် ကတ္တူပုံးဖြင့်ထည့်လျက် ပွိုင့် ၃၈ ဗို့ ခြောက်လုံးပြူး သေနတ် တစ်လက်ကို တွေ့ရှိသဖြင့် ကျိုင်းတုံမြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ရာ ကျိုင်းတုံမြို့မရဲစခန်းက လက်ခံသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**




**Don't Use Cell Phone While Driving**

**အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့**


# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုးပစ်မှုကြောင့် နွားလေးကောင် မီးလောင်သေဆုံး

**နေပြည်တော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အောင်းပင်းကျေးရွာ၌ မေ ၂၄ ရက် ည ၇ နာရီက မိုးရွာပြီး မိုးကြိုးပစ်မှုကြောင့် နွားလေးကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုင်းဖြတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲပိုင်းက မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက် အိမ်အမှတ် တ/၄၀၅ နေ ဝင်းနိုင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းနိုင်ဦး (၂၄ နှစ်) ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



[redacted]

ဝင်းနိုင်ဦးအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သာယာဝတီမြို့တွင် ညမထွက်ရအမိန့် ချိုးဖောက်သူ နှစ်ဦးအား အရေးယူ

**သာယာဝတီ မေ ၂၆**

သာယာဝတီမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ဒေသန္တရအမိန့်နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ညမထွက်ရအမိန့် လိုက်နာမှုမရှိသူ နှစ်ဦးအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မေ ၂၅ ရက် နံနက် ၂ နာရီခွဲတွင် သာယာဝတီမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင် ဦးဆောင်ပြီး ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီဝင်များ၊ သုံးဆယ်နယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းခိုင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုများပြုလုပ်နေစဉ် ပြည်မြို့မှ ရန်ကုန်မြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာသူ ထွန်းထွန်းဝင်း (၃၇ နှစ်)၊ ဝေဖြိုးဇော် (၁၉ နှစ်) ကျောင်းစုရပ်ကွက် သာယာဝတီမြို့နေသူတို့ကို တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းစဉ် ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ သုံးဆယ်မြို့ ဇေဒင်ကုန်းရပ်ကွက် ရန်ကုန်–ပြည်လမ်းတွင် ဖမ်းဆီးရမိခဲ့သဖြင့် ထပ်မံစစ်ဆေးမေးမြန်းရာ ခိုင်လုံသောအကြောင်းပြချက် ပြောပြနိုင်ခြင်းမရှိသဖြင့် ၎င်းတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# နောင်ချိုမြို့၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေနေရာအား ရောင်းချသူ နှစ်ဦးအား အရေးယူ

**နေပြည်တော် မေ ၂၆**

ရှမ်းပြည်နယ် နောင်ချိုမြို့ ဈေးရပ်ကွက်နေ ဦးရဲလင်းကျော်(၄၀ နှစ်)က တိုင်တန်း၍ တစ်ရပ်ကွက်တည်းနေ ဦးစန်းဦးမြ (၅၉ နှစ်)ပါ နှစ်ဦးကို မေ ၂၅ ရက်က နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ဖြစ်စဉ်မှာ ဦးရဲလင်းကျော်သည် ၂၀၁၈ ခုနှစ် မေလတွင် ဈေးရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ချထားပေးသည့် မြေဧရိယာတစ်ဧကကို သွားရောက်ကြည့်ရှုစဉ် မြေကွက်ပေါ်၌ ဂိုဒေါင်တစ်လုံး ဆောက်လုပ်ထားသဖြင့် စုံစမ်းခဲ့ရာ ယခင်ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းဦးမြပါ နှစ်ဦးက ၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်က ပြင်ဦးလွင်မြို့နေ ဦးမင်းဇော်သိန်းထံသို့ ငွေကျပ် သိန်း ၈၀ ဖြင့် ရောင်းချကာ ၎င်းတို့ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း သိရှိရ၍ တိုင်တန်းခြင်းဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်မှုအရှိန်မြင့်နေသည့်အတွက် လူနာခုတင်များ အမြန်ဆုံးထုတ်လုပ်

စင်ကာပူ ဧပြီ ၂၆


**စင်ကာပူ နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လျက်ရှိပြီး အထူးသဖြင့် ဝင်ငွေနည်းပါးသည့် ရွှေ့ပြောင်းလုပ်သားလူမှုအဖွဲ့အစည်းအတွင်း ရောဂါကူးစက်မှု မြင့်တက်နေသည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ လူနာများအတွက် ဆေးကုသဆောင်များအဖြစ် ယာယီအသုံးပြုနေသည့် အဆောက်အအုံများတွင် လူနာခုတင်များ ပိုမိုလိုအပ်လာနေသည့်အတွက် လိုအပ်ချက်ပြည့်မီစေရန် အမြန်ဆုံးဆောင်ရွက်လုပ်နေကြောင်း သိရသည်။**

လက်ရှိတွင် စင်ကာပူနိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ၉၃၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ လူဦးရေ ၅ ဒသမ ၇ သန်းနေထိုင်သည့် စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ၁၃၀၀၀ ကျော်ရှိလာပြီဖြစ်ကာ ယင်းပမာဏသည် အရှေ့တောင်အာရှဒေသ၌ အများဆုံးဖြစ်သည်။ စင်ကာပူ၌ လာရောက်အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ အထူးသဖြင့် အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများမှ အလုပ်သမားများ နေထိုင်သည့် အိမ်ရာများတွင် ရောဂါကူးစက်ပျံ့နှံ့မှုက အခြေအနေ ပိုမိုဆိုးရွားစေခဲ့သည်။

အာရှဒေသ၏ အကြီးဆုံးလေကြောင်းစုဝေးရာ ဖြစ်ပြီး စင်ကာပူလေကြောင်းပြပွဲများ ကျင်းပရာဖြစ်သည့် ချန်ဂီ ပြန်လည်ထူထောင်ရေးစင်တာ၌ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသူများနှင့် ရောဂါလက္ခဏာပြင်းထန်မှုမရှိသူ ၄၀၀၀ ကျော်ကို လက်ခံထားသည်။ လိုအပ်သည့် အခြေခံအဆောက်အအုံတည်ဆောက်မှုဖြစ်စဉ်တစ်ခုလုံးပြီးစီးရန် ခြောက်ရက်ကြာမြင့်ကြောင်း ယာယီအဆောက်အအုံဖွဲ့စည်းမှုဆိုင်ရာ စီစဉ်ဆောင်ရွက်ရေးကော်မတီဝင်တစ်ဦးဖြစ်သည့် ဂျိုးဆက်တန်က ပြောကြားခဲ့သည်။

အာရှဒေသ၌ တရုတ်၊အိန္ဒိယ၊ ဂျပန်နှင့် ပါကစ္စတန်နိုင်ငံပြီးလျှင် စင်ကာပူသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်အရေအတွက် အမြင့်ဆုံးဖြစ်သည်။ ရောဂါကူးစက်ခံရသူများအနက် ၈၀ ရာခိုင်နှုန်းဖြစ်သည့် လူ ၁၀၀၀၀ ကျော်မှာ ပြည်ပအလုပ်သမားများဖြစ်ကြပြီး ၎င်းတို့အနက် ရောဂါလက္ခဏာမပြင်းထန်သူများကို ကွန်ဖရင့်စင်တာကဲ့သို့ ယာယီအဆောက်အအုံများတွင် သီးခြားကန့်သတ်စောင့်ကြည့် မှုပြုလုပ်ထားကြောင်း သိရသည်။

**ဗန်ကောက်ပို့စ်**



# တရုတ်နိုင်ငံက အရည်အသွေးမပြည့်မီသည့် နှာခေါင်းစည်းအတု ၈၉ သန်းကို သိမ်းဆည်း

**ပေကျင်း ဧပြီ ၂၆**

တရုတ်နိုင်ငံ၌ အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ထားခြင်းမရှိသည့် နှာခေါင်းစည်းအတု ၈၉ သန်းကျော်ကို စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း အစိုးရအာဏာပိုင်တစ်ဦးက ဧပြီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကမ္ဘာတစ်ဝန်းလုံးက ရင်ဆိုင်တိုက်ခိုက်နေရချိန်တွင် နှာခေါင်းစည်းများ ပိုမိုလိုအပ်လာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းရှိ ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၂ ဒသမ ၉ သန်းနီးပါးရှိလာခဲ့သည်။

ယင်းအချိန်တွင် ဆေးဝန်ထမ်းများ၊ ဗိုင်းရပ်စ်နှင့် အနီးကပ်ဆုံးထိတွေ့ရသည့် လူမှုအဖွဲ့အစည်းများက အများဆုံးအသုံးပြုနေရသည့် နှာခေါင်းစည်းများနှင့် အခြားထုတ်ကုန်ပစ္စည်းများတွင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ထားခြင်းမရှိသည့်ပစ္စည်းများ ဝင်ရောက်လာမှုများရှိနေကြောင်း နိုင်ငံအများအပြားက စောဒကတက်ခဲ့ကြသည်။

ပြီးခဲ့သည့် ဧပြီ ၂၄ ရက်က တရုတ်နိုင်ငံမှ ဈေးကွက်စည်းကမ်းကြပ်မတ်ရေးအာဏာပိုင်များသည် စီးပွားရေးလုပ်ငန်းပေါင်း ၁၆ သန်းနီးပါးကို စစ်ဆေးခဲ့ပြီး နှာခေါင်းစည်းအတုအခုရေ ၈၉ သန်းနှင့် အကာအကွယ်ပစ္စည်း အခု ၄၁၈၀၀၀ တို့ကို သိမ်းဆည်းခဲ့ကြောင်း ဈေးကွက်စည်းကမ်းကြပ်မတ်ရေး နိုင်ငံတော်စီမံခန့်ခွဲမှုအဖွဲ့ ဒါရိုက်တာ ဂန်လင်က ပြောကြားခဲ့သည်။

စစ်ဆေးရေးအဖွဲ့သည် တရုတ်ယွမ်ငွေ ၇ ဒသမ ၆ သန်း ( အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း)ကျော်ဖိုးရှိသည့် အရည်အသွေးနိမ့် ပိုးသတ်ဆေးများကိုလည်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တရုတ်နိုင်ငံရှိ နှာခေါင်းစည်းထုတ်လုပ်သည့်စက်ရုံတစ်ရုံ၌ အလုပ်သမားတစ်ဦး အလုပ်လုပ်နေစဉ်။

# မလေးရှားမှ တရားမဝင်ပြန်ရောက်လာသည့် ထိုင်းအလုပ်သမားအရေအတွက် မြင့်တက်လာ

**ဗန်ကောက် ဧပြီ ၂၆**

မလေးရှားနိုင်ငံ ကိုလော့မြစ်ကို ဖြတ်ကျော်ကာ ထိုင်းနိုင်ငံသို့ ပြန်ရောက်လာကြသည့် အလုပ်သမား ၂၅ ဦးကို တရားမဝင်နယ်စပ်ဖြတ်ကျော်မှုဖြင့် ဧပြီ ၂၆ ရက်က ဖမ်းဆီးခဲ့ပြီး ၎င်းတို့ကို ၁၄ ရက်ကြာကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်အလုပ်သမားများသည် မလေးရှားနိုင်ငံ၌ အစိုးရက အဝင်အထွက်ပိတ်ဆို့ကန့်သတ်ထားသည့်အမိန့်ကို မေ ၁၂ ရက်အထိ အချိန်ထပ်တိုးလိုက်ပြီးနောက် မလေးရှားနိုင်ငံအတွင်း သောင်တင်နေခဲ့သည်ဟု ထိုင်းအလုပ်သမားအဖွဲ့မှ ဖြစ်သည်။

ထိုင်းအလုပ်သမား အမြောက်အမြားပါဝင်သည့် လူအုပ်ကြီးတောလမ်းမှတစ်ဆင့် နယ်စပ်ကိုဖြတ်ကျော်လာကြောင်း သိရပြီးနောက် ကိုလော့မြစ်၏သုံးကီလိုမီတာအကွာတစ်လျှောက် ကင်းလှည့်နေသည့် အစောင့်တပ်ဖွဲ့တစ်ဖွဲ့က ထိုင်းနိုင်ငံဘက်ခြမ်းသို့ အလုပ်သမားများအား လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ထိုင်းအလုပ်သမား ၂၅ ဦးကို ဆန်ဂိုင်ကိုလော့ နယ်စပ်လုံခြုံရေး စစ်ဆေးရေးဂိတ်သို့ ခေါ်ဆောင်သွားခဲ့ပြီး နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်မှုဖြင့် အရေးယူခဲ့သည်။

**ဗန်ကောက်ပို့စ်**



ကိုလော့မြစ်ကို ဖြတ်ကူးနေသည့် နေရပ်ပြန် ထိုင်းအလုပ်သမားများကို တွေ့ရစဉ်။

## သီရိလင်္ကာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဆက်လက်မြင့်တက်နေ ပိတ်ဆို့ကန့်သတ်မှုကာလ ထပ်တိုး

**ကိုလံဘို ဧပြီ ၂၆**

သီရိလင်္ကာနိုင်ငံရှိ ရေတပ်အခြေစိုက်စခန်းတစ်ခုအပါအဝင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ထပ်မံမြင့်တက်လာခဲ့ပြီးနောက်တွင် အစိုးရက တစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ဖယ်ရှားမည့်အစီအစဉ်ကို လက်လျှော့လိုက်ကာ ကန့်သတ်ပိတ်ဆို့မှုကို အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။

မတ် ၂၀ ရက်တွင် စတင်ချမှတ်ခဲ့သည့် တစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို ဖယ်ရှားတော့မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ရောဂါကူးစက်မှုမြင့်တက်လာသည့်အခြေအနေကြောင့် အစိုးရက ပိတ်ဆို့ကန့်သတ်မှုအချိန်ကာလကို လာမည့် မေ ၄ ရက်အထိ ထပ်တိုးလိုက်ကြောင်း သိရသည်။

မြို့တော်ကိုလံဘိုရှိ လူနေထူထပ်သည့် ဧရိယာတွင် ရောဂါကူးစက်ခံရသူ ၈၁ ဦးထပ်မံတွေ့ရှိရမှုအပါအဝင် ပိုးတွေ့လူနာအရေအတွက် ထပ်မံမြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။ ဝီလီဆာရာ ရေတပ်အခြေစိုက်စခန်း၌ ရောဂါကူးစက်ခံရသည့် သင်္ဘောသားအရေအတွက် ၆၅ ဦးအထိမြင့်တက်လာခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်နှောင်းပိုင်းက ကိုလံဘိုမြို့စွန်ရှိ သင်္ဘောအမှုထမ်းများနှင့် ၎င်းတို့မိသားစုများနေထိုင်ရာ ဝီလီဆာရာ ရေတပ်အခြေစိုက်စခန်းတွင် ရောဂါကူးစက်ခံရသူ အယောက် ၃၀ ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ရေတပ်အခြေစိုက်စခန်းတစ်ခုလုံးကို ကန့်သတ်စောင့်ကြည့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အီတလီ၌ ရက်သတ္တခြောက်ပတ်အတွင်း ကပ်ရောဂါကြောင့်သေဆုံးသူပမာဏ အနိမ့်ဆုံးစံချိန်တင်

**ရောမ ဧပြီ ၂၆**

ကိုဗစ်- ၁၉ ကျရောက်မှု အဆိုးဆုံးခံစားနေရသည့် အီတလီနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၄၁၅ ဦးထပ်မံပေါ်ထွက်လာကြောင်း အတည်ပြုခဲ့ပြီး ယင်းပမာဏသည် ရောဂါစတင်ကူးစက်ဖြစ်ပွားခဲ့သည့် မတ် ၁၈ ရက်မှစတင်ကာ သေဆုံးမှုအနိမ့်ဆုံး ပမာဏအဖြစ် စံချိန်တင်ခဲ့ကြောင်း ဧပြီ ၂၅ ရက်က ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းဖော်ပြချက်အရ သိရသည်။

ပြီးခဲ့သည့် ဧပြီ ၂၄ ရက်က သေဆုံးသူအရေအတွက် ၄၂၀ ရှိခဲ့ရာမှ လျော့ကျသွားခြင်းဖြစ်ကြောင်း ပြည်တွင်းကာကွယ်ရေးဌာနမှ ဖော်ပြသည့် ကိန်းဂဏန်းများအရ သိရသည်။

ယခုနှစ်အစောပိုင်းတွင် အီတလီမြောက်ပိုင်း၌ ရောဂါကူးစက်ပျံ့နှံ့ခဲ့ချိန်မှစတင်ကာ တစ်နိုင်ငံလုံး၌ သေဆုံးသူအရေအတွက် ၂၆၃၈၄ ဦးအထိ မြင့်တက်လာပြီဖြစ်သည်။

နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအရ ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၁၀၅၈၄၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူ ၂၁၀၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေလျက်ရှိပြီး ဆေးရုံတက်ကုသနေရသူအရေအတွက် ၂၁၅၃၃ ဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံတွင် ခွဲထွက်ရေးသမားများက ကိုယ်ပိုင်အုပ်ချုပ်ရေး ကြေညာ

**အေဒင် မေ ၂၆**

ယီမင်ခွဲထွက်ရေးသမားများက မေ ၂၆ ရက်အစောပိုင်းတွင် နိုင်ငံတောင်ပိုင်းကို ကိုယ်ပိုင်အုပ်ချုပ်သည့်ဒေသအဖြစ် ကြေညာခဲ့ရာ အစိုးရနှင့် ပြုလုပ်ထားသည့် ငြိမ်းချမ်းရေးစာချုပ် အစိတ်စိတ်အမွှာမွှာ ပြိုလဲသွားခဲ့ရသည်။ ယီမင်အစိုးရဘက်မှ လုပ်ဆောင်ဖွယ်ရှိသည်များကို ပျက်ကွက်သည်ဟုဆိုကာ တောင်ပိုင်း အသွင်ကူးပြောင်းရေးကောင်စီ STC က အပြစ်တင်ခဲ့သည်။

ထို့ပြင် တောင်ပိုင်းကိစ္စရပ်များတွင်လည်း လျှို့ဝှက်ကြံစည်သည်ဟုစွပ်စွဲခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်သည့်ဒေသအဖြစ် ကြေညာခဲ့သည်။

ယီမင်အစိုးရက တောင်ပိုင်းခွဲထွက်ရေးသမားများ၏ လုပ်ရပ်ကို ရှုတ်ချခဲ့သည်။

တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီ STC လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာမည့်ကပ်ဘေးနှင့် အန္တရာယ်များအတွက် STC က တာဝန်ယူရမည်ဟု ယီမင်အစိုးရက ကြေညာခဲ့သည်။

STC နှင့် ယီမင်အစိုးရတို့သည် ယခင်က ဆော်ဒီဦးဆောင်သည့်အဖွဲ့တွင် မဟာမိတ်များဖြစ်ကြပြီး အီရန်ကျောထောက်နောက်ခံပြုထားသည့် ယီမင်သူပုန်များကို တိုက်ထုတ်ရာတွင် ပါဝင်ခဲ့သည်။

STC အဖွဲ့သည် ယီမင်နိုင်ငံတောင်ပိုင်းတွင် မေ ၂၅ ရက် သန်းခေါင်ယံမှ စတင်ကာ ကိုယ်ပိုင်အုပ်ချုပ်သည့်ဒေသအဖြစ် ကြေညာခဲ့သည်။

ကောင်စီဥက္ကဋ္ဌ တာဝန်ခွဲဝေထားသည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်သည့်ဒေသအစိုးရသည် လုပ်ငန်းတာဝန်များ ခွဲဝေသွားမည်ဟု ကြေညာခဲ့သည်။

ယီမင်အစိုးရနှင့် ဟူသီသူပုန်တို့ကြား ငါးနှစ်ကြာ တိုက်ပွဲများကြောင့် အရပ်သားထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

ယခုလအစောပိုင်းတွင်လည်း ယီမင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူကိုတွေ့ရှိခဲ့ပြီး ရောဂါပျံ့နှံ့မည်ကို စိုးရိမ်နေကြရသည်။

**အေအက်ဖ်ပီ**



ယီမင်နိုင်ငံတောင်ပိုင်း မြို့တွင်းတစ်နေရာကို တွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၀၀၀၀ နီးပါးရှိလာ



နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် လက်သန့်ဆေးရည်ပေးနေသော လုံခြုံရေးအရာရှိတစ်ဦးကို တွေ့ရစဉ်။

**လာဂို့စ် မေ ၂၆**

အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၃၀၀၀၀နီးပါးရှိလာပြီဖြစ်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့သည်။

မူလကတည်းက အားနည်းနေသည့် ကျန်းမာရေးစနစ်တွင် ကိုဗစ် -၁၉ ကြောင့်ပိုမိုဆိုးရွားလာသည်ဟု အရာရှိများကပြောသည်။ အာဖရိကတိုက်တွင် ပထမဆုံး ကိုဗစ်-၁၉ လူနာကို အီဂျစ်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက စတင်တွေ့ရှိခဲ့ပြီး မတ်လမှစတင်ကာ ရောဂါကူးစက်ပျံ့နှံ့မှု မြင့်တက်လာခဲ့သည်။ အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၂၈၁၅၉ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။ တောင်အာဖရိကတွင် ကူးစက်မှု အမြင့်ဆုံးဖြစ်ပြီး လူပေါင်း ၃၉၅၃ ဦး ကူးစက်ခံထားရကာ အီဂျစ်နိုင်ငံတွင် ၃၈၉၁ ဦး၊ မော်ရိုကိုနိုင်ငံတွင် ၃၅၆၈ ဦး ကူးစက်ခံထားရသည်။

ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေသော်လည်း အချို့သော အာဖရိကနိုင်ငံများတွင် အစိုးရနှင့် သူပုန်တို့အကြား တိုက်ပွဲများဖြစ်ပွားနေမှု၊ ဆေးပစ္စည်းနှင့် ဝန်ထမ်းမလုံလောက်မှုတို့ကြောင့် ရောဂါထိန်းချုပ်ရေးအတွက် အဟန့်အတားများ ဖြစ်နေရသည်။

အာဖရိကနိုင်ငံများတွင် ရောဂါကူးစက်ပျံ့နှံ့မှုမှာ တစ်ပတ်အတွင်း ၂ ဒသမ ၅ ဆ သို့မဟုတ် ၃ ဆအထိ မြင့်တက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အာဖရိက နိုင်ငံအချို့သည် ယခုမှ ရောဂါစတင်ကူးစက်ခါစအခြေအနေဖြစ်ပြီး ခရီးရှည်သွားရဦးမည်ဟု ၎င်းကသတိပေးခဲ့သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၈၅ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ အရေအတွက် ၂၈၅ ဦးထပ်မံတွေ့ရှိခဲ့သည်ဟု မေ ၂၆ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ စုစုပေါင်းမှာ ၇၅၇၉ ဦးအထိရှိလာပြီဖြစ်သည်။ လူပေါင်း ၇၀ မှာ ပြန်လည်ကျန်းမာလာသည့်အတွက် ပြန်လည်ကျန်းမာလာသူ စုစုပေါင်းအရေအတွက်မှာ ၈၆၂ ဦး ရှိပြီဟု ကျန်းမာရေးဌာနမှ ပြောကြားခဲ့သည်။ သို့သော် နောက်ထပ်လူနာခုနစ်ဦး သေဆုံးခဲ့သည့်အတွက် ကိုဗစ် - ၁၉ ကြောင့်သေဆုံးသူ အရေအတွက်မှာ ၅၀၁ ဦးရှိလာပြီဖြစ်သည်။ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းပေါင်း ၁၁၀၀ ရှိပြီဟု ကျန်းမာရေး ဒုတိယဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျီရီက ပြောသည်။

မနီလာမြို့နှင့် လူဇုန်ကျွန်းမှ ကူးစက်မှုမြင့်သည့်နေရာများတွင် ပိတ်ဆို့ကန့်သတ်မှုကို မေ ၃၁ ရက် အထိ တိုးမြှင့်လိုက်ကြောင်း ဖိလစ်ပိုင်အစိုးရက မေ ၂၄ ရက်တွင် ကြေညာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ကိုဗစ် -၁၉ ကူးစက်မှု ရပ်တန့်စေရေးအတွက် ပြည်သူပူးပေါင်းမှုဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်မှုများကို တိုးမြှင့်လုပ်ဆောင်ထားကြောင်း သိရသည်။ **ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ ဆန်ဝမ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းနေသည်ကို တွေ့ရစဉ်။

## ဆော်ဒီအာရေဗျတွင် ကြိမ်ဒဏ်အပြစ်ပေးခြင်းကို အဆုံးသတ်တော့မည်

**ရီယာ့ဒ် မေ ၂၆**

ဆော်ဒီအာရေဗျနိုင်ငံတွင် အပြစ်ပေးမှုတစ်ရပ်အဖြစ် ကြိမ်ဒဏ်အပြစ်ပေးခြင်းကိုအဆုံးသတ်တော့မည်ဟု ဆော်ဒီမီဒီယာများတွင် ဖော်ပြထားသည်။

### ပြန်လည်သုံးသပ်

ဆော်ဒီနိုင်ငံတွင် ယခုအခါ စည်းမျဉ်းဥပဒေများကို ပြန်လည်သုံးသပ်နေပြီဖြစ်သည်။

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအောက်တွင် အမျိုးသမီးများ ကားမောင်းခွင့်ပိတ်ပင်ထားမှုကို အဆုံးသတ်ပေးခဲ့သည်။

### အစားထိုးသွားမည်

ယခုအခါတွင်လည်း ကြိမ်ဒဏ်အပြစ်ပေးခြင်းအစား ငွေဒဏ်ချမှတ်ခြင်း သို့မဟုတ် ထောင်ဒဏ်အပြစ်ပေးခြင်းကို အစားထိုးသွားမည်ဟု မေ ၂၅ ရက်တွင် မီဒီယာများ၌ ဖော်ပြထားသည်။

ဆော်ဒီအစိုးရကို ဝေဖန်လျှင် ကြိမ်ဒဏ်အပြစ်ပေးလေ့ရှိပြီး အစိုးရကို ဝေဖန်ရေးစာများရေးသားသည့် ဘလော့ဂါများကို ကြိမ်ဒဏ်အချက် ၁၀၀၀ အထိ ပေးလေ့ရှိသည်။

### ပုံရိပ်မြှင့်တင်နိုင်ရေး ကြိုးပမ်း

ဆော်ဒီဂျာနယ်လစ် တစ်ဦး အသတ်ခံရပြီးနောက်ပိုင်း အိမ်ရှေ့မင်းသားသည် နိုင်ငံတကာတွင် ဆော်ဒီနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်ရေးကြိုးပမ်းလျက်ရှိသည်။

ဆော်ဒီနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို ပြန်လွှတ်ပေးရေး တိုက်တွန်းကြောင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေးက မေ ၂၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်လူနာ မတွေ့ရ

**ဘန်ဒါဆီရီဘီဂါဝမ် မေ ၂၅**

ဘရူနိုင်းနိုင်ငံတွင် ပထမဆုံး ကိုဗစ် -၁၉ ကူးစက်ခံရသူလူနာကို မတ် ၉ ရက်က စတင်တွေ့ရှိခဲ့ပြီး မေ ၂၅ ရက်တွင် နောက်ထပ်ကူးစက်လူနာမတွေ့ရသဖြင့် ကူးစက်ခံရသူ လူနာ ၁၃၈ ဦးတွင် ရပ်တန့်နေခဲ့သည်။

မေ ၂၅ ရက်တွင် နောက်ထပ်လူနာတစ်ဦးသက်သာလာသည့်အတွက် စုစုပေါင်းပြန်ကောင်းသူအရေအတွက်မှာ ၁၂၁ ဦးရှိလာပြီဟု ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ကူးစက်ခံရသည့်လူနာများကို အမျိုးသားသီးသန့်လူနာဆောင်တွင် ထားရှိသည်။

လူနာနှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကာ အသက်ရှူအထောက်အကူပြုကိရိယာအကူအညီလိုအပ်သည်ဟု သိရှိရပြီး ကျန်လူနာများအားလုံးမှာမူ အခြေအနေတည်ငြိမ်လျက်ရှိသည်။ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ လူတစ်ဦးသာရှိသည်။

လူပေါင်း ၁၃၁ ဦးမှာ ကန့်သတ်စောင့်ကြည့်မှုခံထားရပြီး လူပေါင်း ၂၄၃၃ ဦးမှာ ကန့်သတ်စောင့်ကြည့်ခံကာလ ပြီးဆုံးသွားပြီဖြစ်သည်။ လူပေါင်း ၁၂၈၈၆ ဦးအတွက် ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဈေးဆိုင်ငယ်လေးများကို ပြန်လည်ဖွင့်လှစ် ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း နယူးဒေလီဝန်ကြီးချုပ်ပြော

ဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံ နယူးဒေလီအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်သည့်အတွက် လူနေဒေသမှာရှိတဲ့ ဈေးဆိုင်ငယ်လေးတွေကို ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုရန် ဆုံးဖြတ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၆ ရက်က ဖော်ပြလိုက်သည်။

သို့သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားသည့်နေရာရှိ ဈေးဆိုင်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းနေတဲ့နေရာမှ ဈေးဆိုင်များ၊ ဈေးဝယ်ကုန်တိုက်ကြီးများကိုမူ မေ ၃ ရက်အထိ ဖွင့်လှစ်ခွင့်ပြုမည်မဟုတ်ကြောင်း မေလ ၃ ရက်နေ့သည် အိန္ဒိယနိုင်ငံ၏ အလုံပိတ်ကန့်သတ်ထားရှိမှု နောက်ဆုံးရက်ဖြစ်ကြောင်း သိရသည်။

အန္တရာယ်ကင်းသည့် လူနေဒေသရှိ ဈေးဆိုင်လေးများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် လွန်ခဲ့တဲ့ နှစ်ရက်က ဗဟိုအစိုးရကဆုံးဖြတ်ခဲ့ကြောင်း သိရ သည်။

ဒေလီအစိုးရအနေဖြင့် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်များနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဒေလီဝန်ကြီးချုပ် ကာ့ဂျ်ရီဝယ်က ပြောကြားလိုက်သည်။ ထို့အတူ ၎င်းက အိန္ဒိယမြို့တော်တွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကျဆင်းသွားပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

### ကိုဗစ်-၁၉ ခြေရာခံစနစ်ပါဝင်သည့် ဆော့ဖ်ဝဲတစ်ခုကို ကျူးဘားကွန်ပျူတာ ပညာရှင်တီထွင်

ဟာဗားနား မေ ၂၆

ကျူးဘားနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ခြေရာခံစနစ်ပါဝင်သည့် ဆော့ဖ်ဝဲတစ်ခုကို ကွန်ပျူတာကျွမ်းကျင်ပညာရှင်များက တီထွင်လိုက်ကြောင်းနှင့် အဆိုပါ ဆော့ဖ်ဝဲသည် နိုင်ငံအနှံ့ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးပေးနိုင်မည် ဖြစ်ကြောင်းနှင့် အဆိုပါ ဆော့ဖ်ဝဲတီထွင်သူအမည်မှာ ရို့စ်ဗယ်ဖယ်လာရိုဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၆ ရက်က ဖော်ပြလိုက်သည်။

၂၀၁၈ ခုနှစ်က တရုတ်ပညာတော်သင်အဖြစ် ဝူဟန်တွင် သွားရောက်ပညာသင်ခဲ့သူ ကွန်ပျူတာသိပ္ပံဆိုင်ရာ ကျွမ်းကျင်သူက ၎င်း၏ စွမ်းရည်များကို သွေးသည့်အနေဖြင့် ယခုဆော့ဖ်ဝဲကို တီထွင်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တရုတ်နိုင်ငံတွင် သွားရောက်ပညာသင်ယူခဲ့ခြင်းက ယခုဆော့ဖ်ဝဲကို ဘယ်လိုတီထွင်ရမလဲဆိုသည့် အခြေခံအချက်များကို ကောင်းစွာရရှိခဲ့ပြီးနောက် ယခုအက်ပ်စ်ကို ကိုဗစ်-၁၉ သံသယရှိသူကို ခြေရာခံရာတွင် ပိုမိုကောင်းမွန်မြန်ဆန်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ဒုတိယလှိုင်းဂယက် ရိုက်ခတ်လာမှာကို စိုးရိမ်နေတဲ့ ကမ္ဘာ့ပြည်သူတွေ

*ထွန်းသစ်စ*

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးသူအရေအတွက်ဟာ စိတ်မကောင်းစွာနဲ့ပဲ ၂၀၀၀၀၀ ကျော်လွန်လာမှုနဲ့အတူ သေဆုံးမှုများတဲ့ ကပ်ရောဂါတစ်ခုအဖြစ် သမိုင်းဝင်ခဲ့ပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သေမင်းခံတွင်းဝ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်လွတ်မြောက်လာတဲ့ လူနာတွေကို ရောဂါခံနိုင်ရည်ရှိတယ်၊ ရောဂါပြီးတဲ့လက်မှတ်ရှိတယ်ဆိုပြီး ပေါ့ပေါ့ဆဆမနေဘဲ သတိထားဖို့နဲ့ ဒုတိယလှိုင်းဂယက်ရိုက်ခတ်လာမှာကိုလည်း သတိထားဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။ ထို့အတူ ကမ္ဘာ့နိုင်ငံတွေဟာလည်း စီးပွားရေးတွေကို ပြန်လည်ဖွင့်လှစ်ဖို့ ပြင်ဆင်မှုတွေ လုပ်ဆောင်နေကြပါတယ်။



ကိုဗစ်-၁၉ စမ်းသပ်မှုများကို လုပ်ဆောင်နေသည်ကိုတွေ့ရစဉ်။

**မတတ်သာခပ်ခွာခွာနေရမယ့် စည်းမျဉ်းကို လိုက်နာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဲဒီလို ရောဂါပြီးတဲ့ လက်မှတ်ရှိတဲ့ကိစ္စတွေကို ဆန့်ကျင်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်-၁၉ မှ ပြန်လည်နိုးထလာသူတွေဟာ ပြန်လည်ကူးစက်ခံရမှုမှ မကာကွယ်နိုင်လို့ပဲ ဖြစ်ပါတယ်။

လတ်တလောမှာတော့ ကိုဗစ်-၁၉ လို့ခေါ်တဲ့သေမင်းနှုတ်ခမ်းဝမှ ပြန်လည်နိုးထလာသူတွေဟာ ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်တဲ့ ပဋိဇီဝပစ္စည်းရှိမလားဆိုတဲ့ သက်သေအထောက်အထားမျိုးကို ရှာမတွေ့ထားသေးပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၎င်းရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

တစ်ချိန်တည်းမှာပဲ ကမ္ဘာတစ်ဝန်း မွတ်စလင်သန်းပေါင်းများစွာရဲ့ ရာမဒန်ဥပုသ်လ ဒုတိယရက်နေ့လည်းဖြစ်ပါတယ်။ သူတို့တွေလည်း မတတ်သာခပ်ခွာခွာနေရမယ်ဆိုတဲ့ စည်းမျဉ်းတွေကို လိုက်နာကြပါတယ်။

ထို့အတူ သြစတြေးလျနိုင်ငံသားတွေနဲ့ နယူးဇီလန်နိုင်ငံသားတွေဟာ ပုံမှန်အားဖြင့် ပါလေ့ပါထရှိတဲ့ ချီတက်အခမ်းအနားတွေ၊ ကျဆုံးသွားတဲ့စစ်သည်တော်တွေကို အထိမ်းအမှတ်အဖြစ် အမှတ်တရကျင်းပပေးတဲ့ ဂုဏ်ပြုအစီအစဉ်တွေမပါတော့ဘဲ အန်ဇက်နေ့ (တပ်မတော်နေ့)ကို ကျင်းပခဲ့ကြပါတယ်။ အဲဒီလို ကျင်းပတဲ့အခါမှာလည်း သူတို့ဟာ ခပ်ခွာခွာ နေထိုင်ရမယ့် မူဝါဒတွေအတိုင်း ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ လူတွေဟာ သူတို့ရဲ့ အိမ်ရှေ့မှာ ဆုတောင်းမေတ္တာပို့သဖို့အတွက် မအိပ်ဘဲ အရုဏ်တက်တဲ့အထိ စောင့်ဆိုင်းခဲ့ကြပါတယ်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်တဲ့အနေနဲ့ ကမ္ဘာ့လူဦးရေထက်ဝက်ကျော်ဟာ ကန့်သတ်မှုတွေနဲ့ နေထိုင်နေကြရတဲ့အချိန်မှာ သီရိလင်္ကာအစိုးရမှသည် ဘယ်လ်ဂျီယံ ထိုမှတစ်ခါ အမေရိကန်ပြည်ထောင်စုရဲ့ အစိုးရတွေဟာ သူတို့နိုင်ငံတွေရဲ့ စီးပွားရေးကို တစ်ပိုင်းတစ်စ ပြန်လည်ဖွင့်လှစ်ပေးဖို့ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း ကူးစက်ခံရမှုဟာ အခုဆိုရင်တော့ ၂ ဒသမ ၈၆ သန်းအထိ မြင့်တက်လာခဲ့ပြီး သေဆုံးမှုတွေဟာလည်း နှစ်သိန်း ကျော်လာပြီဖြစ်ပါတယ်။ အဲဒီပမာဏဟာ လွန်ခဲ့တဲ့ မေ ၁၀ ရက်ကနဲ့ နှိုင်းယှဉ်ရင် နှစ်ဆကျော်လောက် မြင့်တက်သွားတာ ဖြစ်တယ်လို့ အေအက်ဖ်ပီရဲ့ စာရင်းဇယားများအရ သိရပါတယ်။

ဥရောပဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့ နေရာပဲဖြစ်ပါတယ်။ အဲဒီမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ ၁၂၂၀၇၁ ဦးလောက်အထိရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၄၉၄ ဦးလောက်ရှိပြီး စုစုပေါင်းသေဆုံးသူပမာဏဟာ ၅၃၅၁၁ ဦးအထိ မြင့်တက်လာပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ တွေ့ရှိမှုပမာဏဟာ ၉၃၆၂၉၃ ဦးအထိ တိုးလာပါတယ်။

အီတလီမှာလည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုဟာ ၂၆၃၈၄ ဦးအထိမြင့်တက်လာခဲ့သလို စပိန်မှာလည်း ၂၂၉၀၂ ဦး၊ ပြင်သစ်မှာလည်း ၂၂၆၁၄ ဦးနဲ့ အင်္ဂလန်မှာလည်း ၂၀၃၁၉ ဦးအထိ ရောက်ရှိလာပါတယ်။

**ပြန်လည်ကူးစက်နိုင်ကြောင်း သတိပေးခြင်း**

ကုမ္ပဏီတွေနဲ့ အစိုးရတွေက ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှာ တရုတ်နိုင်ငံမှာ ပထမဆုံးဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကို ကုသမှုရနိုင်မယ့် နည်းလမ်းတွေ၊ ပထမဆုံးကာကွယ်ဆေးထုတ်လုပ်နိုင်မှုတွေအတွက် ယှဉ်ပြိုင်နေဆဲမှာ ကမ္ဘာကြီးကလည်း ဘာမှမတတ်နိုင်ဘဲ စောင့်ဆိုင်းနေရပါတယ်။ ကိုဗစ်-၁၉ တွေ့ရှိကြောင်း အတည်ပြုပြီးမှ ပြန်လည်ကောင်းမွန်လာတဲ့သူတွေကို ကိုဗစ်-၁၉ ပြန်လည်ကူးစက်နိုင်တဲ့အတွက်ကြောင့် သတိထားကြဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းလိုက်ပါတယ်။

စီးပွားရေးတွေ ပိတ်ထားပြီးနောက် ရောဂါခံနိုင်ရည်ရှိကြောင်း လက်မှတ်ရထားတဲ့လူတွေ တစ်နည်းအားဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရပြီးမှ ပြန်လည်ကောင်းမွန်လာသူတွေကို လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုနေကြောင်း တွေ့ရှိပြီးနောက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အခုလို သတိပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီလို ပြန်လည်ကောင်းမွန်လာသူတွေအနေနဲ့ သူတို့ကိုယ်သူတို့ တခြားသူတွေကို ရောဂါမကူးနိုင်တော့ဘူးလို့ ယူဆပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေ၊ သတိပေးချက်တွေကို မထီမဲ့မြင် ပြုသလိုဖြစ်နေကြောင်း လေ့လာတွေ့ရှိပြီးနောက်ပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အခုလို သတိပေးလိုက်တာပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ စမ်းသပ်မှုတွေ ပိုမိုအများအပြား ပြုလုပ်လာနိုင်တာနဲ့အညီ ဒီကိစ္စဟာလည်း နည်းနည်းစိုးရိမ်ဖွယ်ဖြစ်လာပါတယ်။

ကျွန်တော့်မှာ ကိုဗစ်-၁၉ ရှိပြီးသားဆိုရင် ကျွန်တော့်ကို ထပ်မကူးနိုင်တော့ဘူးလို့လည်း ဘာလင်ဒေသခံ လိုသာကော့ပ်က ပြောပါတယ်။ ဂျာမနီနိုင်ငံမှာ ကိုဗစ်-၁၉ ပိုး ရှိ မရှိ စမ်းသပ်မှုပေါင်း ထောင်နဲ့ချီ ပြုလုပ်လျက်ရှိသလို တချို့နိုင်ငံတွေကလည်း လူတစ်ဦးရဲ့ ခုခံနိုင်စွမ်းအားအဆင့်နဲ့ပတ်သက်ပြီး လေ့လာနေကြပါတယ်။

**ဒုတိယတစ်ကြိမ်စိုးရိမ်ပူပန်မှု**

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်တဲ့အနေအထားအထိ မှတ်တမ်းတင်ရောက်ရှိပြီးနောက်မှာ အနောက်နိုင်ငံတွေမှာ ကိုဗစ်-၁၉ ကြောင့် နေ့စဉ်သေဆုံးသူဦးရေဟာ ကျဆင်းလာပါတော့တယ်။ ဒီလိုအခြေအနေမျိုးကို ကူးစက်ရောဂါပြန့်ပွားခြင်းနဲ့ ကာကွယ်ခြင်းဆိုင်ရာ ပညာရှင်တွေရဲ့ မျှော်လင့်ချက်ပဲဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံများစွာမှာ အလုံပိတ်ကန့်သတ်ချက်တွေကို ဖယ်ရှားလိုက်ပြီးနောက် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဒုတိယလှိုင်း ပြန်လည်ရိုက်ခတ်လာမှာကို စိုးရိမ်လျက်ရှိတာကို တွေ့ရပါတယ်။

ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့ အီရန်နိုင်ငံမှာ နောက်ထပ်တစ်ဖန် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၆ ဦးရှိတယ်လို့ ကြေညာလိုက်ပြီးနောက်မှာတော့ ကျန်းမာရေးအရာရှိတွေဟာ စိုးရိမ်ထိတ်လန့် ကုန်ကြပါတယ်။ အီရန်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးတဲ့အနေနဲ့ နိုင်ငံစီးပွားရေးလုပ်ငန်းတွေ ပိတ်ဆို့ထားရာမှ အခုတော့ တဖြည်းဖြည်းနဲ့ ပြန်လည်လုပ်ကိုင်ခွင့် ပြုနေပြီဖြစ်ပါတယ်။ သို့သော်လည်း ကျန်းမာရေးအတိုင်ပင်ခံတစ်ဦးကတော့ အခုလို စီးပွားရေးတွေ လျင်လျင်မြန်မြန် ပြန်လည်ဖွင့်လှစ်ခွင့်ပြုတဲ့အပေါ် တီဟီရန်မှာ နောက်ထပ်တစ်ခါ ဖျားနာမှုတွေကို ဖန်တီးနေတာပဲလို့ ပြောလိုက်ပါတယ်။

**ဒုတိယလှိုင်းဂယက်ရိုက်ခတ်လာမှာ စိုးရိမ်**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ အိမ်ဖြူတော်ထိပ်တန်း ကူးစက်ရောဂါအတိုင်ပင်ခံ အန်တိုနီဖော်စီက အမေရိကန်ပြည်ထောင်စုအနေနဲ့ ဆောင်းဦးရာသီမှာ နှစ်ကုန်အထိဖြစ်ပွားနိုင်တဲ့ ရာသီတုပ်ကွေးရောဂါနဲ့ရောပြီး ကိုဗစ်-၁၉ ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ရှိကြောင်းပြောပါတယ်။ ကျိန်းသေရင်ဆိုင်ရမှာဖြစ်တယ်လို့ ပြောပါတယ်။

အခုအချိန်မှာ စီးပွားရေးပျက်ကိန်းဆိုက်နေတဲ့ဖိအားတွေ၊ အိမ်တွင်းနေထိုင်ရမယ့်ဖိအားတွေကို မခံနိုင်တော့ဘဲ နိုင်ငံတချို့မှာလည်း စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးနေသလို တချို့နိုင်ငံတွေမှာလည်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်နေတာကို တွေ့မြင်နေရပါတယ်။ ဂျာမနီမှာလည်း ဆန္ဒပြသူတွေကို ဂျာမနီရဲတွေက ဖမ်းဆီးထိန်းသိမ်းခဲ့ရပါတယ်။ အမေရိကန် ပြည်ထောင်စု ဂျော်ဂျီယာမှာလည်း စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဖွင့်လှစ်မှုတွေ ပြုလုပ်နေပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် စီးပွားရေးလုပ်ငန်းတွေ ပိတ်ထားရင် ကမ္ဘာ့စီးပွားရေးအထိနာမှာဖြစ်သလို ပြန်လည်ခွင့်ပြုလိုက်ရင်လည်း ကိုဗစ်-၁၉ ဒုတိယလှိုင်းဂယက်ရိုက်ခတ်လာမှာကိုလည်း ကမ္ဘာ့ပြည်သူတွေ စိုးရိမ်လျက်ရှိနေပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> “ပြန်လည်ကောင်းမွန်လာသူတွေအနေနဲ့ သူတို့ကိုယ်သူတို့ တခြားသူတွေကို ရောဂါမကူးနိုင်တော့ဘူးလို့ ယူဆပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေ၊ သတိပေးချက်တွေကို မထီမဲ့မြင်ပြုသလိုဖြစ်နေကြောင်း လေ့လာတွေ့ရှိပြီးနောက်ပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အခုလို သတိပေးလိုက်တာပဲဖြစ်”

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၆-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၅-၄-၂၀၂၀) ရက်နေ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၃၇၂) ခုအနက်(၁) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၃၇၁) ခု တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါ။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၅၄) ခု အနက် (၁) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၅၃)ခု တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၅-၄-၂၀၂၀) ရက်နေ့ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၂၆) ခုအနက် (၂) ခုတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၄၂၄)ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၃။ သို့ဖြစ်ပါ၍ (၂၆-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

၄။ (၂၆-၄-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀)ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ - ၉ ဦး) ရှိပြီး သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။ COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၃၀) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ(၁၃၀)ဦး အနက် ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူး ကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန် (၁၂၇)ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက် ရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှုပေးသွားမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား -၁

၂၅-၄-၂၀၂၀ ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိရမှု
(၂၆-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား / မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID -19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 145 | ၄၈ နှစ် | ကျား | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ | စစ်ကိုင်း ပြည်သူ့ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ များဖြစ်ပါသည်။ |
| 146 | ၃၂ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-139) | မရှိ | တောင်ဥက္ကလာပ အထူးကု ဆေးရုံ၊ ရန်ကုန်မြို့ | တွေ့ရှိ | |

* ကျန် (၄၂၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၆-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၅-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၄၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၄၂၄) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၆-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်အဖြစ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၉၄) ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၈) ခု စုစုပေါင်း (၁၄၂)ခုတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၆-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦး ရှိပြီ ဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀)ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ - ၉ ဦး) ရှိပြီဖြစ်ပါသည်။ သေဆုံးသူ (၅)ဦး ရှိပြီဖြစ်ပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှု ပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန်လူနာများ၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ (၂၅-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၆-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၁၃)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (ပထမအသုတ်)
(၂၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၆-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၁၄၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၄၂) ဦး |

COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၄၀ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၁ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| ၁၃ | ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့ | ၁ |
| | စုစုပေါင်း | ၁၃၂ |

# ဖောင်ကြီး ခုတင် (၁၀၀၀)ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါလူနာများကို ဘေးကင်းစွာပို့ဆောင်ရန် စနစ်တကျ ကြိုတင်လေ့ကျင့်ထား

**ရန်ကုန် မေ ၂၆**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်အထူးကုဌာနမှ ပါမောက္ခ ဒေါက်တာမော်ဦး ဦးဆောင်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်အောင်ကျော်နှင့် ဒေါက်တာဖြိုးသီဟတို့၏ ကွပ်ကဲမှုဖြင့် စနစ်တကျ ရွေးချယ်ထားသည့် ယာဉ်မောင်းများက လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖောင်ကြီး ခုတင်(၁၀၀၀) ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါလူနာများအား အန္တရာယ်ကင်းစွာဖြင့် ပို့ဆောင်ရန် ကြိုတင်လေ့ကျင့် ပြင်ဆင်ထားကြောင်း သိရသည်။

"ဝေဘာဂီဆေးရုံနဲ့ တောင်ဥက္ကလာဆေးရုံတွေမှာ နောက်ထပ်လူနာ မဆံ့တော့တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးဌာနက စီစဉ်ထားတဲ့ ဖောင်ကြီးတက္ကသိုလ်မှာ ခုတင် ၁၀၀၀ ဆေးရုံပို့ဖို့လုပ်ထားတာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူနာတင်ကား advance type ကိုးစီးနဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ YRO က ကားငါးစီးကို တယ်လီမက်တစ်စနစ်နဲ့ ထိန်းချုပ်ပြီးလုပ်သွားမှာပါ။ ရန်ကုန်တစ်မြို့လုံးက ဆေးရုံတွေက Positive လူနာများထွက်ခဲ့ရင် hot line call center ကို ဆက်သွယ်တဲ့အခါ ကျွန်တော်တို့ဆီက ကားတွေစေလွှတ်ပြီး သယ်ဆောင်ဖို့ပါ။ သယ်ဆောင်တဲ့အခါမှာ အရေးပေါ်သယ်စရာမလိုဘူး။ Positive လူနာသီးသန့်သယ်တဲ့အခါ သတိထားဖို့လိုတာတွေကို စနစ်တကျ ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်တတ်/ချွတ်တတ်ဖို့ လိုတယ်။ လမ်းခရီးမှာ နှောင့်နှေးလို့မရဘူး။ ဖောင်ကြီးဆေးရုံကိုဝင်တဲ့အခါ အမြန်လမ်း ၂၀ မိုင် ၇ ဖာလုံကဝင်ပြီး ထွက်တဲ့အခါ ၂၀မိုင် ၂ ဖာလုံက ထွက်ရမယ်။ ဟိုမှာ ICU အဆောင်လေးဆောင်မှာ ခုတင် ၁၀ ခုစီနဲ့ ခုတင် ၄၀၊ သာမန်အဆောင်က ခုတင် ၁၂၀ စီ ရှိပါတယ်။ မိနစ် ၈၀ အတွင်း အရောက်မောင်းပို့ရပါမယ်"ဟု ဒေါက်တာဖြိုးသီဟက ပြောသည်။

ထိုသို့ စနစ်တကျမောင်းပို့နိုင်ရန် အရေးပေါ်ယာဉ်များဖြင့် သုံးကြိမ်တိုင်တိုင် လေ့ကျင့်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ယာဉ်မောင်းများနှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များမှ လုပ်အားပေး စေတနာရှင် ယာဉ်မောင်းများအား ကျန်းမာရေး၊ ဆက်ဆံရေးနှင့် စိတ်ထားကောင်းမွန်သူများကို စိစစ်ရွေးချယ်ထားပြီး ၁၀ ရက်လျှင်တစ်ကြိမ် ဆေးစစ်ပေးကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။



ပုံမှန်အရေးပေါ်ယာဉ် ၁၇ စီးနှင့် ဖောင်ကြီးဆေးရုံမှ လူနာများအနက်မှ negative နှစ်ကြိမ် စစ်ဆေးတွေ့ရှိသူများအား ပို့ဆောင်ပေးရန် အရေးပေါ်ယာဉ်နှစ်စီးကို အဆင်သင့်ထားပေးထားကြောင်းနှင့် သယ်ယူပို့ဆောင်သောယာဉ်များကိုလည်း ပိုးသတ်ဆေးသုံးမျိုးဖြင့် သုံးဆင့် ဆေးကြောသန့်စင်ပေးကြောင်း သိရသည်။

လူနာရှင်မိသားစုဝင်တစ်ဦးက လက်မှတ်ထိုးပေးရပြီး ဖောင်ကြီးဆေးရုံသို့ လိုက်ပါခွင့်မရှိကြောင်း၊ ဖောင်ကြီးဆေးရုံအဝင်တွင် တပ်မတော်မှ လုံခြုံရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# နေပြည်တော်အဝင်၌ ကျန်းမာရေးစစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်

**နေပြည်တော် မေ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော်အဝင်၌ ကျန်းမာရေးစစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးမှ ဝင်ရောက်လာသူများအား ကြို့ပင်သာ စစ်ဆေးရေးဂိတ်က လည်းကောင်း၊ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသူများအား ကင်းသာစစ်ဆေးရေးဂိတ်က လည်းကောင်း၊ အမြန်လမ်းမှ ဝင်ရောက်လာသူများအား စက်မှုလယ်ယာစစ်ဆေးရေးဂိတ်က လည်းကောင်း၊ မီးရထားဖြင့် ဝင်ရောက်လာသူများအား တပ်ကုန်းဘူတာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လည်းကောင်း စစ်ဆေး၍ အထက(၁) အသွားအလာ စောင့်ကြည့်ရေးစခန်းမှ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်၍ **(အပေါ်ယာပုံ)** လိုအပ်သူများအား စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်စေသည်။



အစိုးရဝန်ထမ်းများ ဖြစ်ပါက နေပြည်တော် စည်ပင်ဧည့်ရိပ်သာ စောင့်ကြည့်ရေးစင်တာသို့ လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာပါက နေပြည်တော် ရွှာတော်စစ်ကြောရေး စောင့်ကြည့်စင်တာသို့ လည်းကောင်း ပို့ဆောင်ပေးပြီး ပြည်တွင်း သတ်မှတ်မြို့နယ်များမှ ဝင်ရောက်လာသူများအား တပ်ကုန်း အထက(၁) စောင့်ကြည့်စင်တာတွင် ၂၁ ရက် ထားရှိမည်ဖြစ်သည်။

မေ ၂၆ ရက်အထိ တပ်ကုန်းမြို့ အထက(၁) စောင့်ကြည့်စင်တာသို့ ဝင်ရောက်လာသူ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၆၅ ဦး ရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မြို့နယ်မှ တာဝန်ရှိသူများနှင့် တို့တပ်ကုန်း ပရဟိတလူငယ်များအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ပိုးသတ်ဆေးဖျန်းစက်ကြီးဖြင့် တောင်ကြီးမြို့တွင်းလမ်းများကို အရှိန်မြှင့်ဆေးဖျန်းဆောင်ရွက်

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိခြင်းကို ယနေ့နံနက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နှင့် တောင်ကြီး အချုပ်ထောင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပိုးသတ်ဆေးဖျန်းစက် မော်တော်ယာဉ် သုံးစီးဖြင့် တောင်ကြီး မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ပူးပေါင်းအဖွဲ့တို့က ပိုးသတ်ဆေးဖျန်းစက်သုံးလုံးဖြင့် တောင်ကြီးမြို့တွင်းလမ်းများ၊ ရပ်ကွက်လမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးတစ်လျှောက်နှင့် တောင်ကြီး အချုပ်ထောင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# တရုတ်နိုင်ငံမှ ပြန်လာသူအမျိုးသမီးနှစ်ဦး သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေး

**သီပေါ မေ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု မန့်ကောင်းကျေးရွာမှ ကျန်းမာရေးကန့်သတ်နယ်မြေအဖြစ် ထားရှိသော တရုတ်နိုင်ငံမှ ပြန်လာသူ အမျိုးသမီးနှစ်ဦးကို ကျန်းမာရေးအခြေအနေအရ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နယ်စည်းမခြားပရဟိတအသင်းဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့က မော်တော်ယာဉ်ဖြင့် သွားရောက်ခေါ်ဆောင်ပြီး သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သီပေါမြို့နယ်တွင် မေ ၁၈ ရက် ကလည်း တရုတ်နိုင်ငံမှ ပြန်လာသူ ၂၂ ဦးကို ကန့်သတ်စောင့်ကြည့်စခန်းများ၌ ထားရှိလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နန့်စီးအောင် စုပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် ပြည်နယ်ဝင်ခွင့်များကို ကန့်သတ်စိစစ်နေ

**မိုးညှင်း မေ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် စုပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ အဝင်အထွက်များကို ကန့်သတ်လိုက်ကြောင်း သိရသည် ။

အဆိုပါဂိတ်စခန်းသို့ ဝင်ရောက်လာသည့် ခရီးသွားပြည်သူများ၊ ခရီးသည်တင်ယာဉ်များအား ကချင်ပြည်နယ်အတွင်း နေထိုင်ကြောင်း မှန်ကန်သည့် ထောက်ခံစာ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ရမည်ဖြစ်ပြီး ထိုသို့ မပြသနိုင်ပါက ဝင်ရောက်သွားလာခြင်းမပြုကြောင်း၊ ပြည်နယ်အတွင်း အလုပ်ဝင်ရောက် လုပ်ကိုင်မည့်သူများဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ထားရှိသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဖြတ်သန်းသွားလာရာတွင် ကုန်တင်ယာဉ်များနှင့် ဆီတင်ယာဉ်များ မပါဝင်ကြောင်းတို့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**နီတိုး**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မြောက်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**မြောက်ဦး မေ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြောက်ဦးခရိုင် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် သက်ဆိုင်သော ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေးခြင်း၊ ဗီနိုင်းပိုစတာများကပ်ခြင်း၊ နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ စနစ်ကျသော လက်ဆေးနည်းများပြသခြင်း၊ လက်ဆေးကန် များ တပ်ဆင်ပေးခြင်း အစရှိသည့် လှုပ်ရှားမှုများကို ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုများကို မြောက်ဦးခရိုင် ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးမောင်လှ ဦးဆောင်ကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဈေး၊ ကားဂိတ်၊ သင်္ဘောဆိပ် အစရှိသည့် ပြည်သူများ ဝင်ထွက်လှုပ်ရှား သွားလာနေရသည့် နေရာများတွင် ဗီနိုင်းပိုစတာများ ကပ်ပေးခြင်း၊ လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်ဆေးခြင်း သရုပ်ဖော် ကပြဖျော်ဖြေ အသိပညာပေးခြင်းများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သော ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ အောင်စေတီဘုန်းတော်ကြီးကျောင်း၊ ဘုရားပေါ်ဘုန်းတော်ကြီးကျောင်း၊ နရတ်စားဘုရားဘုန်းတော်ကြီးကျောင်း၊ ဒိုင်းကြည်ရွာသစ်၊ ဒိုင်းကြည်ရွာဟောင်း၊ မြို့သစ်ဘုန်းတော်ကြီးကျောင်း၊ အစရှိသည့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်နေရသော ပြည်တွင်းနေရပ်စွန့်ခွာသူများအား လက်ကို စနစ်တကျ ဆေးကြောတတ်စေရန်အတွက် စနစ်ကျသော လက်ဆေးနည်းများကို ပြသပေးခြင်း၊ လက်ဆေးကန်များ တပ်ဆင်ထားရှိပေးခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

**တင်ထွန်းဦး(ပြန်/ဆက်)**



# ဆိပ်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဆိပ်ဖြူ မေ ၂၆**

ဆိပ်ဖြူမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါကူးစက်မှု မပြန့်ပွားနိုင်ရေးအတွက် အသိပညာပေးခြင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် အဓိကအရေးကြီးသည့် လူ့ခန္ဓာကိုယ်တွင် တပ်ဆင်အသုံးပြုသွားရမည့် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ၊ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ အရန်ကြက်ခြေနီ အင်အားစုများကို အသုံးပြုပြီး ပြည်ပနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက် အလုပ်လုပ်ကိုင်၍ ပြန်လည်ရောက်ရှိလာကြသည့်သူများကို ကျေးရွာအလိုက် သီးခြားထားရှိသည့် နေရာများသို့ သွားရောက်ပြီး အားပေးစကားနှင့် အသွားအလာ၊ အနေအထိုင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားကြရန် အသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကုန်းရွာ၊ ငချဉ်ချောင်း၊ ကျစ်ပြင် ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး (ယောရော)**




# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၆**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ စေတနာရှင်တစ်ဦးက ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ လှူဒါန်း

**မင်းဘူး မေ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (ဆိုင့်နေမင်းကုမ္ပဏီလီမိတက်) မိသားစု၊ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်မြင့်ဦးက ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ ကို ယမန်နေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းခဲ့ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ဆောင်နေကြတဲ့ ဆရာဝန်များနဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးကို ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်စေရန် ရည်ရွယ်ချက်နဲ့ နောက်ပြီးတော့ သူ့တို့တွေအားလုံး အခက်အခဲကြားထဲမှာ ကိုယ့်ကိုယ်ကျိုးမငဲ့ဘဲ အင်တိုက်အားတိုက်နဲ့ ကြိုးစာလုပ်ဆောင်နေကြရတာကို မြင်တွေ့ရတော့ ကိုယ်ချင်းလည်းစာမိပါတယ်။ ယခု မင်းဘူးခရိုင်အတွက် ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၅၀ အပါအဝင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၂)အတွက် အစုံ ၅၀၊ အပူပိုင်းနှင့်ကူးစက်ရောဂါ ပညာဌာနတို့အတွက် အစုံ ၅၀ နဲ့ ထီးချိုင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို အစုံ ၅၀၊ အားလုံး စုစုပေါင်းအနေနဲ့ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၂၀၀ ကို ကျွန်တော်တို့ကုမ္ပဏီမိသားစုမှ လှူဒါန်းခဲ့ပါတယ်။ နောက်လည်း အမှန်တကယ်လိုအပ်နေတဲ့ နေရာတွေကိုလည်း ဆက်လက်လှူဒါန်းပေးသွားမှာပါ" ဟု အလှူရှင် ဒေါက်တာအောင်မြင့်ဦးက ပြောသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ ကို လှူဒါန်းပေးပါသော အလှူရှင်မိသားစုအား ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအလှူရှင်များမှ လှူဒါန်းသော ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား မင်းဘူးခရိုင်အတွင်း လိုအပ်သောနေရာများတွင် ဆက်လက်ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်မှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် အားမာန်ပရဟိတအသင်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များ စုပေါင်း၍ မေ ၂၆ ရက်က ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ လမ်းမကြီးများပေါ်သို့ ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



## ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့က အခြေခံလူတန်းစားများသို့ ဟင်းစားငါးနှင့် နှာခေါင်းစည်းများ နေ့စဉ်လိုက်လံလှူဒါန်း

ကော့သောင်း မေ ၂၆

ကော့သောင်းမြို့ခံ ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း စားသောက်ရေးကိစ္စများ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့် မြို့နေရပ်ကွက်တချို့မှ ပုံမှန်ဝင်ငွေမရှိသော မိသားစုများသို့ ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ လှူဒါန်းမှုများနှင့်ရောဂါကာကွယ် ကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် အသိပညာပေးလုပ်ငန်းများ နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


ကော့သောင်းမြို့ ပရဟိတအဖွဲ့မှ ဟင်းစားငါးနှင့် နှာခေါင်းစည်းများ အိမ်အရောက်ပေးလှူကြစဉ်။

ကော့သောင်းမြို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းကုမ္ပဏီများ၊ မိုဘိုင်းဖုန်းအရောင်းဆိုင် လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖအလှူရှင်များ ဝိုင်းဝန်းပူးပေါင်း လှူဒါန်းကူညီမှုဖြင့် ပင်လယ်ငါးများကို မြို့ပေါ်ရပ်ကွက်များမှ ပုံမှန်ဝင်ငွေမရှိသော မိသားစုများ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်မှု လုပ်ငန်းများကြောင့် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်ကြောင်း ပရဟိတအဖွဲ့ခေါင်းဆောင် ကိုသိန်းနိုင်ဦး (ကိုမိုးတိမ်) က ပြောသည်။

ရပ်ကွက်နေ ပြည်သူများအား ကျန်းမာရေးအသိ သတိဖြင့် နေထိုင်ကြရေး၊ မလိုအပ်ပါက အိမ်ပြင်သို့ မထွက်ကြဘဲ မိမိအိမ်တွင်နေထိုင်ကြရေး၊ မဖြစ်မနေအပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန် အသိပညာပေးနှိုးဆော်ကာ နှာခေါင်းစည်းများကို လူတစ်ဦးချင်းစီသို့ ပေးဝေလှူဒါန်းပေးခြင်းစသည့် ရောဂါကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ ထောက်ပံ့လှူဒါန်းမှုအဖြစ် ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက်နှင့် ရွှေဇင်ယော်ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုပေါင်း ၅၀၀ ခန့်ကို ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ လိုက်လံလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေး အလှူရှင်များက ငွေကျပ်သိန်း ၄၀ လာရောက်လှူဒါန်း

ရန်ကုန် မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်ရောဂါကာကွယ်နိုင်စေရန် ရည်ရွယ်၍ ကိုဗစ်–၁၉ ကာကွယ်နိုင်ရေးအတွက် အလှူရှင်များက ငွေကျပ်သိန်း



၄၀ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့က လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် အလှူရှင်များက ကိုဗစ်–၁၉ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နေရာများသုံးစွဲနိုင်ရန်အတွက် နံ့သာကုန်းရပ်ကွက်ရှိ ဓိအုံကုန်း ကရင်နှစ်ခြင်းအသင်းတော်မှ ငွေကျပ်သိန်း ၃၀၊ ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းနေ ဦးသန်းဦး မိသားစု(Best battery)မှ ငွေကျပ် ၅ သိန်းနှင့် ၎င်း၏မိခင်ဖြစ်သော ဒေါ်ခင်ခင်သန်းမှ ငွေကျပ် ၅ သိန်းတို့ကို အလှူရှင်များက လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်ဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့်တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ (ဝဲပုံ)

အင်းစိန်မြို့နယ် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆– ၄ – ၂၀၂၀

ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၃၀/၄၆၅ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၄၀/၄၇၀ | ကျပ် | ၄၇၅/၅၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၃၀ | ကျပ် | ၃၄၀/၃၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၇၀ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၈ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၇ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၀၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၇၉ | ၁၅၇၉၂၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၅၅၁၉ | ၁၉၈၆၈၄၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

## ရေးမြို့နယ်တွင် ကိုဗစ်–၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေး စောင့်ကြည့်ရေးစခန်းထပ်မံတိုးချဲ့

ရေး မေ ၂၆

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ရေးမြို့နယ်တွင် စောင့်ကြည့်ရေးစခန်း သုံးခုထပ်မံတိုးချဲ့ထားသည်။

ရေးမြို့နယ်တွင် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကန့်သတ်ထားရှိမှုများကို မတ် ၂၉ ရက်မှ မေ ၃ ရက်အထိ စောင့်ကြည့်ရေးစခန်းပေါင်း ၄၂ ခု ရှိပြီး ထိုင်းနိုင်ငံမှ မေ ၃၀ ရက်နောက်ပိုင်း ပြန်လည်ဝင်ရောက်လာမည့် အလုပ်သမားများအား ဆက်လက်ထားရှိရန် ရန်မျိုးအောင်ရပ်ကွက်ရှိ အ.ထ.က(၁) ပြည်သူ့အားကစားရုံနှင့် အောင်မေတ္တာရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြိုး(ပြန်/ဆက်)

## ကိုဗစ် – ၁၉ ကာကွယ်ရေး မကွေးမြို့နယ်အတွင်း နှာခေါင်းစည်း ခြောက်သောင်းကျော် ဖြန့်ဝေမည်

မကွေး မေ ၂၆

ကိုဗစ် – ၁၉ ကာကွယ်ရန် မကွေးမြို့နယ်အတွင်း ကျေးရွာများ၌ နှာခေါင်းစည်းအကာအကွယ်တပ်ဆင်ရေး mask campaign များ ပြုလုပ်နေကြောင်းနှင့် လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များဖြစ်သည့် ဦးမြင့်ဦး၊ ဦးလှဆန်း၊ ဒေါ်ခင်ချိုလတ်တို့နှင့်ပရဟိတအကျိုးလိုလားသူများက ယမန်နေ့က ကြာကန်၊ ညောင်ပင်သာနှင့် ညောင်ကန်ကျေးရွာများအထိ အရောက်သွားကာ နှာခေါင်းစည်း အခုရေ ၁၉၀၀ ကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

“ဒီလှုပ်ရှားမှုကနေ နှာခေါင်းစည်းအခုရေ ခြောက်သောင်းလောက်ဖြန့်ဖို့ ရည်ရွယ်ပါတယ်။ ကိုဗစ်ရန်ပုံငွေအဖွဲ့ကို နှာခေါင်းစည်းချုပ်ဖို့အဝတ်တွေ၊ ချုပ်ခတွေ လှူဒါန်းကြသူတွေ ရှိပါတယ်။ ရန်ပုံငွေကလည်း သိန်း ၁၄၀ လောက်ကျန်သေးတယ်။ mask campaign က ကျေးလက်မြို့ပြ နေရာအနှံ့မှာ လုပ်ဖို့ရည်ရွယ်ပါတယ်” ဟု မကွေးစည်ပင်ကော်မတီဥက္ကဋ္ဌက ပြောသည်။

ဇေယျာတု(မကွေး)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


အပိုင်း(၁)








၁ ပထမဦးစွာ အင်တာနက်ဖွင့်ထားပေးရပါမယ်။





၂ Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။




၃ လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။





၄ ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





၅ Ok ကို နှိပ်ရပါမယ်။





၆ Open ကို နှိပ်ပေးရပါမယ်။




၇ INSTALL ကို နှိပ်ပေးရပါမယ်။





၈ OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လို့ရပါပြီ




၉ ALLOW ကို နှိပ်ပေးရပါမယ်။




၁၀ လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။




၁၁ စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မမျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကူသနိုင်မည်ဖြစ်သည်။)

(ဆက်လက်ဖော်ပြပါမည်)

# အိမ်ကနေအလုပ်လုပ်ရတာ ပင်ပန်းနေကြပြီလား

ခင်မောင်ညို (ဘောဂဗေဒ)

**ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာပေါ်က လူသန်းပေါင်းများစွာတို့ဟာ အဝေးကနေ၊ အိမ်မှာနေရင်း ရုံးတက်ရတဲ့ဘဝကို ရောက်ကုန်ကြတယ်။ တချို့အလုပ်ရှင်တွေကလည်း အိမ်မှာနေရင်း အလုပ်လုပ်နေရင် လုပ်အားတွေ လျော့ကုန်မှာလား စိုးရိမ်ကြတယ်။ ဒါပေမယ့် သူတို့ တကယ်တမ်း ပိုပြီးစိုးရိမ်ဖို့ကောင်းတာက ရေရှည်မှာ တွေ့ကြုံရမယ့် အန္တရာယ်ဖြစ်တဲ့ အလုပ်သမားတွေ ခြေကုန်လက်ပန်းကျသွားမယ့်ကိစ္စပါ။**

ဒီအန္တရာယ်က တော်တော်ကြီးပါတယ်။ ခါတိုင်းက အလုပ်က သတ်သတ်၊ တခြားအလုပ်နဲ့ မဆိုင်တာတွေက သတ်သတ်ခွဲထားတယ်။ အခုကျ အဲဒီနယ်နိမိတ်စည်းက မပြတ်သားတော့ဘူး။ ပထမဆုံးအကြိမ် အဝေးကနေ အလုပ်လုပ်နေရတဲ့သူတွေဟာ အလုပ်နဲ့တစ်ကိုယ်ရေကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စကို မျှမျှတတဖြစ်အောင် လုပ်ဖို့ ခက်တယ်။ အလုပ်ရှင်ကို သစ္စာရှိတာ၊ အလုပ်ထဲမှာ မြှုပ်နှံထားတာ လုပ်အားလျော့မသွားဘူးဆိုတာကို ပြသဖို့အတွက် သူတို့စိတ်ထဲမှာ တစ်ချိန်လုံး အလုပ်လုပ်ရမလို ဖြစ်နေကြတယ်။ နေ့လယ်နဲ့ညနေဘယ်လိုကူးသွားမယ်မသိလိုက်။ ကြားရက်နဲ့ စနေ၊ တနင်္ဂနွေ မပြတ်။ ဘယ်အချိန်နားလို့ နားရမယ်ဆိုတာ သတိမရ။ တချို့ အလုပ်သမားတွေဆို အိမ်ကနေပြီး လချီအလုပ်လုပ်ရကောင်း လုပ်ရမယ်။

### စိတ်ကျန်းမာရေးအတွက်အရေးကြီး

သုတေသနတွေအရ အလုပ်နဲ့ပုဂ္ဂလိကဘဝ ခွဲခြားထားတာဟာ အထူးသဖြင့် စိတ်ကျန်းမာရေးအတွက် အရေးကြီးတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ သာမန်အခြေအနေမှာတောင်မှ ဒီလိုခွဲခြားဖို့ ခက်ခဲတယ်။ အခုခေတ်မှာ "စံပြအလုပ်သမား" ဆိုတာရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်က ပြောင်းလဲလာနေတယ်။

တစ်ခါတလေမှာ အလုပ်သမားတွေ ကိုယ်တိုင်က မရည်ရွယ်ဘဲ သူတို့ရဲ့ကြီးကြပ်သူတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အလုပ်ရှင်တွေကို နယ်နိမိတ်ခွဲဖို့ ခက်အောင်လုပ်တတ်ကြတယ်။ ဥပမာ အလုပ်ချိန်ပြင်ပမှာ အလုပ်နဲ့ဆိုင်တဲ့စာတွေ(အီးမေးလ်တွေ) ပို့တာမျိုးပါ။ သုတေသနတစ်ခုအရ ဝန်ထမ်း ၂၀၀၀ လောက် ရုံးချိန်ပြင်ပ စာပို့တာတွေဟာ လက်ခံရရှိသူတွေ ချက်ချင်းတုံ့ပြန်ဖြေကြားရမယ်ဆိုတဲ့ အတွေးမျိုး ဝင်သွားတတ်တာကို လျှော့တွက်ထားသတဲ့။ တကယ်တော့ အဲဒီအီးမေးလ် တွေဟာ လတ်တလော အဆောတလျင်ဖြေရမယ့်ကိစ္စတွေ မဟုတ်ပါဘူးတဲ့။

### စိန်ခေါ်မှုအသစ်အဆန်းတွေတွေ့

ကိုဗစ်-၁၉ ကြောင့် ဒီဖိအားကို ပိုကြီးစေတယ်။ လုပ်ငန်းခွင်နဲ့ ကိုယ်ပိုင်အချိန်ကိုခွဲချင်တဲ့ အလုပ်သမားတောင်မှ ခွဲလို့မရဘူး။ ကျောင်းတွေ၊ နေ့ကလေးထိန်းကျောင်းတွေက ပိတ်ထားတယ်။ အလုပ်လုပ်နေရတဲ့ မိဘတွေ၊ ဝင်ငွေနိမ့်အလုပ်သမားတွေအတွက် ဝန်ထုပ်တွေ ပိုစေတယ်။ အိမ်ကနေ အလုပ်လုပ်ကြပါလို့ ခိုင်းတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း မိသားစုတွေနဲ့အတူ အိမ်မှာနေပြီး အလုပ်လုပ်နေရတဲ့ စိန်ခေါ်မှုအသစ်အဆန်းတွေ တွေ့နေရတဲ့ဝန်ထမ်းတွေကို ကူညီထောက်ပံ့ဖို့ဆိုတာ တယ်မလွယ်လှဘူး။

ဒီတော့ အခုလို ထူးခြားတဲ့အချိန်မျိုးမှာ ဝန်ထမ်းတွေအနေနဲ့ အလုပ်ရယ်၊ တခြားဘဝတွေရယ်ကို ဘယ်လိုခွဲခြားကြမလဲ။ အလုပ်ကနေ တံခါးကပြန်ထွက်လာတာမျိုး၊ အိမ်တံခါးဝကနေ ထွက်လို့မရတဲ့ အခြေအနေမျိုးမှာ ဘယ်လိုလုပ်ကြမလဲ။ အလုပ်ရှင်တွေ၊ မန်နေဂျာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကရော တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကူညီနိုင်ကြမလဲ။

**၁။ ရုပ်ပိုင်းနဲ့ လူမှုရေးပိုင်းနယ်နိမိတ်တွေ ဆက်ထိန်းထားပါ**

အလုပ်ကနေ အလုပ်မဟုတ်တဲ့ မိသားစုကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ ကူးပြောင်းတဲ့အခါ နယ်နိမိတ်သတ်မှတ်တဲ့နည်းရှိတယ်။ အိမ်ကနေ အလုပ်ကို သွားရင် ရုံးဝတ်စုံ ဝတ်တယ်လေ။ ဒါဟာ တစ်ခုခုတော့ ပြောင်းလဲတယ်ဆိုတာကို ပြသတဲ့ ရုပ်ပိုင်း၊ လူမှုရေးပိုင်း ညွှန်းကိန်းပဲ။ "အိမ်ကလူ" ကနေ "ရုံးကလူ" ဖြစ်သွားတယ်။

အဝေးကနေ အလုပ်လုပ်တဲ့အခါ ဒီနယ်နိမိတ်ကို ဆက်ထိန်းထားဖို့ ကြိုးစားပါ။ ရေတိုမှာ ရထားအမီပြေးလိုက်ရတာမျိုး၊ အိမ်မှာ ဝတ်စုံပြည့်မဝတ်ဘဲ ပေါ့ပေါ့ပါးပါးနေလို့ရတာမျိုးတွေရှိတယ်။ သဘောကျမယ်ဆိုကျစရာတွေ။ ဒါပေမယ့် အခုလိုနယ်စပ်ဖြတ်ကျော်တာမျိုးတွေဟာ ကိုယ့်ကို ကောင်းကျိုးဖြစ်စေနိုင်တဲ့အတွက် လွှင့်မပစ်လိုက်ပါနဲ့။ ရုံးသွားသလို သဘောထားဝတ်ပါ။ မနက်တိုင်း ရုံးဝတ်စုံဝတ်ပါ။ သောကြာလိုနေ့မျိုးဆို ခါတိုင်းလိုပဲ ပေါ့ပေါ့ပါးပါးဝတ်ပါ။ ဒါပေမယ့် ရုံးသွားသလို သဘောထားပါ။ ရထားပြေးစီးရတာမျိုးအစား အနီးအနားပန်းခြံမှာဖြစ်ဖြစ်၊ အိမ်ဘေးပတ်ဝန်းကျင်မှာဖြစ်ဖြစ် လမ်းလျှောက်ပါ။ အလုပ်လုပ်ဖို့ မထိုင်ခင် လမ်းလျှောက်ပါ။ တချို့ဝန်ထမ်းတွေက ပုံမှန်ရုံးလုပ်ရိုးလုပ်စဉ်တွေကို လုပ်ဖို့ တီထွင်ဆန်းသစ်တဲ့နည်းတွေ၊ ပေါ့ပေါ့ပါးပါး လုပ်လို့ရတဲ့နည်းတွေ ရှိမှာပါ။

**၂။ တတ်နိုင်သမျှ အချိန်ကာလခွဲခြားမှုတွေကို ဆက်ထိန်းပါ**

ကိုယ့်ကျန်းမာရေးအတွက်ရော အလုပ်အတွက်ပါ အချိန်ကာလသတ်မှတ်ခွဲခြားထားဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ထမ်းအတော်များများနဲ့ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေက ကလေးထိန်းရ၊ သက်ကြီးရွယ်အိုတွေကိုလည်း စောင့်ရှောက်ရဆိုတာမျိုးတွေကို ပုံမှန်ရုံးချိန်မှာ လုပ်နေကြရလို့ ဖြစ်ပါတယ်။ ကလေးမရှိ၊ မိသားစုမရှိတဲ့ ဝန်ထမ်းတွေတောင်မှ မိုဘိုင်းတယ်လီဖုန်းတွေ ရှိနေတော့ ၂၄ နာရီ အလုပ်လုပ်နေကြရတယ်။

ပုံမှန်မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ လုပ်ဖို့ဆိုတာကတော့ သိပ်ပြီးလက်တွေ့မကျလှပေဘူး။ အလုပ်ချိန်ကို ဘတ်ဂျက်ဆွဲသလို ဘယ်လိုဆွဲရင် အကောင်းဆုံးဖြစ်မလဲဆိုတာ စဉ်းစားသင့်တယ်။ သူတို့လိုပဲ တခြားသူတွေက သူတို့အတွက် အဆင်ပြေတဲ့အချိန် ရွေးလုပ်နေကြတယ်။ ကိုယ်နဲ့အချိန်မတူဘူးဆိုတာ သတိလည်းထားသင့်တယ်။ သူတို့ရဲ့ရွေးချယ်မှုကိုလည်းလေးစားသင့်တယ်။ ကိုယ်က အလုပ်လုပ်နေတာပေမယ့် တခြားတစ်ယောက်က ကလေးသိပ်နေတဲ့အချိန်၊ ဒါမှမဟုတ် သူ့မိန်းမ ညစာချက်ပြုတ်နေတယ်ဆိုတာမျိုးတွေ ဖြစ်နိုင်တယ်။ တချို့အချိန်မှာ တစ်ချိန်လုံး ဝင်လာတဲ့ဖုန်းတွေ၊ စာတွေကြောင့် အာရုံပျက်နိုင်လို့ "ရုံးမှာမရှိပါ" ဆိုတာမျိုးလုပ်ပြီး အချိန်တချို့ ဖယ်ထားသင့်တယ်။

ဒါမှမဟုတ် ခါတိုင်းလို မြန်မြန်ဆန်ဆန် ဒါမှမဟုတ် ချက်ချင်းစာမပြန်နိုင်ဘူးဆိုပြီး ကိုယ့်အတွက်ရော သူများတွေအတွက်ပါ တုံ့ပြန်တာနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက်လျော့အောင် လုပ်ထားနိုင်တယ်။

အချိန်ခွဲခြားသတ်မှတ်တာက ကိုယ့်အချိန်နဲ့ သူများရဲ့အချိန်ကို ဘယ်လောက်ညှိနှိုင်းသလဲဆိုတဲ့ အပေါ်မှာလည်း မူတည်တယ်။ ဒီနေရာမှာ ခေါင်းဆောင်လုပ်တဲ့သူတွေက အလုပ်ရဲ့အရှိန်ကိုစီစဉ်ရာ၊ ဇယားဆွဲရာ၊ ညှိနှိုင်းရာမှာ ကူညီဆောင်ရွက်သင့်တယ်။ အခါအားလျော်စွာ ပုံမှန်အင်တာနက်ကနေ စစ်ဆေးတာမျိုး၊ စည်းဝေးတာမျိုးတွေ၊ ကော်ဖီဝိုင်းဖွဲ့သလို အလွတ်သဘောပြောဆိုဆွေးနွေးတာမျိုးတွေ လုပ်နိုင်တယ်။ လုပ်နိုင်အောင်လည်း လုပ်ပေးထားရမယ်။ ကမောက်ကမတွေဖြစ်နေတဲ့ကြားထဲက ပုံမှန်လိုထင်ရအောင် လုပ်ပေးထားဖို့ အရေးကြီးတယ်။

**၃။ အရေးအကြီးဆုံးအလုပ်ကို အာရုံစိုက်ပါ**

ဒီအချိန်ဟာ အလုပ်ရှုပ်ရမယ့်အချိန် မဟုတ်ပါဘူး။ အရေးအကြီးဆုံးကိစ္စတွေကို အာရုံစိုက်ပြီး ကြိုးစားလုပ်ဆောင်ကြရမယ့်ကာလပါ။ အိမ်ကနေအလုပ်လုပ်ရတော့ အလုပ်မလုပ်ဘူးလို့ အထင်မခံရအောင် အရေးမပါတာတွေ လျှောက်လုပ်ပြချင်တာမျိုးနဲ့ တွေ့ရတတ်ပါတယ်။ အဲဒီအခါမျိုးမှာ အရေးကြီးတဲ့အလုပ်တွေ ဘေးဖယ်ထားပြီး လတ်တလောလုပ်ရမယ့်အလုပ်တွေကို အရင်လုပ်တာမျိုး ဖြစ်တတ်ပါတယ်။ အခုလိုလုပ်ရင် ရေရှည်အတွက် မကောင်းပါဘူး။ ရေတိုမှာတော့ အလုပ်လုပ်နေသယောင်၊ အလုပ်ဖြစ်နေသယောင် ထင်ရပါတယ်။ အိမ်အလုပ်တွေရော၊ ရုံးအလုပ်တွေရော ရောထွေးနပန်းလုံးနေရတဲ့အခါမျိုးမှာ အရေးကြီးတဲ့အလုပ်တွေကို အာရုံမများဘဲ အလုပ်လုပ်ခွင့်ပေးဖို့လိုပါတယ်။

အရေးအကြီးဆုံးအလုပ်တွေကိုတောင်မှ တစ်ချိန်လုံး အလုပ်လုပ်နေတာဟာလည်း ကောင်းတယ်လို့ မထင်ပါနဲ့။ သုတေသနတွေအရ တကယ်တမ်း ဖိဖိစီးစီးထိထိရောက်ရောက် ဉာဏလုပ်သား (Knowledge Worker) တစ်ယောက်လုပ်နိုင်တာဟာ တစ်နေ့ပျမ်းမျှသုံးနာရီပဲရှိပါသတဲ့။ အဲဒီသုံးနာရီကို အနှောင့်အယှက် မများ၊ အလုပ်ပေါင်းစုံလျှောက်ခိုင်းတာမျိုးတွေ မလုပ်သင့်ပါဘူးတဲ့။ ကိုဗစ်-၁၉ မဖြစ်ခင်တုန်းကတောင်မှ သုံးနာရီဆက်တိုက် ကိုယ့်ရဲ့အဓိကအလုပ်တွေကို ဆက်တိုက်လုပ်ဖို့က အတော်ခက်တယ်။ အခုလိုရုံးအလုပ်၊ အိမ်အလုပ်တွေ ရောနေချိန်မှာ အာရုံစိုက်ပြီး အလုပ်လုပ်ချိန် ပိုနည်းသွားမယ်။



### အားလပ်ခွင့်ရဖို့ အကူအညီပေးပါ

တစ်ချိန်လုံးအလုပ်မှ အလုပ်မှလို့ အလုပ်စွဲနေတဲ့သူတွေအတွက်ကတော့ ရုံးသွားတာထက် အိမ်ကနေအလုပ်လုပ်ရင် ပိုပြီးပင်ပန်းမယ်။ ခဏလေးနားရမယ့်အချိန်။ စနေ၊ တနင်္ဂနွေမျိုးတွေမှာ ထအလုပ်လုပ်၊ အီးမေးလ်တွေပြန်၊ ကြည့်လက်စရုပ်ရှင်ကို ခဏရပ်ထားရတာတွေဟာ အလုပ်အတွက်လည်း မကောင်းပါဘူး။ ကိုယ့်ကျန်းမာရေးအတွက်လည်း မကောင်းပါဘူး။ ကိုယ်သာမဟုတ် တခြားသူတွေ အလုပ်နဲ့မဆိုင်တဲ့အချိန်တွေရဖို့ အချိန်တွေ၊ စိတ်တွေ အားလပ်ခွင့်ရဖို့ အကူအညီလည်း ပေးကြပါ။

ဒီလိုနဲ့ရေရှည်မှာ ခြေကုန်လက်ပန်းမကျအောင် လုပ်ကြရမှာပါ။ မသေချာမရေရာတဲ့အချိန်မှာ ကိုယ့်ရဲ့အခြေအနေကနေ ဘယ်လိုလုပ်ရင်ကောင်းမယ်။ အဆင်မပြေရင် ဘယ်လိုပြောင်းလုပ်မယ်ဆိုတာ စမ်းလုပ်ကြည့်သင့်ပါတယ်။

**ကိုးကား - 3 Tips to Avoid Working From Home Burnout, HBR April 03, 2020**

- ❒ တစ်ချိန်လုံး အလုပ်မှ အလုပ်မှလို့ အလုပ်စွဲနေတဲ့သူတွေအတွက်ကတော့ ရုံးသွားတာထက် အိမ်ကနေ အလုပ်လုပ်ရင် ပိုပြီးပင်ပန်းမယ်။ ခဏလေးနားရမယ့် အချိန်။ စနေ၊ တနင်္ဂနွေမျိုးတွေမှာ ထအလုပ်လုပ်၊ အီးမေးလ်တွေပြန်၊ ကြည့်လက်စရုပ်ရှင်ကို ခဏရပ်ထားရတာတွေဟာ အလုပ်အတွက်လည်း မကောင်းပါဘူး။ ကိုယ့်ကျန်းမာရေးအတွက်လည်း မကောင်းပါဘူး။ ကိုယ်သာမဟုတ် တခြားသူတွေ အလုပ်နဲ့မဆိုင်တဲ့အချိန်တွေရဖို့ အချိန်တွေ၊ စိတ်တွေ အားလပ်ခွင့်ရဖို့ အကူအညီလည်းပေးကြပါ။
- ❒ ဒီလိုနဲ့ရေရှည်မှာ ခြေကုန်လက်ပန်းမကျအောင် လုပ်ကြရမှာပါ။ မသေချာမရေရာတဲ့အချိန်မှာ ကိုယ့်ရဲ့ အခြေအနေကနေ ဘယ်လိုလုပ်ရင်ကောင်းမယ်။ အဆင်မပြေရင် ဘယ်လိုပြောင်းလုပ်မယ်ဆိုတာ စမ်းလုပ်ကြည့်သင့်ပါတယ်။

## ရိက္ခာအခက်အခဲဖြစ်နေသည့် တိုင်းရင်းသားကျေးရွာ သုံးရွာသို့ အခြေခံစားသောက်ကုန်များ စုပေါင်းလှူဒါန်း



**သထုံ ဧပြီ ၂၆**
မွန်ပြည်နယ် သထုံမြို့နယ်တွင် စားသောက်ရိက္ခာ အခက်အခဲများ ဖြစ်ပေါ်နေသည့် တိုင်းရင်းသား ကျေးရွာ သုံးရွာကို ယမန်နေ့က မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၏ ဦးဆောင်မှုဖြင့် သထုံမြို့နယ်အတွင်းရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ KNU ဆက်ဆံရေးရုံးနှင့် အလှူရှင်များက ဆန်၊ ဆီအစရှိသည့် အခြေခံစားသောက်ကုန်များ သွားရောက် စုပေါင်းလှူဒါန်းခဲ့သည်။

"အလုပ်တွေရပ်နားထားရတော့ စားရေးသောက်ရေးအဆင်မပြေဖြစ်နေကြတာသိရလို့ အလှူရှင်တွေကို ချက်ချင်းစုပြီး လာရောက်လှူဒါန်းတာပါ" ဟု သထုံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောသည်။

အဆိုပါနေ့တွင် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ KNU ဆက်ဆံရေးရုံးမှ တာဝန်ရှိသူတို့က စားသောက်ရိက္ခာ အခက်အခဲများဖြစ်နေသည့် ကရင်တိုင်းရင်းသားအများစုနေထိုင်ရာ ကဇိုင်း၊ သမ္ဘာန်နှင့် ဆူးအင်းကျေးရွာများရှိ အခြေခံလက်လုပ်လက်စား အိမ်ထောင်စုပေါင်း ၁၀၀ ကျော်အား ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်တို့ကို ပညာပေး ဆွေးနွေးပြီး အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၇ ပြည်၊ ဆီတစ်ပုလင်း၊ ဆပ်ပြာ၊ ငါးသေတ္တာ၊ အာလူး၊ ကြက်သွန် စသည့် အခြေခံစားသောက်ကုန်များကို လိုက်လံဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။ "အလုပ်ကလည်း မရှိဘူး။ ဆိုင်တွေကလည်း ပိတ်တယ်။ ရွှေတို ရွှေစလေးရှိရင်တောင် ပေါင်နှံစားစရာ နေရာမရှိဘူး။ အခုလို လာလှူပေးသူတွေကို အများကြီးကျေးဇူးတင်ပါတယ်။ သူတို့မှ လာမလှူရင် ရပ်ရွာမှာ တော်တော်အခက်အခဲဖြစ်မယ်" ဟု ကဇိုင်းကျေးရွာမှ ဒေါ်မခိုင်က ပြောသည်။

**သက်ဦး(သထုံ)**

## ညောင်ဦးမြို့၌ ထီဆိုင်များကို နေအိမ်တွင် ရောင်းချခြင်းနှင့် Mobile စနစ်ဖြင့် လှည့်လည်ရောင်းချခြင်းတို့ ခွင့်ပြု

**ညောင်ဦး ဧပြီ ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးတို့အတွက် မြို့နယ်အတွင်းရှိ ထီဆိုင်များကို ၎င်းတို့၏ နေအိမ်တွင် သော်လည်းကောင်း၊ Mobile စနစ်ဖြင့် လှည့်လည်၍သော်လည်းကောင်း ရောင်းချခွင့်ပြုကြောင်း သိရသည်။

ညောင်ဦးမြို့ရှိ ထီဆိုင်ပိုင်ရှင်များသည် ယခင်က မဏ်စည်သူဈေးတိုက်ခန်းနှင့် ဘုန်းစဉ်ဈေး တိုက်ခန်းများတွင် ထီဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ယခုအခါ အနီးပတ်ဝန်းကျင်မြို့များဖြစ်သော ပခုက္ကူ၊ ချောက်၊ ကျောက်ပန်းတောင်းနှင့် မိတ္ထီလာမြို့များတွင်သာ ဖွင့်လှစ်ရောင်းချခွင့်ပေးထားသဖြင့် ညောင်ဦးမြို့တွင်လည်း ရောင်းချခွင့်ပြုပေးစေလိုကြောင်း ထီဆိုင်ပိုင်ရှင်အများစုမှ တင်ပြလာသဖြင့် ပြည်သူများနစ်နာမှုမရှိစေရေး မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ နေအိမ်တွင်လည်းကောင်း၊ Mobile စနစ်ဖြင့် လှည့်လည်ရောင်းချ၍သော်လည်းကောင်း ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

## ခင်ဦးမြို့၌ ဟင်းသီးဟင်းရွက်များ အခမဲ့ဖြန့်ဝေ

**ခင်ဦး ဧပြီ ၂၆**- စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ မြို့မိမြို့ဖများကဦးဆောင်ပြီး မြို့နယ်ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းတို့ပူးပေါင်းပြီး ဟင်းသီးဟင်းရွက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့က မြကန်သာရပ်အနောက်ပိုင်းက စတင်ကာ မော်တော်ယာဉ်ဖြင့် လှည့်လည်ဖြန့်ဝေပေးခဲ့သည်။

ဟင်းသီးဟင်းရွက်များ ဖြန့်ဝေရခြင်းမှာ ကိုဗစ်-၁၉ ကြုံတင်ကာကွယ်သည့်အနေဖြင့် အပြင်ထွက်ပြီး ဈေးဝယ်ရာတွင် လူစုလူဝေးလျော့နည်းစေလိုခြင်း၊ ဟင်းသီးဟင်းရွက်များကို စိုက်ခင်းများသို့သွားရောက်ကာ ဝယ်ယူသဖြင့် လတ်လတ်ဆတ်ဆတ်စားသုံးစေလိုခြင်း စသည့်ရည်ရွယ်ချက်များဖြင့် မြို့ပေါ်ရှိ ရပ်ကွက်ငါးရပ်ကွက်သို့ လှည့်လည်ပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့မိမြို့ဖ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းအောင်က ပြောသည်။ **စိုးဝေအောင်(ခင်ဦး)**

## ပြည်သူ့အခြေပြု အဖျားကုဆေးခန်းဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

**သံဖြူဇရပ် ဧပြီ ၂၆**
ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးတွင် အရေးပါသည့်ဆောင်ရွက်မှုဖြစ်သည့် ပြည်သူ့အခြေပြုအဖျားကုဆေးခန်းကို သံဖြူဇရပ်မြို့နယ်တွင်ဖွင့်လှစ်နိုင်ရေး မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်ဆရာဝန်အသင်းမှ ဆရာဝန်များ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၄ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာ မင်းသန့်ဇင်က ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် ပြင်ပ၌ဆေးခန်းအများစုမှာ ကုသရေး ရပ်ဆိုင်းထားခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုရန်နှင့် အခမဲ့ဆေးကုခန်းဖွင့်လှစ်ခြင်းဖြင့် လာရောက်ပြသသူများအား ကိုဗစ်-၁၉ သံသယရှိသူများကို ဖော်ထုတ်ပြီး သီးသန့်စောင့်ကြည့်ကုသမှုပေးရန် ရည်ရွယ်ကြောင်း ပြောသည်။

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာ အောင်ထက်ကောင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသည့် ပြည်သူ့အခြေပြုအဖျားကုဆေးခန်း ဆေးကုသရေးစင်တာ၏ ဖွဲ့စည်းထားမှုပုံစံလေ့လာသိရှိရန် ရှင်းလင်းပြောကြားသည်။

သံဖြူဇရပ်မြို့နယ်၏ ပြည်သူ့အခြေပြုအဖျားရောဂါအခမဲ့ဆေးကုခန်းကို ဧပြီ ၂၇ရက်မှစတင်ကာ ဗိုလ်နေဝင်းလမ်းမကြီး ထားဝယ်လမ်းအ-မ-ကတွင် အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပူးပေါင်းကူညီမှုပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

## မကွေးတိုင်းဒေသကြီးရှိ သဘင်အစည်းအရုံးဝင် အနုပညာမိသားစု ၃၄၃၅ ဦးအတွက် စားသောက်ကုန်များ လှူဒါန်း

**မကွေး ဧပြီ ၂၆**
မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘင်အစည်းအရုံးဝင် အနုပညာမိသားစု ၃၄၃၅ ဦးအား စားသောက်ကုန်လှူဒါန်းမှုများ လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး သဘင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့မှ ပူးပေါင်း၍ သဘင်မိသားစုများအား တစ်ဦးလျှင် ဆန် ၈ ပြည်၊ ပဲထောပတ်တစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ သားနှုန်းဖြင့်လှူဒါန်းပေးခြင်း ဖြစ်သည်။ **(အောက်ပုံ)**



"ကိုဗစ်-၁၉ ကာကွယ်နေရတဲ့ကာလမှာ အနုပညာညီအစ်ကိုမောင်နှမတွေ စားဝတ်နေရေးခက်ခဲကျပ်တည်းမှုမရှိစေရေးအတွက် စာနာထောက်ထားပြီး ဗဟိုကနေအောက်ခြေအဆင့်အထိ လှူဒါန်းပေးနေခြင်း ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမင်းခန့်ကိုက ပြောသည်။

ယမန်နေ့က နတ်မောက်နှင့် မကွေးမြို့နယ်များရှိ တာဝန်ခံများထံ လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီး အမှုဆောင်များက လိုက်လံပေးပို့ခဲ့ပြီး မကွေးတိုင်းဒေသကြီး အတွင်း မြို့နယ်များသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

"ဒီနေ့မှာမကွေးမြို့နယ်ထဲက သဘင်အနုပညာမိသားစု ၄၀၆ ဦးအတွက် ဆန် ၁၃၅ အိတ်နဲ့ စားသောက်ကုန်တွေကို တိုင်းဒေသကြီးတာဝန်ရှိသူတွေက လာပို့ကြပါတယ်။ သဘင်ဗဟို ဥက္ကဋ္ဌကြီး ဦးဖိုးချစ်နဲ့ CB-KMA Foundation ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးတို့အား သဘင်လောကသားတွေ ကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု မကွေးမြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးသန်းဇော်ဗိုလ်က ပြောသည်။

စားသောက်ကုန်လှူဒါန်းမှုများကို ဧပြီ ၂၅ရက်မှ ၃၀ ရက်အတွင်း အပြီးလုပ်ဆောင်မည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ သဘင်အစည်းအရုံးဝင်ဦးရေ ၂၂၀၀၀ ခန့်အတွက် ငွေကျပ်သိန်း ၃၀၀၀ အသုံးပြုထားကြောင်း တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

## အထူးဒေသ-၄(မိုင်းလား)မှ တစ်ဆင့်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၂၂၉ ဦးအား နေရပ်ပြန်လည်ပို့ဆောင်နိုင်ရေးစီစဉ်

**ကျိုင်းတုံ ဧပြီ ၂၆**
ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ-(မိုင်းလား)မှ သက်ဆိုင်ရာ ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်လာမည့် မြန်မာအလုပ်သမားများအား အဆင်ပြေစွာနေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး ဧပြီ ၂၄ ရက်က ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် သက်ဆိုင်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာမည့် မိုင်းလား၊ နမ့်ပန်း၊ ဆီလူးမြို့များမှ မြန်မာအလုပ်သမား ၂၂၂၉ ဦးသည် အထူးဒေသ(၄)တွင် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းဝင်ရောက်ထားရှိပြီးပါက ကျိုင်းတုံမြို့သို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်၍ လိုအပ်သည့် နေထိုင်ရေးအတွက် ကျိုင်းတုံခရိုင်မိုးလုံလေလုံအားကစားခန်းမ၊ လေ့ကျင့်ရေးအားကစားရုံခန်းတို့တွင် ထားရှိရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် နေရပ်တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ အဆင်ပြေစွာပြန်လည် ပို့ဆောင်နိုင်ရေး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်

**ဆီဆိုင် ဧပြီ ၂၆**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ကျေးရွာများရှိ ကျေးလက်နေပြည်သူများ နွေရာသီကာလသောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းဖုန်း- ၀၉-၄၂၂၂၈၉၀၁၅၊ ဒေါ်နွေးနွေးအောင် ဖုန်း ၀၉-၄၃၁၆၃၂၀၃၊ ဒေါ်ထက်ထက်ဝင်းဖေ ဖုန်း- ၀၉-၄၂၈၃၂၃၄၇၃၊ ဦးအောင်နိုင် ဖုန်း-၀၉-၇၈၁၁၉၃၄၅၉၊ ဦးချမ်းငြိမ်းမိုး ဖုန်း ၀၉- ၆၉၂၁၉၆၅၁၂ တို့ထံ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းက ပြောသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်တို့အပြင် ဗိုင်ဗာနှင့် ဖေ့စ်ဘုတ်အကောင့်အမည်များကိုပါ ဆက်သွယ်နိုင်မည်ဖြစ်သည်။ ဆီဆိုင်မြို့နယ်အတွင်း၌ ရပ်ကွက် ၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၂၂ ရွာခန့်ရှိကာ ကျေးရွာများတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အကူအညီပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ရေအလှူရှင်များကလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ မုဒုံမြို့နယ်ရှိ အသွားအလာကန့်သတ်နေရာ စီစဉ်ဆောင်ရွက်ထားမှုများကြည့်ရှုစစ်ဆေး

မုဒုံ မေ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း မေ ၃၀ ရက်နောက်ပိုင်း ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်နေရပ်ပြန်ပြည်သူများ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းထားရှိနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းကအထက (ကမာဝက်) ကျောင်းသို့ ရောက်ရှိသည်။ (ယာပုံ)



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက(ကမာဝက်) ကျောင်းတွင် နေရပ်ပြန်ပြည်သူများအား ၂၁ ရက်ကြာ ထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို မေးမြန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများကပြန်လည်ဖြေကြားပြီး အဆိုပါအထက (ကမာဝက်) ကျောင်းတွင် နေရပ်ပြန်ပြည်သူများ ၂၀၀ ခန့်ထားရှိနိုင်ရန် ဆောင်ရွက်ထားကြောင်း၊ သောက်သုံးရေများ၊ အစားအသောက်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ စသည်တို့ကို ပြင်ဆင် ဆောင်ရွက်ထားကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ လှူဒါန်းမှု ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လက်ခံရယူ

ဘားအံ မေ ၂၆

ကရင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ အသိပညာပေးခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် TENG FEL ASIA GROUP Co.,Ltd. မှ ရောဂါကာကွယ်ရေးပစ္စည်းများကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။



ပေးအပ်လှူဒါန်းရာတွင် TENG FEL ASIA GROUP Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြင့်ဆွေက ကိုဗစ် -၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စုစုပေါင်းငွေကျပ် ၄၈၉၂၅၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၆၀၀၀၀၊ ဆေးရုံသုံးလက်အိတ် ၆၀၀၀၊ N-95 နှာခေါင်းစည်း ၄၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀၀၊ မျက်မှန်အခု ၃၀၀၊ ပိုးသတ်ဆေး ၂၅ ပုံး၊ ကိုယ်ပူတိုင်းစက် ၁၀ခု၊ ဖျန်းဆေး ၁၀ ပုံးတို့ကို လှူဒါန်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများက လက်ခံယူပြီးဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ ပြည်သူများအား ကြည့်ရှုအားပေး

သရက်ချောင်း မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သရက်ချောင်းမြို့ပေါ်ရပ်ကွက်များရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင်ထားရှိသော ပြည်သူများအား ယမန်နေ့က ကြည့်ရှုအားပေးသည်။

ကိုဗစ်-၁၉ နှင့် ပတ်သက်၍ သရက်ချောင်းမြို့နယ်အတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကန့်သတ်စောင့်ကြည့်ရေးစခန်းများဖြစ်သည့် မြို့မရပ်ကွက်၊ ပန်းတောရပ်ကွက်၊ ဆင်ဖြူပြင်ရပ်ကွက်နှင့် တီတွတ်ပြင်ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင်ထားရှိသော စောင့်ကြည့်ခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## မော်ချီးဒေသသောက်သုံးရေရရှိရေးဆောင်ရွက်နေ

ဖားဆောင်း မေ ၂၆

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသ ကျေးရွာသုံးရွာသောက်သုံးရေရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ(ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေဖြင့် Royal Country Development ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးထွန်းချစ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြည့်ရှုစစ်ဆေးသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ(ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေကျပ် ၁၀၂၇ ဒသမ ၃၇သန်းဖြင့် မော်ချီးဒေသ (လိုခါးလို၊ မော်ချီးတောင်ပေါ်၊ မော်ချီးအောက်) ကျေးရွာသုံးရွာ ရေပေးရေးလုပ်ငန်းအား မတ်လက လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မော်ချီးဒေသရှိ မိုလိုချောင်းရေအရင်းအမြစ်နေရာတွင် ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် တာဝတိံသာကုန်းပေါ်ရှိ ဂါလန် ၃၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ မော်ချီးအောက်ကျေးရွာ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ မော်ချီး-လွိုင်ကော်-တောင်ငူကားလမ်းဘေးတွင် ဂါလန် ၁၀၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလည်း တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် လုပ်ငန်းခွင်တွင် အလုပ်သမားများ လုပ်ငန်းဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေးဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

**မေဇင်**

## ကြံခင်းမြို့အတွင်း ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်သည့် လုပ်ငန်းများ ပြီးစီးမှုစစ်ဆေး

ကြံခင်း မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်သည့် လုပ်ငန်းများပြီးစီးမှုများကို ယမန်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ထွန်းလင်းမော်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်း ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောက်လုပ်သောလုပ်ငန်းဖြစ်ပြီး ကြံခင်းမြို့နယ်အတွင်းမှ ရပ်ကွက် /ကျေးရွာ ၁၅ ခုမှ လုပ်ငန်း ၃၄ ခုတွင် လုပ်ငန်း ၁၂ ခု၏ လုပ်ငန်းပြီးစီးမှုကို စစ်ဆေးမည်ဖြစ်ပြီး ကျန်ရှိနေသော လုပ်ငန်းများကိုလည်း ဆက်လက်စစ်ဆေးမည်ဖြစ်သည်။

စတင်စစ်ဆေးနေသော လုပ်ငန်း ၁၂ ခုမှာ မြေသားလမ်းမပေါ်ရှိ ရေထုတ်ပြွန်လုပ်ငန်း ခြောက်ခု ၊ အုတ်စီလမ်းကပ်ခုံ သံကူကွန်ကရစ်တံတား လုပ်ငန်းနှစ်ခု၊ သုံးပေလမ်းချဲ့ခြင်း၊ လမ်းမြေသား ခြောက်ပေမြှင့်တင်ခြင်းလုပ်ငန်းတစ်ခု၊ ကျောက်ရော မြေနီလမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ အရှည် ပေ ၃၄၀ နှင့် အရှည် ၄၅၂ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ဖြစ်သည်။

**မိုးမိုး(ပြန် /ဆက်)**

## တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာအား ငွေကျပ် ၂၅ သိန်းစီပေးအပ်

ဂန့်ဂေါ မေ ၂၆

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာအား ငွေကျပ် ၂၅ သိန်းစီပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ၁၉ ဦးအား ခွင့်ပြုရန်ပုံငွေ ပထမအကြိမ် ၅၀ ရာခိုင်နှုန်း ငွေကျပ် ၂၅ သိန်းစီ လွှဲပြောင်းပေးအပ်သည်။

ထိုခွင့်ပြုရန်ပုံငွေများကို ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်း ဆောင်ရွက်မည့် ကျေးရွာငါးရွာ၊ ရွာတွင်းလမ်း ပြုပြင်မည့်ကျေးရွာငါးရွာ၊ ရေကန်ပြုပြင်ရန်နှင့် ရေရရှိရေးကိစ္စ၊ ရေတွင်းတူးဖော်ခြင်း၊ ရေထုတ်မြောင်းတူးဖော်ခြင်းနှင့် ရေစုကန်ပြုလုပ်မည့်ကျေးရွာ လေးရွာ၊ အစည်းအဝေးခန်းမ၊ အစည်းအဝေးခန်းမရှေ့ ဆက်သွယ်သည့်လမ်း ကွန်ကရစ်ခင်းခြင်း၊ ကြိုးတံတားတည်ဆောက်ခြင်း၊ တစ်ဖက်ပိတ်ဆည်တည်ဆောက်ခြင်းနှင့် အာစီတံတားတည်ဆောက်မည့်ကျေးရွာ လေးရွာတို့ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ပြန်/ဆက်)**



## ကျောက်မဲမြို့နယ် ကောင်းဟုန်းကျေးရွာ၌ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကျောက်မဲ မေ ၂၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နားပြိန်းအုပ်စု ကောင်းဟုန်းကျေးရွာ၌ ကျေးရွာအဝင် ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးရွာအဝင်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်း ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၂ သန်းတို့ဖြင့် ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း အရှည်ပေ ၃၄၀၀ ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မခင်းခြင်းလုပ်ငန်းများကို ယခုနှစ်မတ်လက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ပြည်တွင်း၌ ဈေးကွက်တည်ငြိမ်စေရေးအတွက် ကြက်သွန်နီကို ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်ပေးစေလို



**မန္တလေး မေ ၂၆**

ပြည်တွင်းထွက်ကုန် သီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်ဆောင်ရွက်ပေးခြင်းဖြင့် အထွက်နှုန်းကောင်းလာကာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုကိုဖြစ်စေနိုင်ကြောင်း ကြက်သွန်စိုက်တောင်သူများက အကြံပြုပြောကြားသည်။

ကြက်သွန်နီ စိုက်ပျိုးမှုသည် လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလကတည်းက နှစ်စဉ်အရှုံးနှင့်သာရင်ဆိုင်ကြုံတွေ့မှုများပြားနေသဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမှုလျော့နည်းလာပြီး အထွက်နှုန်းလည်းကျဆင်းလာကာ ပြည်တွင်းစားသုံးရန်ပြတ်လပ်မှုအထိ ဖြစ်ပေါ်၍ ဈေးနှုန်းလည်းမြင့်တက်လာခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကန်ထောင့်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်မြင့်သိန်းက ပြောသည်။

"ကြက်သွန် စိုက်ပျိုးရတာ ကုန်ကျစရိတ်များပါတယ်။ စပြီးစိုက်ပျိုးဖို့အတွက် ပထမနှစ်မှာမျိုးစေ့ဖြစ်အောင်စိုက်ရတယ်။ ဒုတိယနှစ်မှာ ဒီမျိုးကိုဥဖြစ်အောင်စိုက်ပျိုးပြီး တတိယနှစ်မှာ ဒီဥတွေကိုထပ်မံစိုက်ပျိုးမှ စားသုံးလို့ရတဲ့ကြက်သွန်အဖြစ် ဈေးကွက်ကိုရောင်းချလို့ရတာဖြစ်ပါတယ်။ ကြက်သွန်တစ်ပိဿာရဖို့ စိုက်ပျိုးစရိတ်က ငွေကျပ် ၉၀၀ လောက်ကုန်ကျတဲ့အတွက် ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်ရမှ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာလည်း ဈေးနှုန်းတည်ငြိမ်ပြီး တောင်သူတွေအတွက်လည်း ဈေးကွက်ခိုင်မာမှုရှိအောင် ပြည်ပကိုတင်ပို့ရောင်းချနိုင်ဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက စီစဉ်ပေးစေချင်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီမှာ အခွန်ပါးပြီး မွှန်အားကောင်းသဖြင့် စားသုံးပါက အရသာပြည့်စုံခြင်းကြောင့် နိုင်ငံတကာနှင့်ယှဉ်၍ ဈေးကွက်ထိုးဖောက်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကြက်သွန်နီကို မိုးနှောင်းကာလဖြစ်သော မြစ်ရေကျချိန် မြေနုကျွန်းများပေါ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလဆန်းတွင်သာ စိုက်ပျိုးကြပြီး ဒီဇင်ဘာလဆန်းမှစ၍ စံပြကြက်သွန်နီအသစ်များ ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူခဲ့သည့်အတွက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ကျော်အထိ အမြင့်ဆုံးဈေးအဖြစ်ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း၌ ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၁၆၀၀ ဝန်းကျင်တွင် ပေါက်ဈေးရှိခဲ့ကာ ယခုကာလတွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် ဈေးကွက်အေးစက်၍ လက်ရှိ မေလအတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀ မှ ငွေကျပ် ၅၀၀ အတွင်းသာ ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုင်းယောင်း၌ ဝယ်လိုအားကောင်းမွန်မှုကြောင့် ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးများ ရောင်းအားကောင်း

**မိုင်းယောင်း မေ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း၌ ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးများ ရောင်းအား ကောင်းနေလျက်ရှိကြောင်း အခြေခံစားကုန်ပစ္စည်း ရောင်းဝယ်သူများထံမှ သိရသည်။

အဆိုပါစားသုံးကုန်များမှာ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ကြက်ဥတစ်ကတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းနှင့် ကြက်သွန်နီတစ်အိတ် (၁၀ ပိဿာ) လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဈေးဖြစ်ပြီး ယခုမေလဆန်းပိုင်းတွင် အာလူးကို ဒေသခံပြည်သူများ ဝယ်ယူမှုများလာကြောင့် ဈေးကွက်အတွင်း တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းအထိလည်းကောင်း၊ ခရမ်းချဉ်သီးကို တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀ နှုန်းအထိလည်းကောင်း ဒေသပေါက်ဈေးများ အသီးသီးရှိကြောင်း သိရသည်။

"ဒီနှစ်ပိုင်းမှာ ကြက်ဥနဲ့ အာလူးတွေက ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် အခုလို မမျှော်လင့်ဘဲ ရုတ်တရက်ကြီး ရောင်းအားကောင်းလာတဲ့အတွက် လက်ကျန်တွေပါ ရောင်းကောင်းကုန်ကြတယ်။ မကြာခင် မေလအတွင်းမှာလည်း နွေပဲတီစိမ်းနဲ့ စားဖိုဆောင် ဟင်းသီးဟင်းရွက်သီးနှံတွေ ဈေးကွက်ကို ဝင်လာတော့မှာပါ" ဟုအခြေခံစားသုံးကုန်ပစ္စည်းသယ်ယူရောင်းဝယ်သူတစ်ဦးက ပြောသည်။

အခြေခံစားသုံးကုန်ပစ္စည်းများကို ကျိုင်းတုံ၊ တာချီလိတ်နှင့် တောင်ကြီးမြို့တို့တွင် သွားရောက်ဝယ်ယူကြရပြီး မိုင်းယောင်း၊ မိုင်းယုရှိ ဒေသခံပြည်သူများထံ ထပ်ဆင့် ရောင်းချပေးနေကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



## အပူပိုင်းဒေသတွင်ဖြစ်ထွန်း၍ ရောဂါဒဏ်ခံနိုင်သော သဘာဝဝတ်မှုန်ကူးငရုတ်မျိုးများ ယှဉ်ပြိုင်လေ့လာခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် မေ ၂၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစုမှ သုတေသနပညာရှင်များသည် အာဟာရပြည့်ဝ၍ လုံခြုံစိတ်ချရသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ဈေးကွက်အလားအလာကောင်း၊ အရည်အသွေးကောင်းသည့် ပန်းမန်သီးနှံများ ရရှိရန် မျှော်မှန်းချက်ဖြင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာန၏အစီအစဉ်ဖြင့်သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် အကျိုးတူ ပူးပေါင်း၍သော်လည်းကောင်း သုတေသနများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ သုတေသနဆောင်ရွက်မှုများမှ အပူပိုင်းဒေသတွင်ဖြစ်ထွန်း၍ ရောဂါဒဏ်ခံနိုင်ရည်ရှိသော သဘာဝဝတ်မှုန်ကူး ငရုတ်မျိုးများ ရရှိရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစုတို့ ပူးပေါင်း၍ ငရုတ်မျိုးများ အထွက်ယှဉ်ပြိုင်ခြင်း သုတေသနကို ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် မိုးနှောင်းရာသီများတွင် သုတေသနပြု ဆောင်ရွက်ထားရှိကြောင်း၊ ယင်းငရုတ် သုတေသနစမ်းသပ်ကွက်တွင် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှရရှိသည့် သဘာဝဝတ်မှုန်ကူးမျိုးငါးမျိုး၊ မြန်မာဒေသမျိုးဖြစ်သော မိသားစုမျိုးနှင့် စီးပွားဖြစ်စိုက်ပျိုးနေသည့် စပ်မျိုးငရုတ်နှစ်မျိုးတို့ကို ယှဉ်ပြိုင်သုတေသနပြုစိုက်ပျိုး၍ အပူပိုင်းဒေသတွင်ဖြစ်ထွန်းသည့် အထွက်နှုန်းကောင်းမျိုးများ ရွေးချယ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။

ယင်းသုတေသနက ကောက်ယူခဲ့သော မှတ်တမ်းအချက်အလက်များနှင့် သုတေသနတွေ့ရှိချက်များအရ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှ ငရုတ်မျိုး နှစ်မျိုးဖြစ်သည့် AVPP 101 နှင့် AVPP 102 တို့မှာ ပင်ညှိုးရောဂါနှင့် ပင်စည်ပုပ်ရောဂါဒဏ် အသင့်အတင့်ခံနိုင်ရည်ရှိခြင်း၊ အထွက်နှုန်းမြင့်မားခြင်း၊ အသီးအရည်အသွေးကောင်းမွန်ခြင်း စသည့် အရည်အချင်းလက္ခဏာများရှိသည့် အလားအလာကောင်းမျိုးများအဖြစ် တွေ့ရှိပြီဖြစ်သောကြောင့် ငရုတ်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် အထွက်နှုန်းကောင်းသည့် အရည်အသွေးကောင်းမျိုးများ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**

## ကျေးရွာ ၁၆ ရွာ လယ်ယာမြေဧက ၁၀၀ အကျိုးပြုသည့် ထီမန့်ကျေးရွာ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီး

**ဆီဆိုင် မေ ၂၆**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ကျေးရွာ ၁၆ ရွာ လယ်ယာမြေဧက ၁၀၀၀ အကျိုးပြုသည့် ပင်စုံကျေးရွာအုပ်စု ထီမန့်ကျေးရွာ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာ ၁၆ ရွာ အကျိုးပြုသည့် ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄၁၆၀၀၀၀ ဖြင့် အရှည် နှစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သဲဖြူနိုးလမ်း အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ရည်ရွယ်ဖောက်လုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ရန်ကုန်ဘုရင့်နောင်ဈေးကွက်၌ မီးဖိုဆောင်သုံး ကုန်စည်အများစုဈေးကျ

**ရန်ကုန် မေ ၂၆**

ရန်ကုန်ဘုရင့်နောင်ဈေးကွက်တွင် သင်္ကြန်အလွန် မေ ၁၈ ရက်မှစ၍ ကြက်သွန်၊ အာလူးများ ဝင်ရောက်လာကာ မေ ၂၅ ရက်က ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူး၊ ငရုတ်ဈေးနှုန်းများသည် စတင်ပြန်ဖွင့်သည့်ရက်ပိုင်းများထက် ဈေးကျလာသည်ဟု ပွဲရုံနှင့်အဝယ်တော်များထံမှ သိရသည်။

မေ ၁၉ ရက်က ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလက်ကားဈေး ငွေကျပ် ၈၀၀၊ အာလူးလက်ကားဈေးတစ်ပိဿာ ငွေကျပ် ၁၀၀၀-၁၁၀၀ နှုန်းဝယ်ရသော်လည်း မေ ၂၀ ရက်က ကြက်သွန်နီဈေးနှုန်းမှာ လတ်သန့်အရွယ်အစားလက်ကားတစ်ပိဿာ ငွေကျပ် ၆၅၀ ကို ငွေကျပ် ၆၀၀ သို့ ကျဆင်းခဲ့သည်။

မေ ၂၃ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန်၂၄၀၀၀၀၊ မေ ၂၄ရက်တွင် ၁၈၀၀၀၀ ဝင်ရောက်မှုရှိသည်ဟု နေ့စဉ်ကုန်ဈေးနှုန်းစာရင်းတွင်ဖော်ပြထားသည်။

မေ ၂၅ ရက်တွင် ဆိပ်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၅၅၀-၆၀၀-၆၀၀-၅၇၅ နှုန်း၊ မြစ်သား ငွေကျပ် ၆၀၀-၈၀၀-၈၀၀-၇၀၀ နှုန်းရှိသည်ဟု သိရပြီး ပခုက္ကူဈေးကွက်တွင် ကြက်သွန်နီအဝင်ပိဿာ ၅၆၅၀၀ ရှိပြီး အမြင့်ဆုံးဈေးမှာ တစ်ပိဿာ ၄၅၅ ကျပ်သာရှိသည်ဟု ယင်းနယ်ဈေးကွက်သတင်းအရ သိရသည်။

အောင်ပန်းနှင့် ဟဲဟိုး အာလူးများဝင်ရောက်မှု ယခုရက်ပိုင်းတွင်များလာရာ ဝယ်လိုအားမှာ ကြက်သွန်နီကဲ့သို့ အာလူးသည်လည်း ဝယ်အားနည်းနေသဖြင့် ဖွင့်ဈေးထက်လျှော့ရောင်းနေရသည်ဟု ရေတမာလမ်း အာလူးပွဲရုံမှ သိရသည်။ မေ ၂၅ ရက် အာလူးဖွင့်ဈေးနှုန်းမှာ ငွေကျပ် ၆၅၀-၈၀၀-၈၈၀-၆၀၀ ဖွင့်သော်လည်း တစ်ပိဿာငွေကျပ် ၅၀ ဈေးလျှော့ရောင်းနေရသည်ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သင်္ကြန်အလွန် ဖွင့်ရက်တွင် အောင်ပန်း ရှမ်းကြက်သွန်ဖြူအသစ်လက်ကားတစ်ပိဿာ ငွေကျပ် ၂၁၀၀-၂၃၀၀-၂၅၀၀-၂၇၀၀၊ ကြူကုတ်ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၃၃၀၀-၃၃၅၀ နှုန်းရှိခဲ့သော်လည်း မေ ၂၅ရက်တွင် ရှမ်းကြက်သွန်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၁၈၀၀-၂၁၀၀-၂၃၀၀-၂၅၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၂၈၅၀-၃၀၅၀ နှုန်းသာရှိသည်ဟု သိရသည်။

သင်္ကြန်လွန်ကာလက အိန္ဒိယငရုတ်ရှည်လက်ကားတစ်ပိဿာ ငွေကျပ် ၃၅၀၀ မြစ်ဝကျွန်းပေါ်ငရုတ်ရှည် ငွေကျပ် ၃၄၀၀၊ မိုးထောင်ငရုတ်တစ်ပိဿာ ငွေကျပ် ၃၇၀၀ နှုန်းရှိခဲ့သော်လည်း မေ ၂၅ ရက်တွင်မူ အိန္ဒိယငရုတ်ရှည်လက်ကားတစ်ပိဿာ ငွေကျပ် ၃၂၀၀-၃၃၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ရှည် ငွေကျပ် ၃၁၀၀-၃၂၀၀၊ မိုးထောင်ငရုတ် ငွေကျပ် ၃၄၀၀ နှုန်းသာရှိသည်။

**ခင်ဆိုင်**

## ရေနံချောင်းမြို့ ချောင်းတိမ်ချောင်း ကျောက်ရိုးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်



ရေနံချောင်း မေ ၂၆

နှစ်စဉ် မိုးရွာသွန်းမှုကြောင့် ရန်ကုန်–မန္တလေးကားလမ်း အပါအဝင် ရပ်ကွက်များ ရေလျှံခဲ့ရသည့် ချောင်းတိမ်ချောင်းကို ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနံချောင်းမြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) CSR ရန်ပုံငွေကျပ်သိန်း ၉၅၀ ဖြင့် ကျောက်ရိုး တည်ဆောက်ခြင်းလုပ်ငန်းကို ယမန်နေ့က စတင်လျက်ရှိသည်။ **(ယာပုံ)**

လက်ရှိ ချောင်းတိမ်ချောင်း ချုံနွယ်များရှင်းခြင်း၊ ဘက်ဟိုးယာဉ်ကြီးဖြင့် ချောင်းတိမ်ချောင်း မြေပြုပြင်ခြင်း စသည့်တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီဝင် ဦးတင်အောင်ဦးက ''လုပ်ငန်းက စနေပါပြီ။ ချောင်းတိမ်ချောင်း အရှည်ပေ ၁၃၀၀ ကျောက်ရိုး တည်ဆောက်ခြင်း လုပ်ငန်းကို CSR ရန်ပုံငွေကျပ်သိန်း ၉၅၀ အကုန်အကျခံ တည်ဆောက်သွားမှာပါ'' ဟု ပြောသည်။

နှစ်တိုင်း မိုးရွာသွန်းပြီဆိုရင် ချောင်းတိမ်တိုက်တန်း၊ စည်ပင်သာရပ်၊ ရုံးရပ်တွေအပါအဝင် မြို့လယ်ရှိ ရန်ကုန် – မန္တလေး ကားလမ်း တစ်လျှောက် ရေလျှံခဲ့ရာ ရွှံ့နွံတွေနဲ့ ညစ်ပတ်သွားတယ်။ ချောင်းကိုလည်း မြို့နယ်စည်ပင်နဲ့ ကောင်းမွန်လမ်းတံတား ဆောက်လုပ်ရေးကုမ္ပဏီကနေ ရွှံ့နွံတွေ ဖယ်ထုတ်ရတယ်။ ယခုလို ချောင်းတိမ်ချောင်းကျောက်ရိုး တည်ဆောက်လိုက်တဲ့အတွက် ရေစီးရေလာ ကောင်းသွားနိုင်ပါတယ်'' ဟု ဒေသခံ တစ်ဦးက ပြောသည်။

ယင်းလုပ်ငန်းကို ကောင်းမွန်လမ်းတံတား ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

**ချင်းပြည်နယ် မတူပီမြို့၌ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရန်အတွက် မတူပီမြို့ ဌာနဆိုင်ရာများနှင့် Joseph Oxygen ပရဟိတအသင်းတို့က ပူးပေါင်း၍ မေ ၂၄ ရက်က မတူပီမြို့နေရာအနှံ့နှင့် ဌာနဆိုင်ရာရုံးများ၊ ကျေးရွာများနှင့် အလုပ်သမားများနေထိုင်သည့် ယာယီတဲများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်စဉ်။**

(ချင်းပြည်နယ် မတူပီမြို့၌ထားရှိသည့် စောင့်ကြည့်လူနာများသည် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး စောင့်ကြည့်လူနာဆောင်၌ ဌာနဆိုင်ရာဝန်ထမ်းများကို အလှည့်ကျတာဝန်ချထား၍ စောင့်ကြည့်လူနာဆောင်၌ တစ်ပတ်တစ်ကြိမ် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။)

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | – ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | – ဖုန်း ၀၉–၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | – ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | –၀၉–၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | – ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၄၂–၂၁၂၄၀ |
| သာပေါင်း | – ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉–၂၅၀၄၄၆၇၁၁ |
| ငပုတော | – ဦးမောင်ပြုံး (အတွင်းရေးမှူး) | –၀၉–၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | – ဒေါ်ယုယုခင် (အတွင်းရေးမှူး) | –၀၉–၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | – ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉–၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | – ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | –၀၄၄–၂၁၁၂၈ |
| ဇလွန် | – ဦးစောဝင်း(ဥက္ကဋ္ဌ) | –၀၉–၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | – ဦးသန်းထိုက် (စာရေး–၁) | –၀၉–၂၅၀၁၁၉၄၉၄ |
| ကြံခင်း | – ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | –၀၉–၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | – ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉–၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | – ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉–၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | – ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | –၀၉–၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | – ဦးခင်စိုး (အတွင်းရေးမှူး) | –၀၉–၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | – ဦးအောင်မိုး (မန်နေဂျာ) | –၀၉–၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | – ဦးကျော်ကျော်(ဥက္ကဋ္ဌ) | –၀၉–၆၇၁၁၂၀၆၆၈ |
| မအူပင် | – ဦးသန်းလွင် (အတွင်းရေးမှူး) | –၀၉–၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | – ဦးလူရွှေ(ဥက္ကဋ္ဌ) | –၀၉–၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | – ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | –၀၉–၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | – ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉–၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | – ဦးမျိုးအောင် (အတွင်းရေးမှူး) | –၀၉–၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | – ဦးသက်ဝေလင်း (စာရင်းကိုင်) | –၀၉–၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

## ညောင်ဦး၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ညောင်ဦး မေ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကူးစက်ပြန့်ပွားမှု မရှိစေရေး ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ခရိုင်လူငယ်ရေးရာကော်မတီ ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်လူငယ်ရေးရာကော်မတီ အတွင်းရေးမှူးနှင့် လူငယ်ကိုယ်စားလှယ်များက ၎င်းတို့အနေဖြင့် ကျေးရွာခံ လူငယ်ခေါင်းဆောင်များ ပါဝင်သော ရပ်ရွာအခြေပြု ကိုဗစ်–၁၉ ကာကွယ်၊ တားဆီးရေးနှင့် လူထုကျန်းမာရေးကော်မတီဖွဲ့စည်းထားရှိပြီး ကျေးရွာအလိုက် အပူချိန်တိုင်းတာစစ်ဆေးပေးခြင်းနှင့် အဖျားတိုင်းပေးခြင်း၊ လူထု၏ ကျန်းမာရေးစစ်တမ်းကောက်ခံပေးခြင်း၊ ခရီးသွားရာဇဝင်များ မှတ်တမ်းတင်ပေးခြင်း စသည်ဖြင့် လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) က လိုအပ်ပါက နှာခေါင်းစည်းများနှင့် အပူချိန်တိုင်းစက်များ အကူအညီ ပေးနိုင်ကြောင်း၊ လူငယ်ကိုယ်စားလှယ်များအနေဖြင့် အရေးပေါ် လိုအပ်လာပါက မြို့အဝင်အထွက်ဂိတ်များတွင် အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် အဖျားတိုင်းပေးခြင်းများကို တာဝန်ယူပေးစေချင်ကြောင်း၊ လူငယ်အမျိုးသမီးများအနေဖြင့် နှာခေါင်းစည်းများ ချုပ်ပေးစေချင်ကြောင်း၊ တစ်ခုလျှင် ငွေကျပ် ၂၅၀ ဖြင့် ချုပ်ပေးမည်ဆိုပါက ယခုကာလ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရမည်ဖြစ်ကြောင်း၊ ယာယီဈေးဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် ပတ်သက်၍ ဈေးသည်များကလည်း စည်းကမ်းလိုက်နာရန် လိုအပ်ပြီး ခရိုင်အုပ်ချုပ်ရေးဘက်ကလည်း ဝါးထရံများ၊ ဝါးလုံးတန်းများ အသုံးပြုပြီး ယခုထက် ပိုမိုအဆင်ပြေစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်ကိုယ်စားလှယ်များအနေဖြင့်လည်း စောင့်ကြည့်ကာ ဝိုင်းဝန်းကူညီပေးစေချင်ကြောင်း အကြံပြုဆွေးနွေးပြောကြားသည်။

**ကျော်မင်းဦး (ပြန်/ဆက်)**

## သရက်မြို့နယ် ဝက်သားစားကျေးရွာတွင် သောက်သုံးရေဂါလန် ၅၀၀၀ ဖြန့်ဝေလှူဒါန်း

သရက် မေ ၂၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြရေကျေးရွာအုပ်စု ဝက်သားစားကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ရေဂါလန် ၅၀၀၀ ကို ယနေ့နံနက်ပိုင်းက ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးသည်။

ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့် ဝေပေးရာတွင် ပုဂ္ဂလိကပိုင် ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၅၀၀၀ ကို အိမ်ထောင်စုများအလိုက် သောက်သုံးရေများ စနစ်တကျ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာအတွက် စေတနာရှင် အလှူရှင်များအနေဖြင့် သောက်သုံးရေများ လှူဒါန်းလိုပါက ရေဂါလန် ၅၀၀၀ ပါ ကားတစ်စီးလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်း ဖုန်း ၀၉–၂၅၈၆၈၇၉၈၆ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



ဝက်သားစားကျေးရွာအရောက် သောက်သုံးရေဖြန့်ဝေလှူဒါန်းပေးမှုကို တွေ့ရစဉ်။

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# သန်လျင်မြို့မ အားကစားကွင်းတွင် ပျံ့ကျဈေး ဖွင့်လှစ်



သန်လျင်မြို့မ အားကစားကွင်းတွင် ဖွင့်လှစ်ထားသည့် ယာယီပျံ့ကျဈေးကို တွေ့ရစဉ်။

**ရန်ကုန် မေ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရေး အခြေခံစားသောက်ကုန်များကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးတို့အတွက် သန်လျင်မြို့ မြို့မမြောက်ရပ်ကွက်ရှိ မြို့မအားကစားကွင်းတွင် မေ ၂၅ ရက်မှစတင်၍ ပျံ့ကျဈေးအား စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ယာယီပျံ့ကျဈေး၌ ဈေးဆိုင်ခန်းပေါင်း ၂၇၆ ခန်းတွင် အခြေခံ စားသောက်ကုန်များနှင့် အထွေထွေကုန်ပစ္စည်းများ တည်ခင်းရောင်းချပေးလျက်ရှိသည်။

အဆိုပါယာယီပျံ့ကျဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးသည်များ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ကော်မတီဝင်များ၊ အမှုဆောင်အရာရှိ ဦးသိုက်စိုးနှင့် စည်ပင်ဝန်ထမ်းများက စနစ်တကျ နေရာချထားပေးခြင်း၊ အမှိုက်ပုံးများ၊ ယာယီအိမ်သာများ ဆောက်လုပ်ပေးခြင်း၊ သတ်မှတ်အကွာအဝေးမှ ဝယ်ယူရောင်းချနိုင်ရေး၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ရောင်းချရေး၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သန်လျင်မြို့နယ်အတွင်းရှိ ဘုရားကုန်း၊ ထမလုံ၊ တာဝ၊ မြို့ဟောင်းဈေးများတွင်လည်း ယာယီပျံ့ကျေးဈေးများ ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့နယ် ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကလည်း အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

## ရေတာရှည်၌ သဘင်ဂီတအနုပညာရှင်များအား စားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရေတာရှည် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ သဘင်ဂီတ အနုပညာရှင်များအား စားကုန်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရေတာရှည်မြို့ အမှတ် (၃) ရပ်ကွက် ဗထူးလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့သည်။ ဆိုင်းအဖွဲ့ ငါးဖွဲ့၊ ကြေးငြိမ့် သုံးဖွဲ့၊ ဂီတအဖွဲ့တစ်ဖွဲ့ စုစုပေါင်းအနုပညာရှင် ၁၄၀ အတွက် တစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၀ ကျပ်သားတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းကိုက ပေးအပ်ခဲ့ရာ မြို့နယ်သဘင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က လက်ခံရယူခဲ့သည်။

“ကျွန်တော်တို့ သဘင်ဂီတအဖွဲ့တွေက ဝမ်းစာအတွက် အနုပညာကိုပဲ အားကိုးကြရတာပါ။ ဆိုင်းအဖွဲ့တွေဆို တပေါင်းလအလှူပွဲတွေကိုအားထားရတာ၊ အလှူပွဲရောက်ချိန်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲနဲ့တိုက်နေလို့ ပွဲမိန့်မရတော့ မတီးရပြန်ဘူး။ စာမေးပွဲတွေပြီးလို့ အလှူပွဲတွေ တီးတော့မယ်ဆိုပြန်တော့ ကိုဗစ်ရောဂါကြောင့် မတီးရပြန်ဘူး။ အဖွဲ့သားတွေမှာ စားဝတ်နေရေးအပိုင်းမှာ အတော်ကို ရုန်းကန်ကြရတာ တွေ့ရတယ်။ အခုလို ထောက်ပံ့ပေးတဲ့အတွက် အားလုံးရဲ့ကိုယ်စား အတိုင်းမသိအောင် ဝမ်းသာရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်” ဟု မြို့နယ်သဘင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က ပြောသည်။

သန်းလွင်

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး**



တံတားဦးမြို့နယ်၌ ဖွင့်လှစ်ထားသည့် ယာယီပျံ့ကျဈေးကို တွေ့ရစဉ်။

## တံတားဦးမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ယာယီပျံ့ကျဈေး စတင်ဖွင့်လှစ်

**တံတားဦး မေ ၂၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လူစုလူဝေး မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ အခြေခံစားသောက်ကုန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် ယာယီပျံ့ကျဈေးကို ယနေ့နံနက် ၆ နာရီက တံတားဦးမြို့ အမှတ် (၁) ရပ်ကွက် မြမာလာဦးပန်းခြံ၌ ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချခွင့် ပြုထားသည်။

အဆိုပါ ယာယီပျံ့ကျဈေးအတွင်း ရောင်းချနေသည့် ဈေးသည်များကို မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများက ကြီးကြပ်၍ ဈေးရောင်း ဈေးဝယ်သူများ အနေဖြင့် သတ်မှတ်အကွာအဝေး နေရာများတွင် ရောင်းချဝယ်ယူနိုင်ရေး၊ အသား၊ ငါးများ၊ စားသောက်ကုန်ပစ္စည်းများ ရောင်းချသူများ၊ ဝယ်ယူသူများအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်အသုံးပြုပြီးမှ ဈေးအတွင်းသို့ ဝင်ရောက်ရန် စွန့်ပစ်အမှိုက်များကိုလည်း သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို ကြိုတင်နှိုးဆော်ထားကြောင်း၊ ယခု ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ယာယီပျံ့ကျဈေးတွင် ဆိုင်ခန်းပေါင်း ၂၃၀ ကျော်နှင့် တစ်ဆိုင်နှင့်တစ်ဆိုင် အနည်းဆုံး ခုနစ်ပေကွာ အကွက်ချ၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

ရဲတင့် (ပြန်/ဆက်)

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား သီးသန့်စောင့်ကြည့်ရန် မော်လမြိုင်မြို့နယ်၌ နေရာပေါင်း ခုနစ်ခု ကြိုတင်စီစဉ်ထား

**မော်လမြိုင် မေ ၂၆**

ဧပြီလကုန်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်သူများအား သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး ၂၁ ရက်ကြာ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမှု လုပ်ဆောင်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း၌ နေရာပေါင်း ခုနစ်ခု စီစဉ်ထားကြောင်း သိရသည်။

"လကုန်ရင် ထိုင်းနိုင်ငံကနေ ပြန်လည်ဝင်ရောက်လာမယ့် နေရပ်ပြန်တွေအတွက်ကတော့ မော်လမြိုင်မြို့နယ် အနေနဲ့ နေရာ ခုနစ်ခုကို စီစဉ်ထားပါတယ်၊ မော်လမြိုင် တက္ကသိုလ်မှာဆိုရင် (၁၀)မြို့နယ်အဆောင်ရယ်၊ တက္ကသိုလ် ကျောင်းထဲက အဆောင်တွေရယ်၊ အခြေခံပညာကျောင်းတွေမှာတော့ အထက(၃)၊ အထက(၆)၊ ပညာရေးကောလိပ်၊ အား/ကာသိပ္ပံ၊ တပ်မတော် စစ်ကြောရေးနဲ့ တည်းခိုရေးစခန်း၊ ဒီနေရာ ခုနစ်ခုမှာ လူပေါင်း ၂၈၀၀ လောက် ထားနိုင်ဖို့ စီစဉ်ထားတယ်"ဟု မော်လမြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက ပြောသည်။

လက်ရှိအချိန်တွင် မော်လမြိုင်တက္ကသိုလ်အတွင်းရှိ (၁၀)မြို့နယ်ဆောင်နှင့် တက္ကသိုလ်ဝင်းအတွင်းရှိ အင်ကြင်းဆောင်တို့၌ ၂၁ ရက်ကြာ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုမှုကို လုပ်ဆောင်နေသည့် နေရပ်ပြန်စုစုပေါင်း ၃၀၀ နီးပါး ကျန်ရှိနေသေးကြောင်း မော်လမြိုင်မြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ထိုင်းနိုင်ငံအတွင်းသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် ဧပြီလကုန်တွင် နယ်စပ်ဂိတ်များမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ရာ အဆိုပါ နေရပ်ပြန်သူများအား ထားရှိရန်အတွက် မွန်ပြည်နယ် အတွင်းရှိ မော်လမြိုင်မြို့နယ်အပြင် ကျန်မြို့နယ် ကိုးခု၌လည်း စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)



ပြန်လာမည့်သူများအား စောင့်ကြပ်ကြည့်ရှုရန် ပြင်ဆင်ထားသည့် နေရာတစ်ခု



## ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် ပိုစတာများကပ်ပြီး ဘေစင်များတပ်ဆင်ပေး

**ဟိုပုံး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဗီနိုင်းများနှင့် ပိုစတာများ ကပ်ခြင်းနှင့် လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း လုပ်ငန်းများကို မေ ၂၆ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာများတွင် တာဝန်ရှိသူများက လိုက်လံဆောင်ရွက်ခဲ့သည်။

ဟိုပုံးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ သက်ဆိုင်ရာကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျေးရွာများတွင် အသိပညာပေး ဗီနိုင်းများနှင့် ပိုစတာများ ကပ်ရန်နှင့် လက်ဆေးဘေစင်များ တပ်ဆင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထျာရယ်နှင့် ဝန်ထမ်းများက ဟိုပုံးမြို့နယ်အတွင်းရှိ လွယ်အွန့်ကျေးရွာ၊ ဖာလိုင်ကျေးရွာ၊ စငေါကျေးရွာ၊ စအွန်ကျေးရွာ၊ ခိုခြဲကျေးရွာ၊ ဗန်းစောက်ကျေးရွာနှင့် ကျောက္ကချားကျေးရွာများရှိ လူသွားလူလာများသော လမ်းများ၊ လမ်းဆုံများနှင့် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သီးသန့်ထား စောင့်ကြည့်သူများအား ထားရှိသည့်နေရာများ၌ အသိပညာပေးဗီနိုင်းများ၊ ပိုစတာများ ကပ်ခြင်းနှင့် လက်ဆေးဘေစင်များ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**



ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ထီတခေါ့ရွာ ခန်းမဆောင်၌ သီးသန့်ထား စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသူများထဲမှ ကလေးငယ်များအတွက် မုန့် ၁၆ ဘူးနှင့် ကလေးကစားစရာ အရုပ်များကို ခရိုင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက မေ ၂၆ ရက်တွင် ထောက်ပံ့ပေးအပ်စဉ်။ (တာဝန်ရှိသူများသည် စောင့်ကြပ်ကြည့်ရှုမှု ခံနေသူများအတွက် ကြက်သား လေးပိဿာ၊ ကြက်ဥ အလုံး ၂၀၀၊ ငါးသေတ္တာ တစ်ဖာနှင့် အသားဘူး တစ်ဖာတို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။)

စိုင်းမျိုးသန့်(မောက်မယ်)

## ခမောက်ကြီးဒေသမှ နယ်စပ်ကျေးရွာများ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ခမောက်ကြီး မေ ၂၆**

ထိုင်း-မြန်မာနယ်စပ် ထိုင်းဘက်ခြမ်းရှိ ပါကလပ်ဒေသနှင့် ထိစပ်နေသော ကော့သောင်းခရိုင်အတွင်း ခမောက်ကြီးဒေသမှ ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး ကော်မတီက မေ ၂၅ ရက်မှစ၍ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ ပါကလပ်ဒေသနှင့် ပါချန်မြစ်ကျဉ်း တစ်ခုသာခြား၍ ထိစပ်နေသော မြန်မာနိုင်ငံဘက် ခမောက်ကြီးဒေသအတွင်း ကျေးရွာများဖြစ်ကြသည့် အောင်သာယာ၊ အေးမြသာယာ၊ ဝိုင်ဒင်း၊ အေးမြမင်္ဂလာနှင့် မြိုင်သာယာ စသည့် ကျေးရွာငယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးမှုများကို ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင် ဦးဆောင်၍ သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးအသိရှိကြရန်၊ တစ်ဖက်နိုင်ငံမှ မိမိတို့နယ်မြေအတွင်းသို့ ခိုးဝင်ခြင်းများ မရှိစေရန်နှင့် မိမိဘက်မှ ခိုးထွက်ခြင်းများ မပြုလုပ်ကြရန်၊ တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်မှသာ ဝင်/ထွက်ကြရန်၊ ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း နေအိမ်ပြင်ပသို့ ထွက်ခွာခြင်း မပြုလုပ်ကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန် စသည့်အချက်များကို မြို့အုပ်ချုပ်ရေးမှူးက ပြည်သူများအား မှာကြားခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌသည် အဆိုပါကျေးရွာများမှ နေ့ညမပြတ် လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများအတွက် ဆန် နှစ်အိတ်၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ နှာခေါင်းစည်း အခု ၁၀၀ နှင့် ဆပ်ပြာများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကာ နမ်မတွန် ရေ့တန်းတပ်စခန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်လည်း ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**နန့်လေးလေး(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့မဈေး၌ လူစုလူဝေးဖြင့်ရောင်းဝယ်ခြင်းမပြုရန် အသိပေးနှိုးဆော်ပြီး ဗီနိုင်းများချိတ်ဆွဲ

**ကျောက်ပန်းတောင်း မေ ၂၆**

ကျောက်ပန်းတောင်းမြို့ မြို့မဈေးကြီးအတွင်း၌ လူစုလူဝေးဖြင့် ဈေးရောင်းဝယ်ခြင်း မပြုကြရန် မြို့ခံ ကိုဗစ်-၁၉ ဖော်လံတီယာအဖွဲ့မှ လူငယ်များက ဈေးရောင်းဈေးဝယ်သူများအား လက်ကိုင် အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးခြင်းကို မေ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့ခံ ကိုဗစ်-၁၉ ဖော်လံတီယာအဖွဲ့မှ လူငယ် ၂၀ က ဈေးကြီးအတွင်း ဈေးရောင်းချနေကြသူများနှင့် ဈေးဝယ်များအနေဖြင့် လူစုလူဝေးဖြင့် ရောင်း/ဝယ်ခြင်း မပြုလုပ်ကြဘဲ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ ရောင်းဝယ်ကြရန် လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည် အသိပေးခဲ့သလို ဈေးလာသူများ လက်သန့်ဆေးရည်ဖြင့် လက်ဆေးနိုင်ရန်နှင့် လူအများမြင်သာသော နေရာများ၌ အသိပညာပေးဗီနိုင်းများကပ်ခြင်းတို့ကိုလည်း မြို့မစည်ပင်သာယာဈေးကြီးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**



ဈေးအတွင်း ဗီနိုင်းများကပ်ပေးနေသော ဖော်လံတီယာအဖွဲ့မှ လူငယ်များ။

## ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးတွင်အသုံးပြုရန် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ကျောက်ဖြူ မေ ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အထောက်အကူပြု ပစ္စည်းများကို ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(Centre For Diversity And National Harmony-CDNH)က မေ ၂၅ ရက်တွင် လှူဒါန်းခဲ့သည်။

ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘရှိန်က အမှာစကားပြောကြားကာ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့မှ ပရိုဂရမ်မန်နေဂျာ ဦးဇင်လင်းမောင်က ကျောက်ဖြူမြို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နှာခေါင်းစည်း အခု ၁၀၀၀၀၊ ၅၀၀ မီလီလီတာပါ လက်သန့်ဆေးရည် ဘူးကြီး ၄၀၀၀၊ PPE ဝတ်စုံ ၁၀၀ နှင့် ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေး ဗီနိုင်း ဆိုင်းဘုတ် အခု ၂၀၀ တို့ကို ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့မှ ပရိုဂရမ်မန်နေဂျာက မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ စုကလိမြို့၌ ဆောင်ရွက်

**စုကလိ မေ ၂၆**

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က အမှတ်(၁)ရပ်ကွက်သို့သွားရောက်၍ ပြည်သူများ လိုက်နာရမည့် သိကောင်းစရာများကို ဟောပြောခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးခြင်းနှင့် လက်ဆေးခြင်းနှင့်ပတ်သက်၍ သရုပ်ပြခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပိုပိုအောင်(ပြန်/ဆက်)**

# စလင်းမြို့နယ်မှ ကျန်းမာရေးစောင့်ကြည့်မှု ခံယူပြီးသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ အမှာစကားပြောကြား

**စလင်း ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မိုးလုံလေလုံ အားကစားရုံနှင့် ဆင်ဖြူကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့၌ ဖွင့်လှစ်ထားသော ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှု နေရာများ၌ ၂၁ ရက်ကြာ စောင့်ကြပ်ကြည့်ရှုမှုကို ခံယူပြီး နေအိမ်များသို့ ပြန်လွှတ်မည့်သူများအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများက ဧပြီ ၂၅ရက်တွင်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးနှင့် တာဝန်ရှိသူများက အားကစားရုံ၌ စောင့်ကြပ်ကြည့်ရှုမှုခံယူသူ ကိုးဦးနှင့် အထကကျောင်း၌ စောင့်ကြပ်ကြည့်ရှုမှုခံယူခဲ့သူ ၈၂ ဦး တို့အား တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး အတွက် စောင့်ကြည့်ရက်များအတွင်း ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ နေထိုင်ပေးခဲ့သော ကြောင့် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍ မိမိတို့နေအိမ်၌လည်း ခုနစ်ရက်ကြာ ထပ်မံ၍ သီးခြားနေထိုင်ပေးကြရန်နှင့် သံသယရောဂါ လက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆက်သွယ်အကြောင်းကြားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သတ်မှတ်စောင့်ကြည့်ရက် ပြည့်သူ ၉၁ ဦးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှု ၂၁ ရက်ကို ခံယူပြီးစီးခဲ့ကြောင်း ထောက်ခံချက် လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

စလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက် ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးဟိန်းဆက်၏ လမ်းညွှန်မှုဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး မတ် ၂၂ ရက်မှစ၍ ပြည်ပနိုင်ငံများမှ ပြန်လာပြီး သတ်မှတ်ထားသော နေရာများ၌ စောင့်ကြပ်ကြည့်ရှုမှု ခံယူနေသူ ၅၄၆ ဦး ရှိသည့်အနက် ယနေ့အထိ သတ်မှတ်စောင့်ကြည့် ရက် ပြည့်မြောက်ပြီးသူ ၄၅၂ ဦးရှိကာ ရက်မပြည့် သေးသူ ၉၄ ဦး ကျန်ရှိကြောင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

**စိုးမိုးသူ(စလင်း)**

# ချင်းရွှေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လျက်ရှိ

**ချင်းရွှေဟော် ဧပြီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယာယီ စောင့်ကြည့်ရေးစင်တာများ၌ ကန့်သတ်ထားရှိပြီး ကျန်းမာရေးအခြေအနေ စောင့်ကြပ်ကြည့်ရှုမှုများကို ဧပြီ ၂၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ချင်းရွှေဟော် နယ်စပ်စစ်ဆေးရေးစခန်း လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)မှ အဖွဲ့ခေါင်းဆောင် ဦးရဲထွန်းက "ကျွန်တော်တို့ ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာတဲ့ နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများထဲမှာ တရုတ်ဘက်က ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပြီးကြောင်း ကျန်းမာရေး ထောက်ခံချက်ပါရှိသူများကို သက်သာတဲ့နှုန်းထားနဲ့ နေရပ်အသီးသီးကို ပြန်နိုင်အောင် မော်တော်ယာဉ်များစီစဉ်ပေးပြီး ပြန်စေလွှတ်တာ အခုအချိန်အထိ ၃၇၁ ဦး ရှိပါတယ်၊ ကျန်းမာရေးထောက်ခံစာ မပါတဲ့သူများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ ညှိနှိုင်းပြီးတော့ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောကြားသည်။

ချင်းရွှေဟော်၌ ဧပြီ ၂၄ ရက်က တရုတ်နိုင်ငံမှ ထပ်မံဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ကျား ၃၁ ဦးနှင့် မ ၂၈ ဦးတို့အား အမှတ်(၃)ရပ်ကွက်ရှိ ဦးအားလုံ ဂိုဒေါင်၌ ထားရှိကာ ကျန်းမာရေးအခြေအနေ စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



ပြည်ပမှပြန်လာသူများအား သီးသန့်ထား စောင့်ကြည့်နေရာ၌ ထားရှိရန်ပြင်ဆင်နေစဉ်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် သန္တိသုခ လူမှုကူညီရေး အသင်းဝင်များ ပူးပေါင်းပြီး ပြည်ပမှ ပြန်ဝင်လာသူများအား သီးသန့်ထား စောင့်ကြည့်လျက်ရှိရာ ချင်းရွှေဟော်မြို့တော်ခန်းမ၌ ၈၉ ဦး၊ အခြေခံပညာ အထက်တန်းကျောင်း၌ ၉၅ ဦး၊ အမှတ်(၂)ရပ်ကွက် မြို့ဂုဏ်ရောင်ဘုန်းတော်ကြီးကျောင်း၌ ၄၂ ဦးနှင့် အမှတ်(၃) ရပ်ကွက် ဦးအားလုံ ဂိုဒေါင်၌ ၅၉ ဦး စုစုပေါင်း ၂၈၅ ဦးရှိကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# ဟားခါးမြို့ အဝင်အထွက်၌ ကျန်းမာရေးစစ်ဆေးမှုများကို ပူးပေါင်းအဖွဲ့များဖြင့် အရှိန်မြှင့်ဆောင်ရွက်

**ဟားခါး ဧပြီ ၂၆**

ချင်းပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ဟားခါးမြို့ အဝင်အထွက် နေရာများ၌ ကျန်းမာရေးစစ်ဆေးမှုများကို အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ဟားခါး-ဖလမ်း ကားလမ်းရှိ ဟားခါးထာရ်ရပ်ကွက် လုံခြုံရေး စစ်ဆေးရေးဂိတ်နှင့် ဟားခါး-ဂန့်ဂေါ ကားလမ်းရှိ မြို့ဝင် လုံခြုံရေးစစ်ဆေးရေးဂိတ် စသည့် သတ်မှတ်နေရာများ၌ အခြေပြု၍ ဟားခါးမြို့သို့ဝင်ရောက်မည့် ပြည်သူများနှင့် ယာဉ်မောင်းနှင်သူများ၊ ဆိုင်ကယ်စီးနင်းလာသူများအား ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်းနှင့် ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ပူးပေါင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ အမှတ်(၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန် /ဆက်)**



ဟားခါးမြို့တွင်းသို့ ဝင်မည့်သူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးမှု ပြုလုပ်နေစဉ်

# ကျောက်ပန်းတောင်း၌ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူများလိုက်နာစေရန် လှည့်လည်စစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် အမိန့် ညွှန်ကြားချက်များကို ပြည်သူများ လိုက်နာစေရန်နှင့် မှုခင်းဖြစ်ပွားမှုမရှိစေရန် ညပိုင်း စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နေသည့် နေရာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဧပြီ ၂၅ ရက် ည ၁၀ နာရီက လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့၌ ညပိုင်းအချိန်များတွင် မြို့ဝင်/မြို့ထွက်ဂိတ်များ၌ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတလူငယ်များ ပူးပေါင်း၍ လုံခြုံရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုံခြုံရေးဆောင်ရွက်သည့် နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ငြေးနှင့် မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**




# ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ချီဖွေ ဧပြီ ၂၆**

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများကို အလှူရှင်များက ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

ဧပြီ ၂၀ ရက်တွင် ကချင်အထူးဒေသ(၁) ပန်ဝါဒေသ ပြည်သူ့စစ် ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက စုစုပေါင်း ကျပ် ၃၃ သိန်းကျော်တန်ဖိုးရှိ နှာခေါင်းစည်း အခု ၂၀၀၀၊ တစ်ခါသုံး ရော်ဘာလက်အိတ်အစုံ ၁၀၀၀၊ PPE ဝတ်စုံအထည် ၂၀၊ တစ်ခါသုံး ခေါင်းစွပ်နှစ်ခု၊ ပိုးသတ်ဆေးဘူး ၂၀ နှင့် ဆေးဖျန်းဘူးကြီးတစ်ဘူး၊ အရက်ပြန် ၁၀ ဘူး၊ လက်သန့်ဆေးရည် ၁၀ ဘူးတို့ကို လာရောက်လှူဒါန်းခဲ့သလို ဧပြီ ၂၁ ရက်တွင်လည်း တရုတ်နိုင်ငံမှ SPIC/ACHC ကုမ္ပဏီက ဆေးရုံသုံးပစ္စည်းများဖြစ်သည့် ကိုယ်အပူချိန်တိုင်းကိရိယာ ခုနစ်ခု၊ PPE ဝတ်စုံ ၂၅ စုံ၊ မျက်မှန် ၂၅ ခု၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁၀၀၀၊ N95 နှာခေါင်းစည်း အခု ၅၀၊ လက်သန့်ဆေးရည်ဘူး ၁၀၀ နှင့် ကလိုရင်းဆေးရည် တစ်ပုံးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာလင်းလင်းထွန်းတို့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇင်မာဝင်း(ပြန်/ဆက်)**

# ရိုခေါဒါရ်မြို့မှ ကုန်တင်ကုန်ချ အလုပ်သမားများအတွက် ဆန်အိတ်များဖြန့်ဝေပေး

**ရိုခေါဒါရ် ဧပြီ ၂၆**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ရှိ ကုန်တင်ကုန်ချအလုပ်သမားအသင်းရုံးမှ ကုန်တင်ကုန်ချ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက် ဆန်အိတ်များကို ဧပြီ ၂၅ ရက်က မြို့ကုန်တင်ကုန်ချရုံး၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"အခုအချိန်မှာ ကုန်ပစ္စည်းတွေ တင်သွင်းတင်ပို့မှု မရှိတော့လို့ ကျွန်တော်တို့ ကုန်တင်ကုန်ချ အလုပ်သမားတွေအနေနဲ့ အလုပ်လက်မဲ့ဖြစ်သွားတာပေါ့။ ဒီလို စားသောက်ရေး ခက်ခဲနေတဲ့အချိန်မှာ စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေဖို့အတွက် သက်ဆိုင်ရာလူကြီးတွေက စီစဉ်ပေးတော့ အဆင်ပြေသွားတယ်"ဟု ကုန်တင်ကုန်ချ အလုပ်သမားတစ်ဦးက ပြောသည်။

အဆိုပါဆန်အိတ်များကို ရိုခေါဒါရ်မြို့ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျင်လမ်းခိုင်၊ ကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးမှူး ဦးဗန်လာလ်ဒုနှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ကုန်တင်ကုန်ချ အလုပ်သမား ၄၁၉ ဦးအတွက် ဆန်အိတ် ၄၁၉ အိတ်ကို ကလေးမြို့၌ သွားရောက်ဝယ်ယူခဲ့ပြီး အလုပ်သမားတစ်ဦးလျှင် ဆန်အိတ် တစ်အိတ်စီ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမားစည်းရုံးရေးမှူး ဦးဗန်လာလ်ဒုကလည်း "အလုပ်သမားတွေ စားနပ်ရိက္ခာမပြတ်စေရေးအတွက် ဆန်အိတ်တွေဖြန့်ဝေနိုင်ဖို့ သက်ဆိုင်ရာကို တင်ပြပြီး ကုန်တင်ကုန်ချအလုပ်သမားရုံးမှာ စုဆောင်းထားတဲ့ ရန်ပုံငွေနဲ့ ဆန်အိတ်တွေဝယ်ပြီး အခမဲ့ ဖြန့်ဝေပေးတာဖြစ်တယ်။ အလုပ်သမားတွေ လိုအပ်တဲ့ အချိန်မှာ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ကြီးကြပ်ပေးတဲ့ မြို့ ကုန်တင်ကုန်ချ ကြီးကြပ်ရေးကော်မတီကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ရိုခေါဒါရ်မြို့၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ကာလအတွင်း ရပ်ကွက်နေ ပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက်လည်း မြို့အဆင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်များမှ လူငယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ဆန်နှင့် အခြားစားသုံးကုန်များ ကြိုတင်ဝယ်ယူစုဆောင်း သိုလှောင်ထားကာ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်စေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ပက်ကာ(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်သည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

သတင်းစဉ်

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးသည်းထန်ရွာသွန်း ဓာတ်အားတိုင်များပြိုလဲ

**ကျောက်ပန်းတောင်း မေ ၂၆**

ကျောက်ပန်းတောင်းမြို့တွင် မေ ၂၆ရက် ညနေက မိုးနှစ်ကြိမ်သည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းအနည်းငယ် တိုက်ခတ်ခဲ့သဖြင့် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းအထွက် လမ်းယာဘက်ဘေးမှ သစ်ပင်တစ်ပင် ပြိုလဲပြီး လျှပ်စစ်ဓာတ်အားလိုင်းပေါ် ပိမိရာမှ ဓာတ်အားတိုင်၁၆ တိုင်နှင့် ထရန်စဖော်မာတစ်လုံး လဲပြိုမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားတိုင်များနှင့် ထရန်စဖော်မာ လဲပြိုမှုဖြစ်ပွားရာသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မိုးနှင့် ဝန်ထမ်းများက အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဌေးနှင့် တပ်ဖွဲ့ဝင်များက လဲပြိုနေသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း ဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)


## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၆**


ကချင်ပြည်နယ်၊ စစ်ကိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**


အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။








တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 011383 (0621)

ခန္ဓာကိုယ်ခုခံအားစနစ် မြှင့်တင်ပေးရန်
အစာအိမ်နှင့် အူလမ်းကြောင်းစနစ် ကောင်းမွန်စေရန်

ဒိန်ချဉ်ဆေး
FAME

ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ
01-3681908, 09-752721908, 09-954271908



### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-22(T)MESC/2019-2020 | Ring CT(150/5A),(250/5A),(300/5A),(400/5A),(500/5A) (800/5A) စုစုပေါင်း (3000 Sets )အား ဝယ်ယူရန် |
| (ခ) | 1-23(T)/MESC/2019-2020 | ပါဝါမီတာ (10/30A)-1200 Nos, (10/60A) 2400 Nos, (10/80A)-2400 Nos ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၄-၂၀၂၀ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၀-၅-၂၀၂၀ ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal www.moee.gov.mm ၌ အသေးစိတ် ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၂၇ လမ်း၊ ၇၇x၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၄၀၆၉၁၂၁

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာထင်အောင်

အသက်(၈၅)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အုပ်ချုပ်မှုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်လင်းအောင်-ဒေါက်တာနန်းယဉ်လွင်အေး တို့၏ဖခင် ဒေါက်တာ ထင်အောင်သည် ၂၅-၄-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဒေါ်ယဉ်ယဉ်အေး
ညွှန်ကြားရေးမှူး(အုပ်ချုပ်မှု)နှင့် ဝန်ထမ်းများ
လမ်းဦးစီးဌာန

## ကျေးဇူးအထူးတင်ရှိခြင်း

၁၉-၄-၂၀၂၀ ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားသည့် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်သောင်းစုရွှေစင်(ဒု-လ/ထ ကွန်ပျူတာ)(၂၆)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုပေးပါသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ အနယ်နယ်အရပ်ရပ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သာယာဝတီမြို့မှ လူမှုကူညီရေး အသင်းအဖွဲ့များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူး အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောဘီးဒါ

(စာရင်းစစ်၊ ဗဟိုစာရင်းစစ်ချုပ်ရုံး)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၆၀၄)နေ (ဦးစောဘသန်း-ဒေါ်ရီးနာ) တို့၏သား၊ (ဦးစောလှရွှေ-နော်တလု)တို့၏သားသမက်၊ နော်ရူဘီ၏မောင်၊ နော်ကယ်စီနော့၊ စောတာမလာသူး(ခ)စောဂျိုးဂျိုး၊ စောဖရတ်ဒရိုတ်၊ (နော်ယူးနစ်)တို့၏ အစ်ကို၊ စောမိုရှေး၊ နော်စူစန်၊ စောယိုသ-နော်အော်ဒရီတို့၏ ဖခင်၊ စောဂျက်စတင်းယိုသ၏ အဘိုး၊ နော်ချယ်ရီဖော၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၆:၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀နာရီတွင် ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## အရာခံဗိုလ် မောင်မောင်(ငြိမ်း)

အသက်(၈၈)နှစ်

ဦးဇော်သက်အောင်-(ဒေါ်ခင်ယုမာ)၊ ဒုအရာခံဗိုလ်သောင်းထွဋ်မောင်-(ဒေါ်ခင်ထားဦး)၊ ဗိုလ်မှူးသိန်းထွဋ်မောင်(ငြိမ်း) -ဒေါ်သိဂီဝင်း၊(ဦးကျော်သန်း-ဒေါ်ခင်မိုးထွဋ်)တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုးသည် ၂၆-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ရက် နံနက် ၁၀နာရီ တွင် ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၀ရက်(စနေနေ့)တွင် ဆရက (၁/၁၀၀၀) ကန်သာယာ (၅)လိုင်း ဒုအရာခံဗိုလ် သောင်းထွဋ်မောင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးခင်မောင်ဆွေ

ကထိက/ဌာနမှူး

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး(ငြိမ်း)

အသက်(၈၂)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဏ-၉/၁၉(က)၊ လမ်း ၆၀နေ (ဦးဘသန်း-ဒေါ်သက်တင်)တို့၏သား၊ ဒေါက်တာဒေါ်ခင်မေသိန်း (ပါမောက္ခ/ဌာနမှူး၊ ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်မန္တလေး၊ ပြည်သူ့ဆေးရုံကြီး မန္တလေး)၏ ခင်ပွန်း၊ ဦးဇော်ဦးဆွေ-ဒေါ်အေးအေးသန်း၊ ဦးမိုးသူ-ဒေါ်သီ တာဆွေတို့၏ ဖခင်၊ မောင်သီဟန်ဇော်၊ မထက်မြက်သီရိ၊ မခင်ရတနာလွင်၊ မောင်တင်ထွဋ်အောင်တို့၏ အဘိုးသည် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးအုန်းမြင့်ထွန်း

1992 အင်းစိန် G.T.I ကျောင်းသားဟောင်း

အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာန၊ တိုက်ကြီးမြို့နယ်၊ ဒေါ်သင်းသင်း(ဦးစီးအရာရှိ)၏ခင်ပွန်း ဦးအုန်းမြင့်ထွန်းသည် ၂၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်အရှေ့(၂)၊ မဟာမြိုင်ကျောင်းလမ်း၊ အမှတ်(၄၆၅)၊ မျက်နှာစာမှ အိမ်နောက်ဆုံးထိ အလျားxအနံ ပေ(၁၇x၉၀)နှင့် အိမ်နှင့်ဆက်စပ်လျက်ထောင့်ချိုးမြေ အလျားxအနံ ပေ(၂၅x၂၉)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူများဖြစ်သော ဦးမြင့်ဦး ၁၂/အစန(နိုင်)၂၁၂၆၅၁၊ ဒေါ်မြင့်မြင့်သန်း ၁၂/အစန(နိုင်) ၂၁၂၆၅၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်ဇာနည်ထွေး(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၄၇)
အမှတ်(၆၆၆)၊ မဟာမြိုင်ကျောင်းလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၄၃၁၆၉၇၂၅

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/နတ်သျှင်နောင်ရပ်)၊ ဦးပိုင်အမှတ် (၁၉၂)၊ ဧရိယာ(၀ဒသမ၂၆၀)ကေကို ဦးတြာစိုး(ဘ)ဦးဟာမြင် ၉/တကန(နိုင်)၀၉၉၅၅၇မှ ကျမ်းကျိန်လွှာအမှတ်(၆၂/၂၀၂၀)၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိ ပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/လှိုင်ထိပ်ခေါင်တင်ရပ်)၊ ဦးပိုင်အမှတ်(၂၃၉)၊ ဧရိယာ(၀ဒသမ၂၂၀)ကေရှိ ဦးအုံးမောင်(ဘ)ဦးညီခင် ၉/တကန(နိုင်)၁၀၄၃၄၆အမည်ပေါက် နှစ် (၃၀)ဂရန် မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးအုံးမောင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဌေးမြင့်(ဘ)ဦးထွန်းရှိန် ၉/တကန(နိုင်) ၁၀၄၃၄၆ မှ မှတ်ပုံတင်အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်မူရင်း၊ ဒေါ်ခင်ဌေးမြင့်၏ တရားဝင်ဇနီးဖြစ်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးလှသန်း

စိန့်ဂျွန်းကျောင်းသားဟောင်း

အကောက်ခွန်အရာရှိ(ငြိမ်း)

အထက်တန်းပြဆရာ(ငြိမ်း)

အထက(၅) အလုံ၊ အထက(၂) ဗိုလ်တထောင်

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၀ လမ်း၊ အမှတ် ၈နေ (ဦးဘချို-ဒေါ်စိန်တင်)တို့၏သား၊ (ဦးချို-ဒေါ်စိန်းညွန့်) တို့၏ သားသမက်၊ (ဒေါ်အေးမူ)(ဗန်းမော်)၏ ခင်ပွန်း၊ ဦးတန်ကောက်စွီး-ဒေါ်ခိုင်ယဉ်ယဉ်(ခ)ဒေါ်ဒေါ်လီ(မဲလ်ဘုန်း၊ ဩစတြေးလျ)၊ဒေါ် မော်လီ၊ ဒေါက်တာ ဇော်ဟိန်းကျော်(အင်ဂျင်နီယာချုပ်၊ ကိုင်နက်တစ် ကော်ပိုရေးရှင်း၊ ဘန်ကောက်မြို့)-ဒေါ်ရှယ်လီတို့ ချစ်လှစွာသော ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ ရက်(သောကြာနေ့)ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာ မြင့်မြင့်မေ

လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း)

လူမှုဖူလုံရေး

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကတိုးနွယ်ခြံနေ (ဒေါက်တာဦးစိန်မောင်-ဒေါ်ကင်းမေ)တို့၏သမီး၊ (ဒု-ဗိုလ်မှူးကြီးကျော်စိုး)၏ဇနီး၊ ဦးကျော်သက်-ဒေါ်စီစီလျာ၊ ပါမောက္ခဒေါက်တာအေးထွန်း (ဆေး-၂)-ဒု-ဗိုလ်မှူးကြီးဒေါ်ယုယုခင်(ငြိမ်း)၊ စိုင်းကျော်မင်းဦး-ဒေါ်ဝင်းဝင်းမေ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်ဇောလင်း-ဒေါ်ပေါင်ဇာနီယန်း(ခေတ္တ-စင်ကာပူ)တို့၏ မိခင်၊ မမြတ်နိုးသီရိ၊ မောင်ရဲမွန်သီဟ၊ မပန်းအိဖြူမောင်ကျော်ဇီဝ၊ မောင်ထက်ဝေယံတို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၅ နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာ ဒေါ်မြင့်မြင့်မေ အသက်(၈၅)နှစ်

ဒုတိယဗိုလ်မှူးကြီး ဒေါ်ယုယုခင်(ငြိမ်း)၏မိခင်သည် ၂၆-၄-၂၀၂၀ရက် နံနက် ၉:၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

သားဖွားမီးယပ်ပညာဌာန
တပ်မတော်ဆေးတက္ကသိုလ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးအုန်းမြင့်ထွန်း အသက်(၅၇)နှစ်

1992 အင်းစိန် G.T.Iကျောင်းသားဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ပြည်တော်သာ၊ (၉)လမ်း၊ အမှတ်(၂၈)နေ ဦးအုန်းရွှေ-(ဒေါ်တင်အုန်း)တို့၏ သား၊ ဦးချစ်အုန်း-ဒေါ်ကြင်သိန်း၊ ဦးမြင့်ဦး-ဒေါ်အုန်းမြင့်တို့၏ညီ၊ ဒေါ်ခင်အုန်းမြင့်၏အစ်ကို၊ ဒေါ်ခင်အုန်းကြည်(ခ)မလတ်(အလှကုန်နှင့်စတိုး)၊ ဒေါ်ခင်အုန်းရီ(ခ)ငယ်လေး၏အစ်ကို၊ ဒေါ်သင်းသင်းအေး (ဦးစီးအရာရှိ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာန၊ တိုက်ကြီးမြို့နယ်)၏ ခင်ပွန်း၊ မခင်သူသူ(W.Y.T.U)၏ဖခင်သည် ၂၅-၄-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၀၅နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးအုန်းမြင့်ထွန်း

1992 အင်းစိန် G.T.I ကျောင်းသားဟောင်း

အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာန၊ တိုက်ကြီးမြို့နယ်၊ ဒေါ်သင်းသင်း(ဦးစီးအရာရှိ)၏ခင်ပွန်း ဦးအုန်းမြင့်ထွန်းသည် ၂၅-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
မိသားစု

## ဦးဝင်းလွင်ဦး

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ စေတနာလမ်း၊ အမှတ် (၂၄၄)ခြောက်လွှာနေ (ဦးအလျှံကိုး-ဒေါ်ရွှေ)တို့၏ သား၊ ဦးသန့်ဇင်ဦး-ဒေါ်စန်းစန်းမြင့်တို့၏ ညီ၊ ဦးဝင်းအောင်-ဒေါ်ကြည်ကြည်မာ၊ဦးမျိုးမင်းဦး-ဒေါ်မြပန်းခိုင်၊ ဦးမြင့်စိုး-ဒေါ်ကြည်ကြည်ချို တို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၅-၄-၂၀၂၀ရက် ည ၁၀: ၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၁)၊ ဦးပိုင်အမှတ်(၁၁၂/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၂၆ ဧကရှိ ဒေါ်တိုးတိုးလှအမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် မြေကွက်ဖြစ်ပြီး ၆-၁၂-၂၀၁၉ ရက်တွင် ဒေါ်တိုးတိုးလှထံမှ ဦးမျိုးမြင့်ဆွေက နှစ်ဦး သဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးမျိုးမြင့်ဆွေ ၁/မကန(နိုင်)၁၉၄၀၉၂ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် ၂၀-၁၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၉၇၃/၂၀၁၉)ကို ၇-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၄၂/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၇)ရပ်ကွက်၊ အကွက်အမှတ် (၁၀၅)၊ ကျောက်ငူအနောက်အကွက်၊ ဦးပိုင်အမှတ်(၁၆၈၉)၊ ဧရိယာ(၀ဒသမ၀၃၂)ကေရှိမြေကို ဦးအောင်ဇော်ဌေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ (၂)ရပ်ကွက်၊ ကျောင်းလမ်းနေ ဦးနိုင်ဝင်း ၇/ မလန(နိုင်)၀၀၆၅၃၂နှင့် ဒေါ်ရီရီအောင် ၇/ မလန(နိုင်)၀၀၆၄၅၀ တို့၏ သား မောင်ကျော်သူနိုင် ၇/ မလန(နိုင်)၀၈၂၆၅၇ သည် မိဘများ၏ ဆိုဆုံးမခြင်းကို မလိုက်နာဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဖခင်- ဦးနိုင်ဝင်း
မိခင်- ဒေါ်ရီရီအောင်

**သစ်ပင်
နည်းလာ
တို့ကမ္ဘာ
လွန်စွာ
ပူအေး
ဥတုဘေး**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၂/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၂/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် (၂/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ တပ်မတော်အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မေ ၂၆ ရက်တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်တိုး၊ စုစုပေါင်း ပိုးတွေ့လူနာ ၁၄၆ ဦးရှိလာ

စာ ➤ ၇

COVID – 19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ➤ ၁၅

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဒလမြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီခွဲက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းရှိ ပြည်သူများ အသွားအလာများပြားသော လမ်းမကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်သွားလာမှုများပြားသော ဒလသင်္ဘောဆိပ်ကမ်းနှင့် အဝေးပြေးကားဝင်း၊ ဒလ–တွံတေးကားလမ်းမကြီးတစ်လျှောက် မြို့ပေါ်ရှိ ရပ်ကွက်များ၌ မော်တော်ယာဉ် နှစ်စီး၊ မီးငြိမ်းသတ်ရေယာဉ် တစ်စီး၊ အုပ်ချုပ်ရေးယာဉ် လေးစီးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ရာတွင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ရန်ကုန်မြို့ မော်တော်ကားရောင်းဝယ်ရေးအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)



## ပေါ့ဂ်ဘာကို ခေါ်ယူရန် ကစားသမားနှစ်ဦး အလိုက်ပေး ကမ်းလှမ်းလိုက်သည့် ပီအက်စ်ဂျီ



ပီအက်စ်ဂျီအသင်းသည် ပေါ့ဂ်ဘာကို ခေါ်ယူရန်အတွက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသက် ၃၂ နှစ်အရွယ် အိန်ဂျယ်ဒီမာရီယာကို အလိုက်ပေးကမ်းလှမ်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် နွေရာသီတွင် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားပြီးနောက် အိုးထရက်ဖို့ဒ်၌ ၎င်း၏ အနာဂတ် မသေချာမရေရာ ဖြစ်နေသည်။

အသက် ၂၇ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ယခုရာသီတွင် ပြိုင်ပွဲအရပ်ရပ် ကိုးပွဲသာ ကစားထားပြီး ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသူဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားရယူနိုင်ရေးတွင် ပေါ့ဂ်ဘာအနေဖြင့် ကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

ပေါ့ဂ်ဘာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးပြီး စာချုပ်တွင် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်လည်း ရှိနေသည်။ သတင်းများတွင် ပီအက်စ်ဂျီအသင်းအနေဖြင့် အသင်းမှ ကစားသမားနှစ်ဦးဖြစ်သော အာဂျင်တီးနားကစားသမား ဒီမာရီယာနှင့် ဂျာမန်ကစားသမား ဒရက်ဇ်လာတို့ကိုပါ အလိုက်ပေးကမ်းလှမ်းထားကြောင်း ဖော်ပြထားသည်။ ဒီမာရီယာသည် ၂၀၁၄–၂၀၁၅ ခုနှစ် နည်းပြ ဗန်းဟားလ်လက်ထက်တွင် အိုးထရက်ဖို့ဒ်၌ ကစားခဲ့ဖူးသူဖြစ်ပြီး တစ်နှစ်အကြာတွင် ပီအက်စ်ဂျီအသင်းထံသို့ ရောင်းချခံခဲ့ရသူဖြစ်သည်။

ပေါ့ဂ်ဘာအား ခေါ်ယူရန် အလိုက်ပေးကမ်းလှမ်းမှုတွင် ပါဝင်လာသည့် ဒရက်ဇ်လာသည် ပီအက်စ်ဂျီအသင်း၌ ပုံမှန် ခြေစွမ်းပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။ ပေါ့ဂ်ဘာသည် ယခုနွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသူဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင်မူ ပေါ့ဂ်ဘာကို ဂျူဗင်တပ်စ်နှင့် ဘိုင်ယန် မြူးနစ်အသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း ဖော်ပြထားသည်။ မန်ယူအသင်းက ပေါ့ဂ်ဘာကို စာချုပ်သစ်ချုပ်ဆိုရန် ဖျောင်းဖျနိုင်လိမ့်မည်ဟု ယုံကြည်နေပြီး ပေါ့ဂ်ဘာကိုယ်တိုင်က အိုးထရက်ဖို့ဒ်၌ ၎င်း၏ အနာဂတ်ကို အဆုံးသတ်လိုနေကြောင်း သိရသည်။

**အောင်ဇော်**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၂၇၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

### နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည် ပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ် ရေးတာဝန်များကို ဦးလည်မသုန် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းရွက်ခဲ့သည့်နည်းတူ လက်ရှိ အစိုးရ လက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူက အားကိုးရသော၊ နိုင်ငံတော်က အားထားရ သော တပ်မတော်တစ်ရပ်ဖြစ်ရေးနှင့် အင်အား တောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီ မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ် အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ (၁၃) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီး များ အစည်းအဝေး (13th ASEAN Defence Ministers' Meeting) သို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများအကြား အမြင်ချင်းဖလှယ်နိုင်ရေး၊ အာဆီယံ ဒေသတွင်း လုပ်ငန်းဖော်ဆောင်နိုင် ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည် ချက်ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ယင်း အစည်းအဝေးတွင် မြန်မာနိုင်ငံက အဆိုပြု တင်သွင်းသော အာဆီယံတပ်မတော် ဆေးဘက်ဆိုင်ရာညီလာခံ တည်ထောင်ခြင်း ဆိုင်ရာ သဘောထားအမြင်စာတမ်း (Concept Paper on Establishment of ASEAN Military Medicine Conference) ကို အတည် ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူဘေပြည်နယ် ဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပသည့် (၇) ကြိမ်မြောက် CISM Military World Games (Wuhan 2019) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ဆက်လက်၍ ပေကျင်း မြို့ရှိ ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ တွင် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ (၉) ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (9th Beijing Xiangshan Forum)သို့တက်ရောက် ၍ မျက်မှောက်ကာလ ကမ္ဘာ့လုံခြုံရေးဆိုင်ရာ အခင်းအကျင်းများကို သိရှိနားလည်ပြီး စိန်ခေါ်မှုများအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရေး ရှုမြင်သုံးသပ်မှုများ၊ ဒေသတွင်း တည်ငြိမ် အေးချမ်းရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံပေါင်းစုံပါဝင် သည့် အနာဂတ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေရေး တို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

- **ကာကွယ်ရေးဝန်ကြီးဌာနနှင့်** United Nations Country Task Force on Monitoring and Reporting (UN CTFMR) **တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

*အချပ်ပို (ခ) သို့*

မြန်မာ့အလင်း
တနင်္လာ၊ ဧပြီ ၂၇၊ ၂၀၂၀




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၇) ကြိမ်မြောက် CISM Military World Games (Wuhan 2019) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားသမားများကို အားပေးစကားပြောကြားစဉ်။

*အချပ်ပို (က) မှ*

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat) နှင့် (၆) ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (6th ASEAN Defence Ministers' Meeting–Plus) တို့ကို တက်ရောက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ လုံခြုံရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်နိုင်ရေး၊ ခင်မင်ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေး တည်ထောင်နိုင်ရေးတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat)နှင့် အာဆီယံ–ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ဘုံအကျိုးစီးပွားဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များအပေါ် သဘောထားအမြင် ဖလှယ်ခဲ့ကြသည်။ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် ကူးစက်ရောဂါပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ ပူးတွဲထုတ်ပြန်ချက် (Joint Statement by The ASEAN Defence Ministers on Defence Cooperation Against Disease Outbreaks) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

အထက်ဖော်ပြပါ အစည်းအဝေးများသို့ တက်ရောက်ခြင်းဖြင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားနိုင်ခြင်း၊ အာဆီယံဒေသတွင်း လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ဖော်ပြနိုင်ခဲ့ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းစသည့် အခွင့်အလမ်းများကို ရရှိစေခဲ့သည်။

**“တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသည့် စစ်သည်များကို စုဆောင်းမှုနည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၁၀ ဦးနှင့် အခြားအဆင့် ရှစ်ဦးတို့အား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ယခုအချိန်အထိ အရာရှိ ၂၈ ဦးနှင့် အခြား အဆင့် ၃၇ ဦး စုစုပေါင်း ၆၅ ဦးအား အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်”**

ထို့အပြင် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ ၂၀၁၇–၂၀၁၉ ခုနှစ် သုံးနှစ်တာ သက်တမ်း ပူးတွဲဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံ ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ဆေးတပ်ဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိရာ (၁၁) ကြိမ်မြောက် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ အစည်းအဝေးနှင့် ပူးတွဲဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်းအခမ်းအနား (11th ADMM Plus Experts' Working Group on Military Medicine Meeting and Handover Ceremony of the ADMM–Plus EWG on MM Co–Chairmanship) ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ M–Gallery Hotel တွင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံပေါင်းစုံမှ ဆေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရင်းနှီးခွင့်၊ အတွေ့အကြုံ ဗဟုသုတ ဖလှယ်ခွင့်နှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များရရှိရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံအသီးသီး၌ အသုံးပြုလျက်ရှိသော ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာကိရိယာများ လေ့လာခွင့်ရရှိရေးတို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ထံသို့ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

## အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကိစ္စရပ်များကို United Nations Country Task Force on Monitoring and Reporting နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ

ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force on Monitoring and Reporting (UN CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(CTFMR) တို့ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးမှုများကို ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် သုံးကြိမ် ပြုလုပ်ခဲ့သည်။

*အချပ်ပို (ဂ) သို့*




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း တရုတ်ပြည်သူများအတွက် မြန်မာ့တပ်မတော်မှ ပေးပို့လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းစာလွှာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။



အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်အစည်းအဝေး ကျင်းပစဉ်။

*အချပ်ပို (ခ) မှ*

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများကို အရာရှိ ၆၈၁ ဦးနှင့် အခြားအဆင့် ၃၁၂၁ ဦးအား တိုင်းစစ်ဌာနချုပ်များ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍ တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် လေးဦးအား ၁၂ - ၆ - ၂၀၁၉ ရက်တွင် လည်းကောင်း၊ စစ်သည် ၁၈ ဦးကို ၁၃ - ၁၂ - ၂၀၁၉ ရက်တွင်လည်းကောင်း တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ တစ်ဦးချင်း အစီအစဉ်ဖြင့် လွှဲပြောင်းပေးခဲ့ပြီး နိုင်ငံတော်အစိုးရ၏ လေးနှစ်တာ ကာလအတွင်း တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၂၆၂ ဦးအား မိဘ/အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသူ စစ်သည် စုစုပေါင်း ၁၀၀၆ ဦးအား မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပြီး ဖြစ်သည်။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသည့် စစ်သည်များကို စုဆောင်းမှု နည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၁၀ ဦးနှင့် အခြားအဆင့် ရှစ်ဦးတို့အား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ယခုအချိန်အထိ အရာရှိ ၂၈ ဦးနှင့် အခြားအဆင့် ၃၇ ဦး စုစုပေါင်း ၆၅ ဦးအား အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် UN CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိသကဲ့သို့ CTFMR မှ National Campaign Materials တစ်ရပ် နောက်တစ်ကြိမ် ဆောင်ရွက်နိုင်ရေး အဆိုပြုလာမှုအရ ၉-၅-၂၀၁၇ ရက်မှစ၍ နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခဲ့ပြီး သတင်းစာများတွင် ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သား အသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့ (CTFMR) နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ဆောင်ရွက်ပေးနိုင်ခဲ့မှု**

မြန်မာ့တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ - ၃၄၁ ၌ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာသည့်အခါ ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုနှင့် မြို့နယ် ကိုးမြို့နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေး ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် အိမ်ခြေ ၆၂ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၃၆၃ ဦးအားကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၆ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

*အချပ်ပို (ဃ) သို့*



တပ်မတော်ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပွားသည့် ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးစဉ်။

**"မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် UN CTFMR နှင့် ပူးပေါင်း၍ Plan of Action စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိသကဲ့သို့ CTFMR မှ National Campaign Materials တစ်ရပ် နောက်တစ်ကြိမ် ဆောင်ရွက်နိုင်ရေး အဆိုပြုလာမှုအရ ၉-၅-၂၀၁၇ ရက်မှစ၍ နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့်ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခဲ့ပြီး သတင်းစာများတွင် ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်ပေးခဲ့"**



တပ်မတော်သားများက တံတားချဉ်းကပ်လမ်း ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် သဲအိတ်များချထားခြင်းနှင့် မြေဖို့ခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။



တပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် လေးခုနှင့် မြို့နယ် ကိုးမြို့နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် အိမ်ခြေ ၆၂ လုံး တို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၃၆၃ ဦးအား ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေး နှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၆ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့**

*အချပ်ပို (ဂ) မှ*

လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုနှင့် မြို့နယ် ၂၀ တို့တွင် သာသနိကအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၉၄၇ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ စာသင်ကျောင်း ကိုးကျောင်း၊ ဘုရား/စေတီ နှစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ အိမ်ခြေ ၅၈၈ လုံး၊ အစိုးရရုံး/ဌာန တစ်ခု၊ တံတား တစ်စင်းနှင့် ရေကန် တစ်ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၄ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

ရေကြီးမှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုနှင့် မြို့နယ် ၂၁ မြို့နယ်တို့တွင် တပ်မတော်မှ အိမ်ထောင်စု ၆၆၇၅ စုနှင့် တိရစ္ဆာန်ကောင်ရေ ၁၇၀ တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ တာ/တမံ ၁၇၃၅ ပေ၊ လမ်း ၁၄၈၅ ပေ၊ စာသင်ကျောင်း ၉ ကျောင်း၊ ဘုရား/စေတီ တစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း၊ အိမ်ခြေ ၂၆ လုံးနှင့် တံတား လေးစင်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၅၁၅၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်သည့်အပြင် တပ်မတော်(လေ)မှ လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ လေးခေါက်၊ ကုန်တန်ချိန် ၆ ဒသမ ၄ တန်ကျော် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၈၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

ငလျင်ဘေးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ ခင်ဦးနှင့် ရေဦးမြို့နယ်တို့တွင် တပ်မတော်မှ ဘုရား/စေတီ နှစ်ဆူနှင့် ဘုန်းကြီးကျောင်း သုံးကျောင်းတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတင်ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၂၅-၂-၂၀၂၀ ရက်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၉၅ သိန်းကျော်တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ ပစ္စည်းများဖြစ်သည့် Surgical Masks (2 Ply)၊ Type–N95 (SM Particulate Respirator Masks)နှင့် Safety Goggles တို့ကို တစ်မျိုးလျှင် အရေအတွက် ၉၀၀၀၀ စီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်လွှဲပြောင်းပေးအပ် လှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်အစိုးရ၏ လေးနှစ်တာသက်တမ်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေးနှင့် ကပ်ရောဂါဘေးအတွက် ပြည်ပနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့မှုအပါအဝင် တပ်မတော်မှ အိမ်ထောင်စု ၄၁၁၀၅ စုနှင့် တိရစ္ဆာန် ၇၄၅၄ ကောင်တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဆန်စက် တစ်လုံး၊ တာတမံ ၄၃၄၉၂ ပေ၊ လမ်း ၁၁၈၃၅၂ ပေ၊ စာသင်ကျောင်း ၁၉၇ ကျောင်း၊ ဆေးရုံ ၁၇ ရုံ၊ ဘုရား/စေတီ ၁၀၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၈၁၄ ကျောင်း၊ အိမ်ခြေ ၇၃၇၁ လုံး၊ အစိုးရရုံး/ဌာန ၁၅ လုံး၊ တံတား ၁၁ စင်း၊ တံတားချဉ်းကပ်လမ်း ၇၂၅ ပေနှင့် ရေတွင်း/ရေကန် ၂၁၄၅ ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၂၀၆၆၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်ပိုင် လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၅၄ ခေါက်၊ ကုန်တန်ချိန် ၁၅၉ ဒသမ ၈၁ တန် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၆၇၈ သိန်းကျော်ကို ဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများအတွက် လှူဒါန်းထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို မှတ်တမ်းပြု တင်ဆက်လိုက်ရပါသည်။ ။

**သတင်းအဖွဲ့**



တပ်မတော်သားများက ရေး-ထားဝယ် သွားကားလမ်းတွင် မြေပြိုကျ၍ ပိတ်ဆို့နေသော မြေသားများကို ဖယ်ရှားရှင်းလင်းပေးစဉ်။